# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် (၁၃)ရက် ၊ သောကြာနေ့ ၊ (19-9-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၄၂)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ
## နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

### တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးမှာကြား



**နေပြည်တော် စက်တင်ဘာ ၁၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများကို ထားဝယ်မြို့ မြို့တော်ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဒေါက်တာမျိုးသိမ်းကျော်၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊

စာမျက်နှာ ၁၆ ကော်လံ ၁ ☞

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့်တနင်္သာရီ တိုင်းဒေသကြီးအတွင်းမှ MSME ထုတ်ကုန်ပြခန်းများကို ပြခန်းတစ်ခုချင်းစီအလိုက် လေ့လာကြည့်ရှုစဉ်။




စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ
စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ (တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၆၇၀

ရတနာပုံ
၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၉ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံတော်ကာကွယ်ရေးတွင် နိုင်ငံသားတိုင်းပါဝင်

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသဖြင့် ယင်းတာဝန်ကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည် အသက်ဝင်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ နိုင်ငံသားတိုင်း ပါဝင်ထမ်းဆောင်ကြရန် လိုပေသည်။

ကမ္ဘာ့အင်အားကြီးနိုင်ငံများ အားပြိုင်မှုကြားတွင် မြန်မာနိုင်ငံအနေဖြင့် ပထဝီနိုင်ငံရေးအရ အချက်အချာကျကျတည်ရှိမှုကြောင့် ကာကွယ်ရေးစွမ်းပကားမြင့်မားရန်လိုအပ်မှု၊ ကျင့်သုံးနေသည့် စစ်မဟာဗျူဟာကို ဟန်ချက်ညီညီပေါင်းစပ်ဆောင်ရွက်ရန် လိုအပ်နေမှု၊ ပြည်သူလူထု၏ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ ပိုမိုရှင်သန်မြင့်မားလာစေရေးနှင့် နိုင်ငံသားတိုင်း နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နိုင်စေရေးတို့အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေ အသက်ဝင်လာခြင်းဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းဥပဒေ အသက်ဝင်လာခဲ့ခြင်းသည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ရေရှည်တစိုက်မတ်မတ်လုပ်ရမည့် အထူးကောင်းမွန်သည့်လုပ်ငန်းစဉ်တစ်ခုဖြစ်ပေသည်။ ပြည်သူ့စစ်မှုထမ်းဥပဒေ အကောင်အထည်ပေါ်လာသည်နှင့်အမျှ မြန်မာနိုင်ငံ၏ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေးအသိရှိသည့် နိုင်ငံသားများ ပိုမိုများပြားလာမည်ဖြစ်သောကြောင့် မြန်မာနိုင်ငံ၏ဖြစ်တည်မှု၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှုတို့ကို ရေရှည်အာမခံနိုင်မည်ဖြစ်ပေသည်။

ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁၇) ထိ တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီး၌ ဖွင့်လှစ်ခဲ့ပြီးဖြစ်သကဲ့သို့ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁၄) ထိလည်း သင်တန်းဆင်းနိုင်ခဲ့ပြီး နိုင်ငံ့သားကောင်းစစ်သည်များကို မွေးထုတ်နိုင်ခဲ့ပြီဖြစ်သည်။ သင်တန်းတက်ရောက်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းစစ်သည်များအနေဖြင့်လည်း သင်တန်းတွင် စစ်ပညာသာမက အဖွဲ့အစည်းစိတ်ဓာတ်၊ အဖွဲ့အစည်းဖြင့် စည်းစနစ်ကျနစွာလုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်များ၊ ရဲဘော်ရဲဘက်စိတ်နှင့် နိုင်ငံကောင်းအောင်ဆောင်ရွက်လိုသည့် စိတ်ဓာတ်များရရှိခဲ့ကြပြီး တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးသို့ သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်ပေသည်။

စစ်မှုထမ်းခြင်းမှ ရရှိလာမည့်အတွေ့အကြုံနှင့် အသိပညာများကြောင့် အနာဂတ်လူငယ်များ၏ ဘဝရပ်တည်မှုကို များစွာအထောက်အကူပေးနိုင်မည်ဖြစ်သကဲ့သို့ ကိုယ်ပိုင်လုပ်ငန်းခွင်နယ်ပယ်တွင်လည်း ရင်ဆိုင်ကြုံတွေ့လာရမည့် အခက်အခဲများစွာကို ဖြေရှင်းနိုင်ရန်အတွက် စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်သန်စွမ်းမှုများလည်း ရရှိစေမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူ့စစ်မှုထမ်းဥပဒေအသက်ဝင်လာခြင်းသည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ကောင်းမွန်သောဥပဒေတစ်ရပ်ပင်ဖြစ်သည်။ လူငယ်များသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နိုင်ရန် စစ်ပညာရပ်များ၊ ကာကွယ်ရေးပညာရပ်များ သင်ကြားခြင်းဖြင့် မိမိကိုယ်ကိုယုံကြည်မှု၊ မိမိအဖွဲ့အစည်းအပေါ်ယုံကြည်မှုများ တိုးမြင့်လာမည်ဖြစ်သည်။ ထိုယုံကြည်မှုများဖြင့် နိုင်ငံတော်၏ ကာကွယ်ရေးစွမ်းအားခိုင်မာတောင့်တင်းစေရန်အတွက် ပြည်သူ့စစ်မှုထမ်း ဥပဒေနှင့်အညီ နိုင်ငံသားတိုင်းတစ်ဦးချင်းစီက ကိုယ်စီတာဝန်သိစိတ်များဖြင့် ပြည်သူ့စစ်မှုထမ်းခြင်းကို တက်ကြွစွာ ပါဝင်ထမ်းဆောင်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

**ရွေးကောက်ပွဲကျင်းပရန် ရက် ၁၀၀ သာ လိုတော့သည်။**

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၈-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၅/၂၀၂၅) ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၈-၁၂-၂၀၂၅ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းနှင့် ဆက်လက်ကျင်းပပြုလုပ်မည့် အပိုင်းလိုက်နေ့ရက်များကိုလည်း ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၅-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၅၀/၂၀၂၅) ဖြင့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၅၁/၂၀၂၅)ဖြင့် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၅၂/၂၀၂၅)ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ်ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၅၃/၂၀၂၅) ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်များကိုလည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၅၆/၂၀၂၅)ဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့်မြို့နယ်များကို သတ်မှတ်ကြေညာပြီးဖြစ်သည်။

## ကျောက်မြောင်းမြို့နယ်ခွဲတွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၁၆၀၂ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ကျောက်မြောင်း စက်တင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၁၆၀၂ ကေထိရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၄၀၃၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၆၀၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၈ ဒသမ ၅၁ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျောက်မြောင်းမြို့နယ်ခွဲမှာ ပဲတီစိမ်း ၄၀၃၃ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းခင်းတွေ လက်ရှိ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက ၁၆၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်"ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ယခုနှစ် ကျောက်မြောင်းမြို့နယ်ခွဲတွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

## ပျော်ဘွယ်မြို့နယ် ဇဂျမ်းတောင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ပျော်ဘွယ် စက်တင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဇဂျမ်းတောင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းနှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းကော်မတီဝင်များနှင့်အတူ ဇဂျမ်းတောင်ကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ ရေရှည်တည်တံ့စေရန် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ပျော်ဘွယ်မြို့နယ် ဇဂျမ်းတောင်ကျေးရွာ၌ ရေရရှိရေးအတွက် အရှည်ပေ ၂၄၀၀ ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းကို VDP စီမံကိန်း ရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၅၈ ဒသမ ၅ သိန်း စုစုပေါင်း ငွေကျပ် ၂၀၈ ဒသမ ၅ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင်လဒုတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မင်းလှမြို့နယ် ထောက်ကြန့်ကွင်းကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မင်းလှ စက်တင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထောက်ကြန့်ကွင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်၊ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းနှင့် ဝန်ထမ်းများက ထောက်ကြန့်ကွင်းကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာတွင် တစ်ဖက်လျှင် လမ်းအရှည်ပေ ၉၀၀၊ အကျယ်နှစ်ပေ၊ အမြင့်ခြောက်လက်မစီရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၅ သန်း ဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဩဂုတ်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အေးမြတ်



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ၂၉ လမ်းနှင့် လမ်း ၃၀ ကြား ၈၆ လမ်းနေ ကိုစည်သူဝင်း-မဖြူဖြူဝင်း၊ သား မောင်လှိုင်မင်းခန့် မိသားစုက ဆွမ်းအလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၃၅၂၃၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ပုသိမ် စက်တင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၃၅၂၃၂ ကေထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ကန်ကြီးထောင့်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၄၃၉၇၁ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ စပါး ၁၃၅၂၃၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"တစ်မြို့နယ်လုံးအနေနဲ့ စပါးဧက ၁၄၃၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနက စပါးတွေကို အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့၊ စိုက်နည်းစနစ်မှန်ကန်စေဖို့ မြေဆီလွှာပြုပြင်တဲ့လုပ်ငန်းတွေကို ကွင်းဆင်းသရုပ်ပြတာ၊ ရွှေခရုကာကွယ်နှိမ်နင်းတဲ့လုပ်ငန်းတွေ ဆောင်ရွက်ပေးတာ၊ ဓာတ်မြေသြဇာ အသုံးပြုနည်းစနစ်တွေ မှန်ကန်စေဖို့ဆောင်ရွက်ပေးတာ စတဲ့ နည်းပညာပေး လုပ်ငန်းတွေကို ကြိုတင်စီမံ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီနှစ် စပါးစိုက်ပျိုးရာမှာ အရည်အသွေးနဲ့ ဈေးကွက်ဝင် စပါးအမျိုးအစားတွေကို အဓိက စိုက်ပျိုးပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးများ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန စသည့်နီးနွှယ်ဌာနများ ပူးပေါင်းဆောင်ရွက်ပေးနေကြောင်း သိရသည်။

စပါးများကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုလျှင် နိုင်ငံ့အတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပြည်ပပို့ကုန်စည်အဖြစ် တင်ပို့လာနိုင်မည်ဖြစ်သည့်အပြင် ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပြီး ကုန်ဈေးနှုန်းတည်ငြိမ်ကာ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သည့်အတွက် စပါးများအထွက်နှုန်းတိုးတက် ကောင်းမွန်စေရေး ကြိုးပမ်း စိုက်ပျိုးရမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

# ရမည်းသင်းမြို့နယ် ကတင်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ရမည်းသင်း စက်တင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကတင်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရမည်းသင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်နှင့် ခရိုင်၊ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကတင်ကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရမည်းသင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အရည်အသွေး ပြည့်မီစေရေး အလေးထား ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ရမည်းသင်းမြို့နယ် ကတင်ကျေးရွာ၌ လမ်းအရှည် ၅ ဒသမ ၃၄၉ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့်တစ်ပေကိုးလက်မရှိ မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းနှင့် ရေပြွန်တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၈၁ ဒသမ ၆၇ သန်းဖြင့် လင်းလက်ပြည့်စုံအောင် ကုမ္ပဏီက ယခုနှစ် ဇွန်လပထမပတ်က စတင်တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဇင်မာ

# ကလေးဝမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း စုစုပေါင်း ၁၇၀၅ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

**ကလေးဝ စက်တင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း စုစုပေါင်း ၁၇၀၅ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးဝမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၂၂၈ ဧက၊ ဖူးစားပြောင်း ၂၄၅၅ ဧက စုစုပေါင်း ၂၆၈၃ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပြောင်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၁၈၅ ဧက၊ ဖူးစားပြောင်း ဧက ၁၅၂၀ စုစုပေါင်း ၁၇၀၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကလေးဝမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ၂၆၈၃ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပြောင်းခင်းတွေ အခုလက်ရှိရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက ၁၇၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးဆောင်ရွက်ပေးခဲ့တယ်"ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။

ကလေးဝမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်ပျိုးရာတွင် တစ်ဧကစိုက်ပျိုးပါက ငွေကျပ်ငါးသိန်းကုန်ကျစရိတ်ရှိကြောင်း၊ အစေ့ထုတ်ပြောင်းတစ်ဧကလျှင် တင်း ၅၀ ကျော် ထွက်ရှိပြီး ဖူးစားပြောင်းတစ်ဧကလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ထွက်ရှိကြောင်း သိရသည်။

ပြောင်းသီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပြောင်းသီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြ၍ သိရသည်။ (၂၀၆)



# ရေအဆုံး ကုန်းတစ်ဝက် လောဘမဖက်ကြပါနဲ့

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

အနိဋ္ဌာရုံသတင်းများစွာထဲတွင် ဣဋ္ဌာရုံသတင်း အနည်းငယ်ကို တွေ့မြင်ဖတ်ရှုရသောအခါ ကျွန်တော့်ရင်ထဲတွင် ကြည်နူးဝမ်းသာပြီး မုဒိတာပွားနေရသည်။

ကောက်ရကြသောပစ္စည်းများကို **"ရေအဆုံး ကုန်းတစ်ဝက်"**ဟုဆိုကာ မောင်ပိုင်စီးပြီး လောဘမီးတောက်လောင်နေကြသူများကြားတွင် စာနာထောက်ထား အကြင်နာတရားဖြင့် ပိုင်ရှင်များထံသို့ ပြန်လည်အပ်နှံနေကြသူများ၏ သတင်းကို မြင်တွေ့လာရသောအခါ အိုအေစစ်သဲကန္တာရထဲတွင် စမ်းချောင်းကလေးကို မမျှော်လင့်မထင်မှတ်ဘဲ ရုတ်တရက် မြင်တွေ့လိုက်ရသည့်အလား ခံစားလိုက်ရသည်။

မေ့ကျန်ပစ္စည်းများနှင့်ငွေများကို ပြန်လည်ပေးအပ်နေကြသူများသည် လူမျိုးဘာသာမခွဲခြားကြဘဲ ပြန်လည် ပေးအပ်နေကြရာတွင် ကိုယ့်မြန်မာလူမျိုးများကိုသာမက ပြည်ပမှ လူမျိုးခြားခရီးသွားများကိုပါ စာနာစိတ်ထားကာ ပြန်လည်ပေးအပ်နေကြသည်။ မြန်မာလူမျိုးများ၏ ရိုးသားမှုဂုဏ်ကို မြှင့်တင်ပေးရာရောက်သည်။

သည်ကြားထဲ လွန်ခဲ့သောခြောက်နှစ်ကျော်က မန္တလေးမြို့တွင် အင်္ဂလန်နိုင်ငံသူတစ်ဦးက အိန္ဒိယနိုင်ငံသို့သွားလိုသောကြောင့် ခရီးစရိတ် အကူအညီလှည့်လည် တောင်းခဲ့ရာ မန္တလေးမြို့သူမြို့သားတို့က ဝိုင်းဝန်းကူညီခဲ့ကြရသည်။ မြန်မာ့စိတ်ရင်းကို ထင်လင်းမြင်သာစေခဲ့သည်။ နိုင်ငံခြားသားတချို့ကို လုယက်မှု၊ ခါးပိုက်နှိုက်မှု၊ ခိုးမှု၊ အဓမ္မကျင့်သတ်ဖြတ်မှုသတင်းများနှင့် ပြဒါးတစ်လမ်း၊ သံတစ်လမ်း၊ အဖြူနှင့်အမည်းလို ကွာခြားလွန်းလှသည်။ နိုင်ငံနှင့်လူမျိုးအတွက် ဂုဏ်တက်စရာကောင်းလှသည်။

ကျွန်တော်တို့ မြန်မာလူမျိုးများသည် ရှေးအစဉ်အလာကတည်းက စာနာမှု၊ ညှာတာမှု၊ ရိုင်းပင်းကူညီစောင့်ရှောက်မှု၊ စရဏတရားပြည့်ဝမှုများကြောင့်၊ ယဉ်ကျေးသိမ်မွေ့သောလူမျိုးအဖြစ် ကမ္ဘာ့အလယ်မှာ ဝင့်ထည်စွာ ရပ်တည်နေခဲ့သည်။ မိရိုးဖလာဗုဒ္ဓဘာသာဝင်များပီပီ ကံငါးပါးကို လုံခြုံအောင်ထိန်းသိမ်းခဲ့ကြသူများ ဖြစ်ကြသည်။ သူတစ်ပါးပစ္စည်း၊ ခိုးဝှက်လုယက်ကြရမှာကို အလွန်ပင် ရက်ရွံ့ကြောက်လန့်နေကြသော လူမျိုးဖြစ်သောကြောင့် ကောက်ရကြသော ပစ္စည်းများနှင့် ငွေများကို ပြန်လည်ပေးအပ်နေကြသည်မှာ မြန်မာလူမျိုးများ၏ ဝါရိတ္တ သီလနှင့် စာရိတ္တသီလကို ထင်ရှားစွာသက်သေပြရာလည်း ရောက်ပါသည်။

ထိုအကျင့်သီလ၊ စာဂနှင့် မင်္ဂလာတရားကို ပြည်တွင်းမှာသာမက ပြည်ပမှာပါ အရိုးစွဲကျင့်သုံးနေကြသည်။ ထိုသို့ အရိုးစွဲကျင့်သုံးခဲ့ကြသည့် ဖြစ်ရပ်မှန်သာဓကပေါင်း မြောက်မြားစွာရှိသည့်အနက် ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၄ ရက်က ထိုင်းနိုင်ငံ ချင်းမိုင်မြို့ မြောင်ခရိုင်တွင်ရှိသော "ပတ်ဒွိုင်နမ်" စားသောက်ဆိုင်မှ မြန်မာစားပွဲထိုးလေး **"ဆိုင်ရင်(ခ)လနာမူ"**၏ ရိုးသားမှုဂုဏ်ကို ဖော်ထုတ်မြှင့်တင်ပေးချင်သည်။

ထိုနေ့က ထိုစားသောက်ဆိုင်သို့ လာရောက်စားသောက်ခဲ့ကြသော ထိုင်းလူမျိုးသက်ကြီးရွယ်အိုဇနီးမောင်နှံ မေ့ကျန်ခဲ့သော အညိုရောင်အိတ်ကို "ဆိုင်ရင်"က ပြန်လည်ပေးအပ်ရန် အပြေးအလွှားလိုက်သွားခဲ့သော်လည်း နောက်ကျသွားခဲ့သည်။ ဆိုင်ရင်က အိတ်ကိုဖွင့်မကြည့်ဘဲ အိတ်ထဲမှာ တန်ဖိုးကြီးပစ္စည်းများနှင့် ငွေများရှိနေမှာ သေချာကြောင်း ခန့်မှန်းပြီး စားသောက်ဆိုင်ပိုင်ရှင် "ဒါဆာရာပန်ပတ်ချ်ဆရီ"ထံ အပ်နှံထားခဲ့သည်။ ခဏမျှအကြာမှာ ပိုင်ရှင်ဇနီးမောင်နှံ ဆိုင်သို့ပြန်လည်ရောက်ရှိလာခဲ့ကြသည်။ ဆိုင်ရှင်က အကျိုးအကြောင်းရှင်းလင်း ပြောကြားပြီး အိတ်ကိုပြန်လည်ပေးအပ်ခဲ့ရာ ပိုင်ရှင်က အိတ်ကိုဖွင့်၍ စစ်ဆေးခဲ့သည်။

ထိုင်းဘတ်ငွေတစ်သန်းကို လက်ရာမပျက် ပြန်တွေ့ရသောကြောင့် မြန်မာစားပွဲထိုးလေး "ဆိုင်ရင်"ကို ဘတ်ငွေတစ်ထောင်ပေးပြီး သူတို့နာမည်များကိုပင်မပြောဘဲ ဆိုင်ထဲမှ ချက်ချင်းထွက်ခွာသွားခဲ့ကြသည်။ ထိုအချိန်က ဘတ်ငွေတစ်သန်းသည် မြန်မာငွေကျပ်သိန်း ၃၀၀ ခန့်ရှိရာ ဘတ်ငွေတစ်ထောင် မြန်မာငွေကျပ် သုံးသောင်းသာ ကျေးဇူးတုံ့ပြန်ခြင်းမှာ လွန်စွာနည်းပါးလွန်းလှသည်ဖြစ်ရာ ဝေဖန်သံများ ပလူပျံသွားခဲ့ကြသည်။ သို့သော် မြန်မာလူမျိုး၏ ရိုးသားမှုဂုဏ်သတင်းကတော့ မွှေးပျံ့သွားခဲ့သည်။ ထိုသတင်းကို ၂၅-၉-၂၀၁၄ ရက်ထုတ် **"ဘန်ကောက်ပို့စ်သတင်းစာ"**မှာ ဖော်ပြခဲ့သလို ၂၆-၉-၂၀၁၄ ရက်နေ့ထုတ် **"မဇ္ဈိမသတင်းစာ"** မှာလည်း ဘာသာပြန်ပြီး ဖော်ပြပေးခဲ့သည်။

၂၀၁၄ ခုနှစ် ဇူလိုင်လခန့်ကလည်း ပြည်မြို့မှာ ဝန်ထမ်းများ၏ လစာ(လခ)ငွေများထုတ်ခဲ့သော ဝန်ထမ်းတစ်ဦးသည် ဆိုက်ကားပေါ်မှာ ငွေကျပ်ရှစ်သိန်း မေ့ကျန်ခဲ့ရာ စာနာစိတ်ရှိသော ဆိုက်ကားသမားကြီးက ထိုဝန်ထမ်းကိုရှာဖွေပြီး ပြန်လည်ပေးအပ်ခဲ့သည်။ ဝန်ထမ်းကလည်း ကျေးဇူးတင်လွန်းသောကြောင့် သူ့လခကျပ်တစ်သိန်းကို ကျေးဇူးတုံ့ပြန်သောအားဖြင့် ဆိုက်ကားသမားကြီးကို ပေးအပ်ခဲ့ရာ ဆိုက်ကားသမားကြီးက လက်မခံခဲ့ပေ။ ထိုသတင်းက ပြန့်သွားလေသောအခါ ကြားရသူတိုင်းက ဆိုက်ကားသမားကြီးကို ဝိုင်းဝန်းဂုဏ်ပြုခဲ့ကြသည်။ ငွေမေ့ကျန်ခဲ့သော ဝန်ထမ်းကလည်း ထိုငွေများသာ ပြန်မရပါက သူ့ကို သူ့ဌာနက ယုန်ထင်ကြောင်ထင် သံသယဝင်ပြီး သူ့သိက္ခာနှင့် သူ့မိသားစုဘဝကို အရိပ်မည်းကြီး ဖုံးအုပ်သွားနိုင်ကြောင်း ဆိုက်ကားသမားကြီးကို အနူးအညွတ်တောင်းပန်ပြီး ဂုဏ်ပြုငွေကို ထပ်ဆင့်ချီးမြှင့်တော့မှ ဆိုက်ကားသမားကြီးက မလွှဲရှောင်သာဘဲ လက်ခံခဲ့သည်။

အလားတူဖြစ်ရပ်မျိုး ၁၃-၂-၂၀၀၇ ရက်ကလည်း ဖြစ်ပွားခဲ့ပါသေးသည်။ တက္ကစီမောင်း ဦးသိန်းမြင့်၏ ဗင်ကား ဘ/၆၂၆၈ ပေါ်တွင် ငွေကျပ်သိန်း ၂၀ ပါသော ပလတ်စတစ်အိတ်အမည်းကြီးကျန်ခဲ့ရာ ခရီးသည်များ ဆင်းသွားသော ပန်းဆိုးတန်းလမ်းရှိ Pass-port ရုံးသို့ သွားရောက်ရှာဖွေခဲ့သော်လည်း လုံးဝရှာမတွေ့သောကြောင့် သူ့ကားအုံနာထံသို့ သွားရောက်အပ်နှံထားခဲ့သည်။ ၁၅-၂-၂၀၀၇ ရက်တွင် ပိုင်ရှင်ပေါ်လာသောကြောင့် ငွေအိတ်ကို ပြန်လည်အပ်နှံခဲ့ရာ ငွေအိတ်ပိုင်ရှင်က ဦးသိန်းမြင့်ကို ကျေးဇူးတင်လွန်းလို့ ဟုဆိုကာ ငွေကျပ်တစ်သိန်း ပြန်လည်ချီးမြှင့်ခဲ့သည်။

မြန်မာလူမျိုးများ၏ ကျေးဇူးသိတတ်မှုနှင့်မေတ္တာရောင်ပြန်ဟပ်မှုက ထိုင်းလူမျိုးအဘိုးအဘွားကြီးဇနီးမောင်နှံ၏ ကျေးဇူးသိတတ်မှုနှင့် မေတ္တာရောင်ပြန်ဟပ်မှုထက် လွန်စွာသာလွန်လှသည်။

လူအမျိုးမျိုး စိတ်အထွေထွေဆိုသလို အချို့ဆိုပါမူ "ရေအဆုံး ကုန်းတစ်ဝက်"ဆိုကာ ကောက်ရပစ္စည်းမောင်ပိုင်စီးကြလေ့ရှိသည်။ ခိုးဝှက်လုယက်တာမဟုတ်ဘူး။ ကိုယ်နဲ့ထိုက်လို့ကိုယ်ရတာ။ ဘယ်သူ့မှ ဂရုစိုက်စရာ မလိုဘူး။ အချောင်ရတာပဲဟုဆိုကာ လောဘမီးတောက်လောင်နေကြလေ့ရှိသည်။ ဥပဒေဗဟုသုတ၊ မှုခင်းဗဟုသုတ မရှိကြသောကြောင့်လည်း အချောင်ရလိုစိတ်ကို မွေးနေကြခြင်းဖြစ်သည်။

**❖ လူ့သဘောသဘာဝအရ ဘာကိုပဲ ကောက်ရကြသည်ဖြစ်စေ၊ ရိုးရိုးသားသားသဘောဖြင့် ကောက်ယူကြလေ့ရှိသည်။ တက္ကစီသမားများကလည်း ခရီးသည်မေ့ကျန်ခဲ့သော ရွှေငွေပစ္စည်းများကို သဘောရိုးဖြင့်သာ ယူထားကြလေ့ရှိသည်။ "အစကတော့ရိုးရိုး နောက်တော့တစ်မျိုးတိုးလို့"ဟူသော သီချင်းစာသားကဲ့သို့ပင် လောဘစိတ်ဝင်လာကြလေ့ရှိသည်။ မေ့ကျန်၊ ကောက်ရပစ္စည်း၏တန်ဖိုး၊ အရေအတွက် ပမာဏကိုကြည့်ပြီး လောဘမီးတောက်လောင်လာကြခြင်းဖြစ်သည်။ "ရေအဆုံးကုန်းတစ်ဝက်"ဟူသည့် လောဘဖက်လာကြသည်။ ❖**

ကောက်ရပစ္စည်းမောင်ပိုင်စီးလိုကြသူများ အတွက် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၃တွင် **"မည်သူမဆို၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းကို၊ မရိုးမဖြောင့်သောသဘောဖြင့် အလွဲသုံးစားပြုလျှင် သို့တည်းမဟုတ် မိမိ၏ပစ္စည်းအဖြစ် ပြောင်းလဲခြင်းပြုလျှင် ထိုသူကို နှစ်နှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်"**ဟု ပြဋ္ဌာန်းသတိပေးထားပါသည်။ (မူလပြဋ္ဌာန်းချက်)

ထိုပုဒ်မ ၄၀၃ ၏ ရှင်းလင်းချက်ထဲတွင် "ပစ္စည်းပိုင်ရှင်ကိုသိလျက်နှင့်ဖြစ်စေ၊ ပစ္စည်းပိုင်ရှင်ကို ရှာဖွေတွေ့ရှိနိုင်သောနည်းလမ်းရှိလျက်နှင့်ဖြစ်စေ၊ ပစ္စည်းပိုင်ရှင်ကို တွေ့အောင်ရှာဖွေအကြောင်းကြားရန် အကြောင်းလုံလောက်သော နည်းလမ်းကိုသုံး၍ ပစ္စည်းကို ပိုင်ရှင်က တောင်းဆိုသာအောင် သင့်တော်သောအချိန်ကာလထိ သိမ်းဆည်းထားခြင်း မပြုသေးမီဖြစ်စေ မိမိအသုံးပြုမှုအတွက် သုံးစွဲလျှင် ထိုသူသည် ပုဒ်မ ၄၀၃ ကို ကျူးလွန်သည်မည်၏" ဟု ဖော်ပြထားသည်။

ကောက်ရပစ္စည်းကို မောင်ပိုင်စီးမိခဲ့သောကြောင့် ပုဒ်မ ၄၀၃ အရ ပြစ်ဒဏ်ကျခံခဲ့ကြရသည့် သားအမိ စီရင်ထုံးရှိခဲ့သည်။ သူငယ်ချင်း၏ရွှေဆွဲကြိုးကို ကောက်ရသော်လည်း ပြန်မပေးဘဲ သိမ်းဆည်းထားခဲ့သည်။ မေ့လောက်ပြီထင်မှ ထိုဆွဲကြိုးကို လည်ပင်းမှာဆွဲ၊ ရှိုးထုတ်ဟန်ရေးပြခဲ့ရာ ပိုင်ရှင်သူငယ်ချင်းက သူကျပျောက်ခဲ့သော သူ့ရွှေဆွဲကြိုးမှန်းသိ၍ ပြန်ပေးရန် တောင်းခံခဲ့သည်။ ကောက်ရသူကလည်း ကောက်ရသည့်ပစ္စည်းမို့ ပြန်မပေးနိုင်ဘူးဆိုပြီး အငြင်းအခုံဖြစ်ခဲ့ကြသည်။ ကောက်ရသူ၏ မိခင်ကလည်း ရေအဆုံးကုန်းတစ်ဝက်မို့ သူ့သားပိုင်ဆိုင်သည်ဟု သားဘက်က အကြောက်အကန်ငြင်းဆန်ခဲ့သည်။

ထို့ကြောင့် မြို့နယ်တရားရုံး၊ ခရိုင်တရားရုံး၊ တိုင်းတရားရုံးအဆင့်ဆင့်မှ တရားရုံးချုပ်ထိ အပြန်အလှန် တရားစွဲဆိုခဲ့ကြသည်။ ပိုင်ရှင်က သူ့ဆွဲကြိုးကို မည်သည့်ရွှေပန်းထိမ်မှာလုပ်သည်။ ဝယ်သည်။ ပဲရည်မည်မျှရှိသည်။ ကွင်းဆက်မည်မျှရှိသည် စသည်ဖြင့် ခိုင်မာသော သက်သေအထောက်အထားများ တင်ပြနိုင်သောကြောင့် တရားရုံးချုပ်က ပိုင်ရှင်ကို အနိုင်ပေးခဲ့သည်။ ကောက်ရသူနှင့်ကြံရာပါ မိခင်ကို ပြစ်ဒဏ်ချမှတ်ခဲ့သည်။

ထိုနည်းတူ သာဓကပေါင်းများစွာရှိခဲ့သည်။ မေ့ကျန်၊ ကျပျောက်ပစ္စည်း တန်ဖိုးနည်းပါက အလေးမထားကြသော်လည်း တန်ဖိုးများပါက ပိုင်ရှင်များသည် နီးစပ်ရာရဲစခန်းများတွင် အမှုဖွင့်ထားကြလေ့ရှိသည်။ တကယ်တော့ ကောက်ရသောပစ္စည်း အလွဲသုံးစားလုပ်ပစ်သော ပစ္စည်းအနည်းအများနှင့်မဆိုင်ဘဲ ပိုင်ရှင်က မကျေနပ်ပါက အရေးယူခံကြရလေ့ရှိသည်။

ပမာတင်ပြရလျှင် မောင်ဘသည် လမ်းပေါ်မှ ကောက်ရသောငွေကျပ်ငါးထောင်ကို သုံးစွဲခဲ့သော်လည်း ပုဒ်မ ၄၀၃ နှင့်မငြိပေ။ သို့သော် ဘဏ်စုငွေလက်မှတ်ပါသော စာတစ်စောင်ကို ကောက်ရပါက စာစောင်မှာပါသည့် စာသားများအရ ပိုင်ရှင်ကိုသိပါလျက်နှင့် သုံးစွဲခဲ့မိလျှင် ပုဒ်မ ၄၀၃ နှင့် ငြိနိုင်သည်။ မောင်ဖြူ၏ပိုက်ဆံအိတ် အောက်သို့ပြုတ်ကျနေသည်ကို မောင်မဲက သိသိကြီးနှင့်ကောက်ယူထားခဲ့သည်။ ပထမတော့ မောင်ဖြူ၏ တအံ့တဩကျေးဇူးတင်ခံချင်သောကြောင့် ပြန်ပေးရန်ကြံရွယ်ထားသော်လည်း လက်ထဲရောက်လာသော ပိုက်ဆံအိတ်က လောဘစိတ်အဖြစ်ပြောင်းလဲလိုက်လေရာ ငွေအားလုံးကို လွယ်လွယ်ပဲ သုံးစွဲပစ်လိုက်ပါတော့သည်။ မောင်ဖြူသိသွားသောအခါ မောင်မဲ - ပုဒ်မ ၄၀၃ အရ အရေးယူအပြစ်ပေးခြင်းခံရပါတော့သည်။

လူ့သဘောသဘာဝအရ ဘာကိုပဲ ကောက်ရကြသည်ဖြစ်စေ၊ ရိုးရိုးသားသားသဘောဖြင့် ကောက်ယူကြလေ့ရှိသည်။ တက္ကစီသမားများကလည်း ခရီးသည်မေ့ကျန်ခဲ့သော ရွှေငွေပစ္စည်းများကို သဘောရိုးဖြင့်သာ ယူထားကြလေ့ရှိသည်။ "အစကတော့ရိုးရိုး နောက်တော့တစ်မျိုးတိုးလို့"ဟူသော သီချင်းစာသားကဲ့သို့ပင် လောဘစိတ် ဝင်လာကြလေ့ရှိသည်။ မေ့ကျန်၊ ကောက်ရပစ္စည်း၏တန်ဖိုး၊ အရေအတွက် ပမာဏကိုကြည့်ပြီး လောဘမီးတောက်လောင်လာကြခြင်းဖြစ်သည်။ "ရေအဆုံးကုန်းတစ်ဝက်"ဟူသည့် လောဘဖက်လာကြသည်။

လောဘအမျှင်ကိုဆွဲဆန့်လျှင် ကမ္ဘာ့အရှည်ဆုံးဖြစ်ကြောင်း၊ လောဘကြောင့် ဒေါသဖြစ်၊ တရားရုံးရောက်ကြရ။ ဒေါသသည် မဟာသမုဒ္ဒရာထက်ငန်ကြောင်း၊ လောဘ ဒေါသကြောင့် မောဟဖြစ်လာပါက အကန်းနှင့်တူကြောင်း၊ ထိုအကြောင်းတရားများပေါင်းဆုံ၍ ဖြစ်ပေါ်လာသော ကိလေသာသည် ငရဲမီးထက် ပူလွန်းလှကြောင်း၊ မသိမသာနှင့် လောကီငရဲခံစားနေကြရသည်ကို မသိကြကြောင်း၊ ဓမ္မကထိကဆရာတော်များက တရားပြနေကြရာ အလွန်ပင်ကြောက်လန့်ဖွယ် ကောင်းလှသည်။

အဓိကအကြောင်းရင်းမှာ **"စာနာစိတ်ကင်းမဲ့ကြခြင်း"** ပင်ဖြစ်သည်။ "ငါ့ပိုက်ဆံအိတ်၊ ငါ့ဖုန်း၊ ငါ့ပစ္စည်း ပျောက်ဆုံးသွားရင် ငါဘယ်လိုခံစားရသလဲ" "သူ့သားလေးကို ပြည်ပမှာအလုပ်ရဖို့ အိမ်နဲ့ခြံကို ပေါင်နှံပြီး ကိုယ်စားလှယ်ထံငွေပေးဖို့အလာ ကားပေါ်မှာငွေအိတ်မေ့ကျန်ခဲ့လို့ တို့မိသားစုဘဝပျက်ပါပြီဆိုပြီး ငိုညည်းခဲ့ရသူ ဖခင်အိုကြီးရဲ့ဖြစ်ရပ်" စသည်... စသည်ဖြင့်

စာမျက်နှာ ၅ သို့ ➫

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ကြွက်သားတွေကလည်း ပိုမို အဆီပိုတွေ မရှိတော့ဘူးဆိုရင် ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ဝက်လက်မြို့နယ်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၅၂၃၀ စိုက်ပျိုးမည်



ယခင်နှစ်က ခရမ်းချဉ်စိုက်ခင်းကို တွေ့ရစဉ်။

**ဝက်လက် စက်တင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၅၂၃၀ စိုက်ပျိုး သွားမည်ဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဝက်လက်မြို့နယ်တွင် ဟင်းသီးဟင်းရွက် ဧက ၅၂၃၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုး သွားမည်ဖြစ်ကြောင်း သိရသည်။

"လာမဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၅၂၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်းချဉ်၊ ခရမ်း စတဲ့သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးပါမယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေ ပေးသွားပါမယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ယခုနှစ် ဝက်လက်မြို့နယ်တွင် ဟင်းသီးဟင်းရွက် စိုက်ပျိုး တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက် တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဝက်လက်မြို့နယ်တွင် နှစ်စဉ်ရာသီအလိုက် ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးကြသော ဟင်းသီးဟင်းရွက်သီးနှံများ အောင်မြင်ဖြစ်ထွန်းပြီး မိသားစုဝင်ငွေရရှိကြောင်း၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးမည့် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲရေး အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။ (၂၀၆)

á **စာမျက်နှာ ၄ မှအဆက်**

ရင်နင့်ကြေကွဲဖွယ်ရာများကို စာနာကြစေချင်သည်။

နောက်အကြောင်းရင်းတစ်ရပ်က **"မှုခင်းဗဟုသုတ"** မရှိကြသောကြောင့်ပင် ဖြစ်သည်။ မှုခင်းဗဟုသုတရှိကြပါက တန်ဖိုးများသောပစ္စည်းများကို နီးစပ်ရာဌာန၊ ရဲစခန်းများနှင့် ရပ်ကွက်ရုံးများတွင် အသိပေးအပ်နှံကြလေ့ရှိသည်။ ထို့ကြောင့်လည်း ရိုးသားမှုဂုဏ်ကို ချီးမြှင့်ခံနေကြရသည်။

ရိုးသားမှု၊ စာနာမှုကို အချို့က လူအ,လူနတွေ၏ အလုပ်ဟု အပုပ်ချကြလေ့ရှိသည်။ ကာတွန်းဆရာ တစ်ဦးက "ငါကောက်ရတဲ့ရွှေဆွဲကြိုးကို ပြန်မပေးဘူး။ ငါ အ,တာ၊ န,တာ၊ လူတွေသိသွားမှာစိုးလို့ကွ"ဟု ကလိထားပြီး လက်ထိတ်အရိပ်ကို ပြထားပါသည်။ ကာတွန်းဆရာတစ်ဦးက "ကောက်ရထားသော လက်ဆွဲအိတ်ကို သူ့အိတ်ပါလို့ ပြောဆိုသူ၏ရှေ့တွင် ဖွင့်ကြည့်လိုက်သောအခါ အိတ်ထဲတွင် မူးယစ်ဆေးများတွေ့သဖြင့် ရဲကဖမ်းဆီးသွားပုံကို **"အရချောင်လို့၊ အချောင်ခံရပြီ"** ဟု သရော်ထားသည်။ ထိမိလှသော ပြက်ရယ်မှုများပင်ဖြစ်ကြသည်။

အ,နခြင်းနှင့် ရိုးသားဖြောင့်မတ်ခြင်းသည် ကွဲပြားခြားနားလှသည်။ စာနာစိတ်ရှိကြပါက ပို၍သိသာစေသည်။ ကောက်ရပစ္စည်းကို အတ္တဖိစီး၊ လောဘမီးနှင့် မောင်ပိုင်စီးရန် ကြံရွယ်ကြသူမှန်သမျှ ဒေါသမောဟများကြောင့် ကိလေသာမီး၊ တညီးညီးလောင်မြိုက်ခြင်းခံကြရကာ လောကီငရဲတွင်းသို့ သက်ဆင်းကြရပေလိမ့်မည်။

ထို့ကြောင့် သူသူငါငါ လူများစွာတို့အနေဖြင့် စာနာစိတ်၊ အကြင်နာစိတ်၊ မေတ္တာစိတ်ထားကြစေချင်သည်။ လူသားအချင်းချင်း ရိုင်းပင်းကူညီကြခြင်းဖြင့် ကုသိုလ်ကောင်းမှုပြုကြစေချင်ပါသည်။ အပူသည်ဒုက္ခသည်များ၏ နှလုံးစိတ်ဝမ်း အေးချမ်းကြည်လင်အောင် စွမ်းဆောင်ကူညီပေးကြစေချင်သည်။

**"ကောက်ရပစ္စည်း မောင်ပိုင်စီး လောင်မီးလောဘ ငြိမ်းသတ်နိုင်ကြပါစေ"**

## တန်ဖိုးရှိသည့်လူ

\- အေးအတူ ပူအမျှ
တူတကွ တို့ရင်ဆိုင်၊
ရိုးသားကာ နိုးကြား၍
ကြိုးစားကြွံခိုင်၊
သွေးစည်းမှု အမြဲပိုင်
အသည်းစိုင် ဖြူစင်လျက်၊
အောင်မြင်ရာ ပန်းတိုင်သို့
လှမ်းနိုင်ဖို့တွက်။

\- ဖွဲ့ လုံ့လ ဝီရိယထက်
သွက်လက်သည့် ဉာဏ်စွမ်းတည်၊
တတ်ပညာ ဗဟုသုတ
ပြည့်ဝစေရည်၊
ကုသိုလ်စိတ် ထုံမွမ်းမည်
ပြုံးပန်းချည် မာနမထား၊
စေတနာ မေတ္တာဓာတ်နှင့်
မြင့်မြတ်စေသား။

\- လှပသည့် နှလုံးသား
မုန်းမပွား ချစ်ကြည်ဖြူ၊
မြေကမ္ဘာ အလှလွှမ်း၍
ငြိမ်းချမ်းစေသူ၊
ကျင့်သီလ ညီမျှမူ
ပီသလူ ဆင့်တန်းမြင့်၊
စွမ်းနိုင်ရာ အများအကျိုး
သယ်ပိုးဂုဏ်တင့်။ ။

အဝေရာကိုကို

# သနပ်ပင်မြို့နယ် ကျိုက်မဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သနပ်ပင် စက်တင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျိုက်မဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကျိုက်မဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးမွေးမြူရေးလုပ်ငန်းများနှင့် အခြားစီးပွားရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ချေးငွေစာချုပ်ပါအတိုင်း အမှန်တကယ် လုပ်ငန်းဆောင်ရွက်မှု ရှိ၊ မရှိ၊ စာရင်းဇယားများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျိုက်မဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၆ ဦးကို ငွေကျပ် ၂၃၄ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၇၃ ဦးကို ငွေကျပ် ၇၅သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၅၉ ဦးကို ငွေကျပ် ၈၃ သိန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် ရှစ်သိန်း၊ စုစုပေါင်း အသင်းသား၊ အသင်း သူ ၂၀၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၄၀၀ ထိ ထုတ်ချေးပေးထားပြီး လုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နွဲ့ယဉ်

# နိုင်ငံတကာ သတင်းများ

## ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့သို့ ရောက်ရှိ

**ဝါရှင်တန် စက်တင်ဘာ ၁၈**

ဆီးရီးယား အစိုးရသစ်လက်ထက် နိုင်ငံခြားရေးဝန်ကြီး အယ်လ်ရှိဘာနီသည် စက်တင်ဘာ ၁၇ ရက်တွင် အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါခရီးစဉ်သည် ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးတစ်ဦး၏ ၂၅ နှစ်တာကာလအတွင်း ပထမဆုံး အမေရိကန်နိုင်ငံခရီးစဉ်ဖြစ်သည်။

အမေရိကန်နိုင်ငံ ခရီးစဉ်အတွင်း ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး အယ်လ်ရှိဘာနီသည် အမေရိကန်လွှတ်တော်အမတ်များနှင့်တွေ့ဆုံ၍ ဆီးရီးယားနိုင်ငံအပေါ် ချမှတ်ထားဆဲဖြစ်သည့် လက်ကျန်အရေးယူပိတ်ဆို့မှုများ ရုပ်သိမ်းပေးရေးကို ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်အစိုးရက ဆီးရီးယားနိုင်ငံနှင့်ပတ်သက်ပြီး မူဝါဒများပြောင်းလဲလာချိန်တွင် ဆီးရီးယားအစိုးရသစ် နိုင်ငံခြားရေးဝန်ကြီး ဝါရှင်တန်သို့ ရောက်ရှိနေခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံသည် အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲများကို သမ္မတဟောင်းအာဆတ်ဦးဆောင်သည့် အစိုးရအဖွဲ့က ဖိနှိပ်ဖြိုခွင်းခဲ့သည့် ၂၀၁၁ ခုနှစ်မှစ၍ ဆီးရီးယားနိုင်ငံအပေါ် စီးပွားရေး အရေးယူပိတ်ဆို့မှုများ ချမှတ်ခဲ့သည်။

သို့ရာတွင် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလအတွင်း သမ္မတဟောင်းအာဆတ်ကို သူပုန်တပ်များက ဖြုတ်ချခဲ့ပြီးနောက် အမေရိကန်နိုင်ငံနှင့် ဆီးရီးယားတို့ကြား ဆက်ဆံရေး ပြန်လည်နွေးထွေးလာခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

## နှစ်နိုင်ငံ အပြန်အလှန်ကာကွယ်ရေးစာချုပ် ဆော်ဒီအာရေဗျနှင့် ပါကစ္စတန်တို့ လက်မှတ်ရေးထိုး

**ရီယာ့ဒ် စက်တင်ဘာ ၁၈**

ဆော်ဒီအာရေဗျနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့သည် စက်တင်ဘာ ၁၇ ရက်တွင် နှစ်နိုင်ငံအပြန်အလှန် ကာကွယ်ရေးစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

ပါကစ္စတန်ဝန်ကြီးချုပ် ရှာဘက်ဇ်ရှရစ်ဖ်၏ ဆော်ဒီအာရေဗျခရီးစဉ်အတွင်း အဆိုပါနှစ်နိုင်ငံ အပြန်အလှန် ကာကွယ်ရေးစာချုပ်ကို နှစ်နိုင်ငံ တာဝန်ရှိသူများက လက်မှတ်ရေးထိုး ခဲ့ကြခြင်းဖြစ်သည်။

အဆိုပါစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့မှုကြောင့် နှစ်ပေါင်းများစွာ ကြာမြင့်နေပြီဖြစ်သော ပါကစ္စတန်- ဆော်ဒီ နှစ်နိုင်ငံ လုံခြုံရေးမိတ်ဖက်ဆက်ဆံမှု ပိုမိုခိုင်မာလာမည်ဖြစ်သည်။

အဆိုပါစာချုပ်အရ တစ်နိုင်ငံနှင့် တစ်နိုင်ငံ အပြန်အလှန်အကာအကွယ်ပေးရာတွင် စစ်ရေးနည်းလမ်းအားလုံး အကျုံးဝင်သည့်စာချုပ်ဖြစ်ကြောင်း ဆော်ဒီအစိုးရ ထိပ်တန်းတာဝန်ရှိသူများက ပြောကြားထားသည်။

ပါကစ္စတန်နိုင်ငံသည် နျူကလီးယားလက်နက်များ ပိုင်ဆိုင်ထားပြီး ကမ္ဘာ့မွတ်စလင်နိုင်ငံများအနက် စစ်အင်အားအကြီးမားဆုံး နိုင်ငံဖြစ်သည်။

အရှေ့အလယ်ပိုင်း ဒေသ၌ ပဋိပက္ခများကြောင့် အခြေအနေများတင်းမာနေချိန်တွင် နှစ်နိုင်ငံ အပြန်အလှန်ကာကွယ်ရေးစာချုပ်ကို ဆော်ဒီအာရေဗျနှင့် ပါကစ္စတန်တို့က လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO



## ဒုတိယကမ္ဘာစစ်လွန်ခေတ် နိုင်ငံတကာဖွဲ့စည်းခင်းကျင်းမှုပုံစံကို အကာအကွယ်ပေးမည်ဖြစ်ကြောင်း တရုတ်အမျိုးသားကာကွယ်ရေးဝန်ကြီး ပြောကြား



**ပေကျင်း စက်တင်ဘာ ၁၈**

အင်အား ပိုမိုတောင့်တင်းခိုင်မာလာသည့် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် (ပီအယ်လ်အေ)သည် ငြိမ်းချမ်းရေးအတွက် အင်အားဖြစ်လာလိမ့်မည်ဖြစ်ကြောင်း တရုတ်အမျိုးသားကာကွယ်ရေးဝန်ကြီး တုန်ကျွင်းက ယနေ့တွင် ပြောကြားခဲ့သည်။

ပေကျင်းမြို့၌ ကျင်းပနေသည့် ပေကျင်းရှန်းစန်းနိုင်ငံတကာလုံခြုံရေးဖိုရမ်၌ တရုတ်အမျိုးသားကာကွယ်ရေးဝန်ကြီးက အဆိုပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ယင်းအပြင် တရုတ်နိုင်ငံအနေဖြင့် ဒုတိယကမ္ဘာစစ်လွန်ခေတ် နိုင်ငံတကာ ဖွဲ့စည်းခင်းကျင်းမှုပုံစံကို အကာအကွယ်ပေးမည်ဖြစ်ကြောင်းလည်း တရုတ်အမျိုးသားကာကွယ်ရေးဝန်ကြီးက ကတိပြုခဲ့သည်။

ပီအယ်လ်အေအနေဖြင့် ဒုတိယကမ္ဘာစစ်မှ ပေါ်ထွက်လာသည့် ရလဒ်များကို ပြတ်ပြတ်သားသား ကာကွယ်မည်ဖြစ်ကြောင်း ပေကျင်းရှန်းစန်းနိုင်ငံတကာလုံခြုံရေးဖိုရမ်၌ တရုတ်အမျိုးသားကာကွယ်ရေးဝန်ကြီးက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် ပေကျင်းရှန်းစန်းနိုင်ငံတကာလုံခြုံရေးဖိုရမ်ကို ၂၀၀၆ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့သည်။

သုံးရက်ကြာကျင်းပမည့် ယခုနှစ် ပေကျင်းရှန်းစန်းနိုင်ငံတကာလုံခြုံရေးဖိုရမ်၌ နိုင်ငံပေါင်း ၁၀၀ နီးပါးတို့မှ ကိုယ်စားလှယ် ၁၈၀၀ ခန့် တက်ရောက်လျက်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## နာဂိုယာ အာရှအားကစားပွဲ၌ မြောက်ကိုရီးယား အားကစားအဖွဲ့ကို ပါဝင်ခွင့်ပေးရန် ဂျပန်စဉ်းစားနေ

**တိုကျို စက်တင်ဘာ ၁၈**

၂၀၂၆ ခုနှစ်အတွင်း နာဂိုယာမြို့၌ ကျင်းပမည့် အာရှအားကစားပွဲတော်၌ မြောက်ကိုရီးယား အားကစားအသင်းများ ပါဝင်ခွင့်ပေးရေးကို ဂျပန်အစိုးရက စဉ်းစားနေကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

မြောက်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့သည် အရှေ့အာရှ အိမ်နီးချင်းနိုင်ငံများဖြစ်ကြသော်လည်း သံတမန်ဆက်ဆံရေးမရှိကြောင်း သိရသည်။

မြောက်ကိုရီးယား အစိုးရ၏ နျူကလီးယားနှင့်ဒုံးကျည်အစီအစဉ်များကို အကြောင်းပြု၍ ဂျပန်နိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံသားများ ဂျပန်ပြည်တွင်းဝင်ရောက်မှုကို ၂၀၁၆ ခုနှစ်မှစ၍ ပိတ်ပင်ထားသော်လည်း နိုင်ငံတကာအားကစားပွဲများ၌ ပါဝင်ရေးအတွက် မြောက်ကိုရီးယားအားကစားအဖွဲ့များကို လာရောက်ခွင့်ပေးထားသည်။

လက်ရှိအချိန်တွင် ဂျပန်အစိုးရသည် နာဂိုယာအာရှအားကစားပွဲတော်အတွက် မြောက်ကိုရီးယားအားကစားအဖွဲ့များကို လာရောက်ခွင့်ပေးရန် စဉ်းစားနေကြောင်း ဂျပန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ဂျပန်မီဒီယာများ၏ အဆိုအရ မြောက်ကိုရီးယား နိုင်ငံသည် နာဂိုယာအာရှအားကစားပွဲတော်သို့ အားကစားသမား ဦးရေ ၁၅၀ ခန့်စေလွှတ်ရန် ရည်ရွယ်ချက်ရှိကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံသည် တရုတ်နိုင်ငံ ဟန်ကျိုးမြို့၌ ၂၀၂၃ ခုနှစ်တွင် ကျင်းပခဲ့သည့် အာရှအားကစားပွဲတော်၌ နောက်ဆုံးတစ်ကြိမ် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ် ၁၁ ခု ဆွတ်ခူးခဲ့သည်။

၂၀၂၆ ခုနှစ် အာရှအားကစားပွဲကို နာဂိုယာမြို့၌ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၉ ရက်မှ အောက်တိုဘာ ၄ ရက်ထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ကမ္ဘောဒီးယားဆန္ဒပြသမားများနှင့် ထိုင်းလုံခြုံရေးတပ်ဖွဲ့ဝင်များ နှစ်နိုင်ငံနယ်စပ်၌ ပဋိပက္ခဖြစ်ပွား

**ဗန်ကောက် စက်တင်ဘာ ၁၈**



ထိုင်းနှင့် ကမ္ဘောဒီးယား နှစ်နိုင်ငံ နယ်စပ်တစ်နေရာ၌ စက်တင်ဘာ ၁၇ ရက်က ဆန္ဒပြကမ္ဘောဒီးယားအရပ်သားများနှင့် ထိုင်းလုံခြုံရေးတပ်ဖွဲ့ဝင်များကြား ပဋိပက္ခများဖြစ်ပွားခဲ့သည်။

အဆိုပါ နယ်စပ်ပဋိပက္ခအတွင်း ထိုင်းလုံခြုံရေးတပ်ဖွဲ့ဝင်များသည် ကမ္ဘောဒီးယားဆန္ဒပြသမားများကို ရော်ဘာကျည်များ၊ မျက်ရည်ယိုဗုံးများဖြင့် လူစုခွဲခဲ့ကြကြောင်း ထိုင်းတပ်မတော်က သတင်းထုတ်ပြန်ထားသည်။

နာရီအနည်းငယ် ကြာမြင့်ခဲ့သော အဆိုပါနယ်စပ်ပဋိပက္ခအတွင်း ကမ္ဘောဒီးယားအရပ်သား ၂၈ ဦး ဒဏ်ရာများရရှိခဲ့ကြောင်း ကမ္ဘောဒီးယားအစိုးရတာဝန်ရှိသူများက ပြောကြားခဲ့သည်။

စက်တင်ဘာ ၁၇ ရက်တွင် ကမ္ဘောဒီးယား ဆန္ဒပြသမားများက ထိုင်းပိုင်နက်အတွင်းဝင်ရောက်၍ နှောင့်ယှက်ဖျက်ဆီးမှုများ ပြုလုပ်ခဲ့ပြီး ထိုင်းလုံခြုံရေးတပ်ဖွဲ့ဝင်များကို ကျောက်ခဲများဖြင့် ပစ်ခတ်ရန်ပြုခဲ့ကြောင်း ထိုင်းကြည်းတပ်ပြောရေးဆိုခွင့်ရှိသူက သတင်းထုတ်ပြန်ထားသည်။

အဆိုပါနယ်စပ်ပြဿနာသည် ရန်စမှု၊ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကိုရည်ရွယ်ချက်ရှိရှိ ချိုးဖောက်မှုအဖြစ် ထိုင်းတပ်မတော်က ဝေဖန်ထားသည်။

ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် ယခုနှစ် ဇူလိုင်လအတွင်း ငါးရက်ကြာ နယ်စပ်ပဋိပက္ခများ ဖြစ်ပွားခဲ့ပြီး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ဖြင့် ပဋိပက္ခများရပ်တန့်ထားသော အိမ်နီးချင်းနိုင်ငံများဖြစ်ကြကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## Firefly Aerospace ကုမ္ပဏီ၏ အယ်လ်ဖာဒုံးပျံများကို ပြန်လည်လွှတ်တင်ခွင့်ပေးရန် FAA က အတည်ပြုချက်ပေးထားပြီးဖြစ်



**ဝါရှင်တန် စက်တင်ဘာ ၁၈**

Firefly Aerospace ကုမ္ပဏီ၏ အယ်လ်ဖာဒုံးပျံများကို ပြန်လည်လွှတ်တင်ခွင့်ပေးရန် အမေရိကန်ဖက်ဒရယ်လေကြောင်း အုပ်ချုပ်ရေးအဖွဲ့ (FAA)က အတည်ပြုချက်ပေးထားပြီးဖြစ်ကြောင်း စက်တင်ဘာ ၁၇ ရက် သတင်းများအရ သိရသည်။

ယခုနှစ် ဧပြီလအတွင်း လွှတ်တင်ခဲ့သည့် အယ်လ်ဖာဒုံးပျံမစ်ရှင် မအောင်မြင်ခဲ့မှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီးနောက် ၎င်းဒုံးပျံများကို ပြန်လည်လွှတ်တင်ခွင့်ပေးရန် FAA က ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

Firefly Aerospace ကုမ္ပဏီသည် ယခုနှစ် ဧပြီ ၂၉ ရက်တွင် အယ်လ်ဖာဒုံးပျံကို ဆဋ္ဌမအကြိမ်အဖြစ် စမ်းသပ်လွှတ်တင်ခဲ့သည်။

သို့ရာတွင် အဆိုပါမစ်ရှင်မှာ အောင်မြင်မှုမရှိခဲ့ဘဲ လော့ခ်ဟိမာတင်ကုမ္ပဏီ၏ အယ်လ်အမ်-၄၀၀ အမည်ရှိ နည်းပညာစမ်းသပ်ဂြိုဟ်တုတစ်စင်း ဆုံးရှုံးခဲ့ရသည်။

အယ်လ်ဖာဒုံးပျံ ဆဋ္ဌမအကြိမ်လွှတ်တင်မှု မအောင်မြင်ခဲ့ရခြင်းနှင့်ပတ်သက်၍ FAA နှင့် Firefly Aerospace ကုမ္ပဏီတို့ ပူးတွဲစုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ ပြီးခဲ့သည့် ဩဂုတ် ၂၆ ရက်တွင် စုံစမ်းစစ်ဆေးရေးလုပ်ငန်း အပြီးသတ်ခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အယ်လ်ဖာဒုံးပျံပစ်လွှတ်စမ်းသပ်မှု ထပ်မံပြုလုပ်မည့်အချိန်ကို Firefly Aero-spaceကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**


## 2025 FA 22 ဂြိုဟ်သိမ်တစ်စင်းက ကမ္ဘာဂြိုဟ်ကို အနီးဆုံးမှတ်မှ ဖြတ်ကျော်ပျံသန်းမည်

**ဝါရှင်တန် စက်တင်ဘာ ၁၈**

2025 FA 22 အမည်ရှိ အရွယ်အစားကြီးမားသည့် ဂြိုဟ်သိမ်တစ်စင်းသည် စက်တင်ဘာ ၁၉ ရက်တွင် ကမ္ဘာဂြိုဟ်ကို အနီးဆုံးမှတ်မှ ဖြတ်ကျော်ပျံသန်းမည်ဖြစ်ကြောင်း စက်တင်ဘာ ၁၇ ရက် သတင်းများအရ သိရသည်။

2025 FA 22 ဂြိုဟ်သိမ်သည် အရွယ်အစားအားဖြင့် အချင်းပေ ၅၂၀ ထိရှိသော်လည်း ကမ္ဘာဂြိုဟ်အတွက် အန္တရာယ်ရှိသည့် ဂြိုဟ်သိမ်တစ်စင်းအဖြစ် နာဆာက သတ်မှတ်ထားခြင်း မရှိသေးကြောင်း သိရသည်။

2025 FA 22 ဂြိုဟ်သိမ်သည် စက်တင်ဘာ ၁၉ ရက်တွင် ကမ္ဘာဂြိုဟ်နှင့်မိုင်ပေါင်း ၅၂၃၀၀၀ အကွာမှတစ်ဆင့် တစ်နာရီမိုင် ၂၄၀၀၀ ကျော်နှုန်းဖြင့် ဖြတ်ကျော်ပျံသန်းမည်ဖြစ်သည်ဟု နာဆာသိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။



2025 FA 22 ဂြိုဟ်သိမ်သည် ကမ္ဘာဂြိုဟ်နှင့် ဝင်တိုက်နိုင်ခြေမရှိသော်လည်း အဆိုပါဂြိုဟ်သိမ်အနီးကပ်ဖြတ်ကျော်ပျံသန်းမှုကို အနီးကပ်စောင့်ကြည့်နေမည်ဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

ကမ္ဘာဂြိုဟ်ကို အနီးကပ်ဖြတ်ကျော်ချိန်တွင် 2025 FA 22 ဂြိုဟ်သိမ်ကို တယ်လီစကုပ်အငယ်စားများဖြင့် တွေ့မြင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

2025 FA 22 ဂြိုဟ်သိမ်ကို ယခုနှစ် မတ် ၂၉ ရက်တွင် ပင်ဒက်စတား-၂ ရေဒီယိုတယ်လီစကုပ်အကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## တရုတ်အမျိုးသားအာကာသအေဂျင်စီက အင်တာနက်ဝန်ဆောင်မှု နည်းပညာစမ်းသပ်ဂြိုဟ်တုတစ်စင်းကို လွှတ်တင်ခဲ့

**ပေကျင်း စက်တင်ဘာ ၁၈**

တရုတ်အမျိုးသား အာကာသအေဂျင်စီသည် အင်တာနက်ဝန်ဆောင်မှု နည်းပညာစမ်းသပ်ဂြိုဟ်တုတစ်စင်းကို စက်တင်ဘာ ၁၇ ရက်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါ စမ်းသပ်ဂြိုဟ်တုကို သယ်ဆောင်ထားသည့် လောင်းမတ်ချ်-၂ စီ ဒုံးပျံကို တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ခန်ကွန်းဂြိုဟ်တု လွှတ်တင်ရေးစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၂ စီ ဒုံးပျံသည် အဆိုပါ အင်တာနက်ဝန်ဆောင်မှုနည်းပညာစမ်းသပ် ဂြိုဟ်တုကို သတ်မှတ်ပတ်လမ်းပေါ်သို့ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း တရုတ်အမျိုးသား အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ နည်းပညာစမ်းသပ်ဂြိုဟ်တုကို တရုတ်နည်းပညာကုမ္ပဏီတစ်ခုဖြစ်သည့် ဂလက်ဆီစပေ့ကုမ္ပဏီက တည်ဆောက်ထားခြင်းဖြစ်သည်။

ဂလက်ဆီစပေ့ကုမ္ပဏီသည် ကမ္ဘာပတ်လမ်း အနိမ့်ပိုင်း ဆက်သွယ်ရေးဂြိုဟ်တုများ အပါအဝင်ဂြိုဟ်တု ၃၅ စင်းထိ လွှတ်တင်ထားပြီးဖြစ်ကြောင်း၊ စက်တင်ဘာ ၁၇ ရက် မစ်ရှင်သည် တရုတ်နိုင်ငံအတွက် ယခုနှစ်၏ ၅၆ ကြိမ်မြောက် အာကာသမစ်ရှင်ဖြစ်ပြီး လောင်းမတ်ချ်ဒုံးပျံများ၏ ၅၉၅ ကြိမ်မြောက် မစ်ရှင်လည်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## ဆေးလိပ်သောက်သုံးသူများ၌ ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေ မြင့်တက်နိုင်

**စတော့ဟုမ်း စက်တင်ဘာ ၁၈**

ဆေးလိပ်သောက်သုံးသူများ၌ ပုံစံ-၂ ဆီးချိုရောဂါဖြစ်ပွားနိုင်ခြေ ပုံမှန်ထက် မြင့်တက်လာနိုင်ကြောင်း စက်တင်ဘာ ၁၇ ရက် သတင်းများအရ သိရသည်။

ဆွီဒင်နိုင်ငံ ကာရိုလင်စကာ အင်စတီကျူမှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဆေးလိပ် သောက်သုံးသူများ၌ ပုံစံ-၂ ဆီးချိုရောဂါ ပုံစံကွဲလေးမျိုးစလုံး ဖြစ်ပွားနိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သိရသည်။

ဆွီဒင် သုတေသနပညာရှင်များသည် ပုံစံ-၂ ဆီးချိုရောဂါလူနာ ၃၃၀၀ ကျော်တို့၏ ကျန်းမာရေးမှတ်တမ်းများနှင့် ကျန်းမာရေးကောင်းမွန်သူ ၃၈၀၀ ကျော်တို့၏ ကျန်းမာရေး မှတ်တမ်းများကို နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့် ရလဒ်များအရ ဆေးလိပ်သောက်သူများသည် ဆေးလိပ်မသောက်သူများထက် အင်ဆူလင်ဟော်မုန်းနည်းပါးမှုနှင့် ဆက်စပ်နေသည့် ဆီးချိုရောဂါဖြစ်နိုင်ခြေ ၂၀ ရာခိုင်နှုန်း မြင့်တက်လာနိုင်ပြီး အဝလွန်မှုနှင့် ဆက်စပ်နေသည့် ဆီးချိုရောဂါဖြစ်နိုင်ခြေမှာ ၂၉ ရာခိုင်နှုန်းထိ မြင့်တက်နေတတ်ကြောင်း၊ ထို့ပြင် ဆေးလိပ်သောက်သုံးသူများသည် အသက်အရွယ်နှင့် ဆက်စပ်နေသော ဆီးချိုရောဂါဖြစ်နိုင်ခြေမှာလည်း ၂၇ ရာခိုင်နှုန်းထိ မြင့်တက်နေတတ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## ပုံစံ-၂ ဆီးချိုလူနာများ အဆုတ်သွေးကြောများ သွေးခဲပိတ်ဆို့မှုပေါ်နိုင်ခြေကို လျှော့ချရေးအတွက် အရေပြားကပ်ခွာဆေးများ အသုံးပြုသင့်

**လန်ဒန် စက်တင်ဘာ ၁၈**

ပုံစံ-၂ ဆီးချိုရောဂါလူနာ အမျိုးသမီးများအနေဖြင့် အဆုတ်သွေးကြောများ သွေးခဲပိတ်ဆို့မှုပြဿနာ ပေါ်လာနိုင်ခြေကို လျှော့ချရေးအတွက် ဟော်မုန်းအစားထိုး ကုထုံးရယူရာတွင် သောက်ဆေးအစား အရေပြားကပ်ခွာဆေးများ ပြောင်းလဲအသုံးပြုသင့်ကြောင်း စက်တင်ဘာ ၁၇ ရက် သတင်းများအရ သိရသည်။

ဗြိတိန်နိုင်ငံ လစ်ဗာပူးတက္ကသိုလ်မှသုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဟော်မုန်းအစားထိုးကုထုံး (HRT) ရယူရာတွင် သောက်ဆေးပုံစံဖြင့် ရယူသူများသည် အရေပြားကပ်ခွာစနစ်ဖြင့် ရယူသူများထက် အဆုတ်သွေးကြောများ၌ သွေးခဲပိတ်ဆို့မှုပြဿနာပေါ်လာနိုင်ခြေ နှစ်ဆပိုမြင့်မားကြောင်း သိရသည်။

ထို့ပြင် HRT ကုထုံးကို သောက်ဆေးပုံစံဖြင့် ရယူသူ ပုံစံ-၂ ဆီးချိုလူနာအမျိုးသမီးများသည် အရေပြားကပ်ခွာစနစ်သုံးစွဲသူများထက် နှလုံးရောဂါများ ဖြစ်ပွားနိုင်ခြေ ၁၂ ရာခိုင်နှုန်းထိ မြင့်တက်နေတတ်ကြောင်း သိရသည်။

HRT ကုထုံးသည် ဓမ္မတာရာသီကုန်ဆုံးပြီးနောက် ပေါ်ထွက်လာနိုင်သည့် ကျန်းမာရေးပြဿနာများကို ကာကွယ်ရေးအတွက် အမျိုးသမီးများသုံးစွဲကြရသည့် ကုထုံးဖြစ်သည်။

ဗြိတိန်သုတေသနပညာရှင်များသည် HRT ကုထုံးကို ငါးနှစ်ကြာ ရယူခဲ့သော အမျိုးသမီး ၃၆၀၀၀ ကျော်တို့၏ ကျန်းမာရေးမှတ်တမ်းများကိုလေ့လာဆန်းစစ်ခဲ့ပြီးနောက် တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ခံစစ်ကစားသမားအမ်တီတီ ကစားသမားဘဝမှ အနားယူကြောင်း ထုတ်ပြန်ကြေညာ

ပဲရစ် စက်တင်ဘာ ၁၈

ခံစစ်ကစားသမား အမ်တီတီသည် နွေရာသီအပြောင်းအရွှေ့ကာလက လိုင်လီအသင်းမှ အလွတ်ပြောင်းရွှေ့ခွင့်နှင့် ထွက်ခွာခဲ့ပြီးနောက် ယခုအခါ ကစားသမားဘဝမှ အနားယူရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

အမ်တီတီသည် ကစားသမားဘဝ အကောင်းဆုံးအချိန်တွင် ဒဏ်ရာပြဿနာ ကြုံတွေ့ခဲ့ပြီးနောက် ကြံ့ခိုင်မှုပြည့်ဝခြင်း မရှိတော့သဖြင့် ကစားသမားဘဝမှ အနားယူရန်ဆုံးဖြတ်ခဲ့ပြီး အနားယူချိန်တွင် အသက် ၃၁ နှစ်သာ ရှိသေးကြောင်း သိရသည်။

အမ်တီတီသည် ဘာစီလိုနာအသင်း ကစားသမားဘဝတွင် နည်းပြ အန်းနရစ်လက်အောက်၌ အကောင်းပုံစံ ရရှိခဲ့သောကြောင့် ဥရောပအကောင်းဆုံး ခံစစ်ကစားသမားတစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့သော်လည်း ဒူးဒဏ်ရာကြုံတွေ့ချိန်တွင် ဒဏ်ရာကြောင့် ပွဲချိန်ပြည့် ပါဝင်နိုင်ခြင်းမရှိတော့ဘဲ ခြေစွမ်းပိုင်းကျဆင်းခဲ့ခြင်းဖြစ်သည်။

၎င်းသည် ဘာစီလိုနာအသင်းမှ ၂၀၂၂ ခုနှစ်တွင် ထွက်ခွာ၍ လက်ချီအသင်း၊ လိုင်လီအသင်းတို့သို့ ပြောင်းရွှေ့ကစားခဲ့သော်လည်း ဒူးဒဏ်ရာမှာ မကြာခဏနာကျင်မှုကြောင့် ပွဲချိန် ကန့်သတ်ချက်ဖြင့်သာကစားခဲ့ရပြီးနောက် ပြီးခဲ့သည့် နွေရာသီ အပြောင်းအရွှေ့ကာလက အလွတ်ပြောင်းရွှေ့ခွင့်နှင့် ထွက်ခွာခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

# ချန်ပီယံလိဂ်ပြိုင်ပွဲ ပွဲအစတွင် သွင်းဂိုးနှင့် ဖန်တီးမှုပြုလုပ်နိုင်သည့် ကစားသမားအဖြစ် တိုက်စစ်မှူး ဆာလာဟ် မှတ်တမ်းဝင်

လန်ဒန် စက်တင်ဘာ ၁၈

ချန်ပီယံလိဂ် ပြိုင်ပွဲသမိုင်းတစ်လျှောက်ပွဲအစ ခြောက်မိနစ်အတွင်း သွင်းဂိုးနှင့်ဖန်တီးမှုပြုလုပ်နိုင်သည့် ကစားသမားအဖြစ် တိုက်စစ်မှူး ဆာလာဟ်က မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။



တိုက်စစ်မှူး ဆာလာဟ်သည် အေတီကိုအသင်းနှင့် ချန်ပီယံလိဂ် ပွဲစဉ်တွင် ပွဲချိန် သုံးမိနစ်၌ လီဗာပူးအသင်းအတွက် အဖွင့်ဂိုး သွင်းယူပေးခဲ့သည့် ရော်ဘင်ဆင်၏သွင်းဂိုးကို ဖန်တီးမှုပြုလုပ်ပေးခဲ့သည့်အပြင် ပွဲကစားချိန် ခြောက်မိနစ်အရောက်တွင်လည်း ဂရာဗန်ဘာ့ချ်၏ဖန်တီးမှုမှ ဂိုးသွင်းယူနိုင်ခဲ့သဖြင့် ချန်ပီယံလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် ပွဲချိန် ခြောက်မိနစ်အတွင်း သွင်းဂိုးနှင့် ဖန်တီးမှုပြုလုပ်နိုင်သည့် ပထမဆုံး ကစားသမား ဖြစ်လာခဲ့ကြောင်း သိရသည်။

ထို့ပြင် အဆိုပါပွဲစဉ်ကစားအပြီးတွင် တိုက်စစ်မှူး ဆာလာဟ်သည် အသင်းနှင့်အတူ ချန်ပီယံလိဂ်ပြိုင်ပွဲ ၇၄ ပွဲထိရှိလာခဲ့ပြီး အသင်းကစားသမားဟောင်း ဂျာရတ်၏ ပွဲအများဆုံးစံချိန်ကို ကျော်ဖြတ်၍ ပွဲပေါင်း ၈၀ ကစားခဲ့သည့် ကာရေဂါ၏စံချိန်ကို လိုက်မီရန် သေချာလျက်ရှိသည်။

ဆာလာဟ်သည် လီဗာပူး အသင်း ကစားသမားဘဝတွင် အေတီကိုအသင်းကို သွင်းဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် သွင်းဂိုး ၂၅၀ ပြည့်မြောက်ခဲ့ကြောင်း သိရသည်။

လီဗာပူးအသင်းသည် ယခုနှစ် ဘောလုံးရာသီပြိုင်ပွဲစုံတွင် ရှုံးပွဲမရှိသေးဘဲ အမှတ်ပေးဇယားကို ဦးဆောင်နေကာ လာမည့်အမှတ်ပေးပွဲစဉ်တွင် မာဆေးဆိုက်ဒါဘီပြိုင်ဘက် အဲဗာတန်အသင်းကို အိမ်ကွင်းတွင် ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ်(၄) ပွဲကြိုသုံးသပ်ချက်

**Zay Hein**

**စတုဂတ်** Vs **စိန့်ပေါ်လီ**

ကစားမည့်ရက်/အချိန် ၂၀-၉-၂၀၂၅ (နံနက် ၀၁:၀၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

စိန့်ပေါ်လီ ၀ - ၁ စတုဂတ်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

စတုဂတ် - ဝေး(သရေ) အိမ်(နိုင်) ဝေး(ရှုံး)

စိန့်ပေါ်လီ - ဝေး(နိုင်) ဝေး(သရေ) အိမ်(နိုင်)

စတုဂတ်အသင်းဟာ လက်ရှိခြေစွမ်းပိုင်းထက်မြက်မှုမရှိတော့ဘဲ နောက်ဆုံးပွဲစဉ်မှာ ဖရိုင်းဘတ်လိုအသင်းကို သုံးဂိုး တစ်ဂိုးနဲ့ ရှုံးနိမ့်ထားပါတယ်။ နည်းပြဘလက်စ်ဆင်းရဲ့ စိန့်ပေါ်လီအသင်းကတော့ ကစားသမားပြင်ဆင်မှုပြုလုပ်ထားနိုင်သလို နောက်ဆုံးလေးပွဲဆက်ရှုံးပွဲမရှိ ကစားနိုင်တာကြောင့် အိမ်ရှင်စတုဂတ်အသင်း ရလဒ်မကောင်းနိုင်ပါဘူး။

ခန့်မှန်းရလဒ် - စတုဂတ် ၁ - ၁ စိန့်ပေါ်လီ

# ဟူအီဆန်၏ အယူခံမအောင်မြင်မှုကြောင့် ရီးရဲလ်မက်ဒရစ် ခံစစ်ပိုင်းပြဿနာကြုံတွေ့

မက်ဒရစ် စက်တင်ဘာ ၁၈

ရီးရဲလ်မက်ဒရစ်အသင်းသည် ခံစစ်ပိုင်းမှ အနီကတ်ပြသခံရသည့် ဟူအီဆန်၏ ပြစ်ဒဏ်ကို အယူခံတင်သွင်းခဲ့သော်လည်း လာလီဂါအဖွဲ့ချုပ်က ပယ်ချခဲ့သဖြင့် ခံစစ်ပိုင်း အခက်ကြုံတွေ့နေကြောင်း သိရသည်။

အသက် ၂၀ ရှိ ခံစစ်ကစားသမားသည် ဆိုစီဒက်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် ပွဲစဉ် ပွဲကစားချိန် ၃၂ မိနစ်အရောက်၌ ပြိုင်ဘက်ကစားသမား အိုယာဇာဘယ်ကို ပြစ်ဒဏ်ကျူးလွန်မှုကြောင့် တိုက်ရိုက်အနီကတ်ဖြင့် ထွက်ခွာခဲ့ရပြီး အဆိုပါ ပြစ်ဒဏ်ကို ရီးရဲလ်မက်ဒရစ်အသင်းက အယူခံတင်သွင်းခဲ့ရာ မအောင်မြင်ခဲ့သဖြင့် ခံစစ်ပိုင်း အခက်တွေ့နေခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်း ဗဟိုခံစစ်ပိုင်းတွင် ခံစစ်ကစားသမား ရူဒီဂါသည် ကြွက်သားဒဏ်ရာကြောင့် အနားယူနေရပြီး အာနီးသည်လည်း မာဆေးအသင်းနှင့် ချန်ပီယံလိဂ် အဖွင့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့သောကြောင့် လာမည့်ပွဲစဉ်ကို လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

ဟူအီဆန်သည် အနီကတ်ပြစ်ဒဏ်ကြောင့် အက်စ်ပန်ညိုအသင်းနှင့် ပွဲစဉ်ကိုသာ လွဲချော်မည်ဖြစ်ပြီး လာမည့် စက်တင်ဘာ ၂၄ ရက်တွင် ကစားရမည့် လီဗန်တေးအသင်းနှင့် ပွဲစဉ်တွင် ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Goal.com

Trs : ML

## အားကစားသတင်းအတိုအထွာများ

- နယူးကာဆယ်အသင်းသည် အစ်ဆက်ခ်ကို စတာလင်ပေါင် ၁၂၅ သန်းဖြင့် လီဗာပူးအသင်းသို့ လက်လွှတ်ခဲ့ရပြီးနောက် အဓိက ကွင်းလယ်ကစားသမား ဂွီမာရေ့စ်ကို ထပ်မံမဆုံးရှုံးစေရန် ကြိုးပမ်းလျက်ရှိသည်။
- ချဲလ်ဆီးအသင်းသည် အင်္ဂလိပ်ပွဲစဉ်ဆာ နှစ်နှစ်စာချုပ်အတွက် စတာလင်ပေါင် ၆၅ သန်းတန်ကြေးရှိ စပွန်ဆာစာချုပ် ချုပ်ဆိုရန် ပျက်ပြယ်ခဲ့သည့်အတွက် ဘဏ္ဍာရေးဥက္ကဋ္ဌ ရာထူးမှ နုတ်ထွက်သွားကြောင်း သိရသည်။
- ဘိုင်ယန်မြူးနစ်အသင်းက ချဲလ်ဆီးအသင်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် တိုက်စစ်မှူး ဟယ်ရီကိန်းက သွင်းဂိုး နှစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် သွင်းဂိုး ၄၂ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၁ ကြိမ် ပြုလုပ်နိုင်သည့် အင်္ဂလန်ကစားသမားဖြစ်လာခဲ့သည်။

ML

# အမေရိကန်အသင်းအတွက် Solheim Cup ချန်ပီယံဆုရရှိအောင် ဦးဆောင်ပေးနိုင်ခဲ့သူ စတေစီလူးဝစ် ဂေါက်သီးရိုက်လောကမှ အနားယူတော့မည်

ဝါရှင်တန် စက်တင်ဘာ ၁၈

၂၀၂၄ ခုနှစ် Solheim Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်အသင်းအတွက် ချန်ပီယံဆုကို ဆွတ်ခူးပေးနိုင်ခဲ့သော အသင်းခေါင်းဆောင် စတေစီလူးဝစ်သည် ယခုနှစ် ဂေါက်သီးရိုက်ရာသီအကုန်တွင် ဂေါက်သီးရိုက်လောကမှ အနားယူတော့မည် ဖြစ်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။



Solheim Cup ဂေါက်သီးရိုက်ပြိုင်ပွဲသည်လည်း အမေရိကန်အသင်းနှင့် ဥရောပအသင်းတို့ကြားယှဉ်ပြိုင်ရသည့် အဓိကပြိုင်ပွဲကြီးတစ်ရပ်ဖြစ်ပြီး စတေစီလူးဝစ်၏ အဓိကဦးဆောင်မှုကြောင့် အမေရိကန်အသင်းက လက်ရှိချန်ပီယံအဖြစ် ရပ်တည်ခွင့်ရရှိထားသည်။

အသက် ၄၀ ရှိ စတေစီလူးဝစ်သည် ကစားသမားဘဝသက်တမ်းတစ်လျှောက် LPGA ဆုဖလား ၁၃ လုံးထိ ရရှိခဲ့သူဖြစ်သလို LPGA ၏ တစ်နှစ်တာ အကောင်းဆုံး ဂေါက်သီးရိုက်မယ် ဆုကိုလည်း ၂၀၁၂ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၄ ခုနှစ်တွင် တစ်ကြိမ် ဆွတ်ခူးခဲ့ဖူးသူ ဖြစ်သည်။

စတေစီလူးဝစ်သည် ကမ္ဘာ့အဆင့်(၁) နေရာတွင်လည်း ရက်သတ္တ ၂၅ ပတ်ကြာ ရပ်တည်နိုင်ခဲ့သူဖြစ်ပြီး အမျိုးသမီးဂေါက်သီးရိုက်လောကတွင် အရှိန်အဝါကြီးသော ဂေါက်သီးရိုက်မယ်တစ်ဦးလည်းဖြစ်သည်။

စတေစီလူးဝစ်က "ကျွန်မအနေနဲ့ ဂေါက်သီးရိုက်ကစားသမားလောကကို ယခုနှစ်ထိ ဖြတ်သန်းခွင့်ရမယ်လို့ တစ်ခါမှ မတွေးမိခဲ့ဖူးဘူး။ မမျှော်မှန်းထားတဲ့အချိန်ကာလတစ်ခုထိ ဂေါက်သီးရိုက်လောကမှာ ကျင်လည်ခွင့်ရတာ အရမ်းဝမ်းသာပါတယ်။ အခုတော့ ဒီလောကကို စွန့်ခွာမှ ရတော့မယ်။ ယခုနှစ် ဂေါက်သီးရိုက်ရာသီအကုန်မှာ ဂေါက်သီးရိုက်လောက ကနေ အပြီးတိုင် ထွက်ခွာတော့မှာ ဖြစ်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Golf Magic

Trs : AZL

# ဆာဂျင်ရက်ကလစ်က နိုက်အသင်းကို ယူရို သန်း ၂၀၀ ဖြင့် ရောင်းချသွားမည်




ပဲရစ် စက်တင်ဘာ ၁၈

ဆာဂျင်ရက်ကလစ်က ၎င်းပိုင်ဆိုင်ထားသည့် ပြင်သစ်လီဂူးကလပ် နိုက်အသင်းကို ယူရို သန်း ၂၀၀ ဖြင့် ရောင်းချသွားမည်ဟု အတည်ပြုကြေညာထားသည်။

ဆာဂျင်ရက်ကလစ်သည် ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်က နိုက်အသင်းကို ယူရို သန်း ၁၀၀ ဖြင့်ဝယ်ယူကာ ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်ခဲ့ပြီးနောက် ယခုအခါ ယူရို သန်း ၂၀၀ ဖြင့် ပြန်လည်ရောင်းချရန်အတွက် ကြိုးပမ်းလာခဲ့ခြင်းဖြစ်သည်။

ဆာဂျင်ရက်ကလစ်သည် နိုက်အသင်းအပြင် မန်ယူအသင်း ပူးတွဲအသင်း ပိုင်ရှင်အဖြစ် ရပ်တည်နေသူဖြစ်ပြီး မန်ယူအသင်းကို ပိုမိုရင်းနှီးမှုများ လုပ်ဆောင် လိုနေသည့်အတွက် နိုက်အသင်းကို ပြန်လည်ရောင်းချရန်ကြိုးပမ်းလာခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ဆာဂျင်ရက်ကလစ်သည် မန်ယူအသင်း ပူးတွဲအသင်းပိုင်ရှင်ဖြစ်သော်လည်း မန်ယူအသင်းက အားကစားဆိုင်ရာ လှုပ်ရှားမှုများကို ဦးဆောင်လုပ်ကိုင်နေသည့်အတွက် မန်ယူအသင်းဘက်ကို အပြည့်အဝအာရုံစိုက်လိုနေသောကြောင့် နိုက်အသင်းကို ရောင်းချရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် နိုက်အသင်းကို ဝယ်ယူရန်အတွက် လက်ရှိ နယူးကာဆယ်အသင်းပိုင်ရှင် PIF အုပ်စုက ထိပ်ဆုံးမှရေပန်းစားလျက်ရှိနေကြောင်း သိရသည်။

Ref : Goal.com

Trs : STA

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၇)တွင် ရောဝတီအသင်းက Young Lionesses အသင်းကို လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိ

ရန်ကုန် စက်တင်ဘာ ၁၈

မြန်မာ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၇)အဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ ပဒုမ္မာ အားကစားကွင်းတွင် ရောဝတီအသင်းနှင့် Young Lionesses အသင်းတို့ကစားခဲ့ရာ ရောဝတီအသင်းက လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက ရောဝတီအသင်းက ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် သုံးမိနစ်၊ ၂၆ မိနစ်နှင့် ၃၁ မိနစ်တို့တွင် စန်းသော်သော်က ရောဝတီအသင်းအတွက် ဦးဆောင်ဂိုးများသွင်းယူနိုင်ခဲ့သောကြောင့် ပထမပိုင်းတွင် ရောဝတီအသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း ရောဝတီအသင်းကပင် ခြေစွမ်းပိုင်းအသာဖြင့် ဆက်လက်ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၇၅မိနစ်တွင် ဖြူဖြူဝင်းက ရောဝတီအသင်းအတွက် ဦးဆောင်ဂိုး ဆက်လက်သွင်းယူနိုင်ခဲ့ကာ လက်ကျန်ပွဲချိန်များတွင် နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရောဝတီအသင်းက လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကာ အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို စန်းသော်သော်က ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

STA

# China Open 2025 တင်းနစ်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်(၁) တင်းနစ်ကစားသမား အယ်ကာရက်ဇ်အပြင် ထိပ်တန်းကစားသမားလေးဦး ပါဝင်မည်မဟုတ်





ပေကျင်း စက်တင်ဘာ ၁၈

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ကျင်းပသွားမည့် China Open 2025 တင်းနစ်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့်စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်အပြင် ထိပ်တန်းကစားသမားလေးဦး ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည် မဟုတ်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အယ်ကာရက်ဇ်သည် China Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံတစ်ဦးဖြစ်ပြီး Laver Cup တင်းနစ်ပြိုင်ပွဲတွင် ဥရောပအသင်းကိုယ်စားပြုအနေဖြင့် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သည့်အတွက် China Open တင်းနစ်ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ခြင်း ဖြစ်ကြောင်းလည်း သိရသည်။

အယ်ကာရက်ဇ်သည် Laver Cup တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ပြီးပါက ဂျပန်နိုင်ငံ တိုကျိုမြို့တွင်ကျင်းပသွားမည့် Japan Open တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်းလည်း ထုတ်ဖော်ပြောကြားခဲ့သည်။

ဂရိအဆင့်(၁) တင်းနစ်ကစားသမားဖြစ်သူ စတီဖာနို့စ်သည်လည်း ဂရိအသင်းနှင့်အတူ David Cup တင်းနစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရင်း ဒဏ်ရာရရှိခဲ့သည့်အတွက် China Open တင်းနစ်ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။

တင်းနစ်လောက၏ အအောင်မြင်ဆုံးသော ကစားသမားစာရင်းတွင်ပါဝင်သူ ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်သည်လည်း China Open တင်းနစ်ပြိုင်ပွဲမှ နုတ်ထွက်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

ဂျိုကိုဗစ်အနေဖြင့် ယခုနှစ်တင်းနစ်ရာသီ အစကတည်းက ဂရန်းစလန်း တင်းနစ်ပြိုင်ပွဲများ၌သာ ဦးစားပေးယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ဒဏ်ရာကင်းစင်နေစေရေးအတွက် ပြိုင်ပွဲများကို လျှော့ချသွားမည့် အချိန်ဇယား ရေးဆွဲထားကြောင်းလည်း ပြောကြားထားသူဖြစ်သည်။

ယခုနှစ်တွင် စွမ်းဆောင်ရည်တိုးတက်လာပြီး ရလဒ်ကောင်းများရရှိထားသည့် အမေရိကန်တင်းနစ်ကစားသမား ဘင်ရှယ်လ်တန်သည်လည်း ဒဏ်ရာပြဿနာမှ ပြန်လည်သက်သာလာခြင်း မရှိသေးသည့်အတွက်ကြောင့် China Open တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည်မဟုတ်ကြောင်း ထုတ်ပြန်ခဲ့သည်။

China Open အမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲတွင်လည်း လက်ရှိကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် ဘယ်လာရုစ်တင်းနစ်မယ် ဆာဘာလင်ကာသည်လည်း US Open တွင် ရရှိထားသောဒဏ်ရာကြောင့် ပြိုင်ပွဲဝင်နိုင်မည် မဟုတ်ကြောင်း ထုတ်ပြန်ခဲ့သည်။

Ref : RT

Trs : AZL

# ရီးရဲလ်မက်ဒရစ်အသင်း ခံစစ်ကစားသမား အာနိုး ကြွက်သားဒဏ်ရာကြောင့် ခြောက်ပတ်ခန့်ထိ အနားယူရမည်

လန်ဒန် စက်တင်ဘာ ၁၈

ရီးရဲလ်မက်ဒရစ်အသင်း အဓိကကွင်းလယ်ကစားသမား တစ်ဦးဖြစ်သည့် အာနိုးသည် မာဆေးအသင်းနှင့်ပွဲစဉ်တွင် ရရှိခဲ့သည့် ကြွက်သားဒဏ်ရာကြောင့် ရက်သတ္တခြောက်ပတ်ခန့်ထိ အနားယူရမည်ဖြစ်ကြောင်း သိရသည်။

ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ်ကစားခဲ့သည့် ရီးရဲလ်မက်ဒရစ်အသင်းနှင့် မာဆေးအသင်းတို့ ပွဲစဉ် ပွဲချိန် ငါးမိနစ်တွင်ပင် ကြွက်သားဒဏ်ရာ ရရှိခဲ့ပြီးနောက် အနားယူနေခဲ့ရသူဖြစ်သည်။

အာနိုးအနေဖြင့် ဒဏ်ရာနှင့်ပတ်သက်ပြီး အသေးစိတ်စစ်ဆေးမှုများ လုပ်ဆောင်ခဲ့ပြီးနောက် အနည်းဆုံး ရက်သတ္တခြောက်ပတ်ခန့်ထိ အနားယူရမည့်အရေးနှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။

အာနိုးသည် ကြွက်သားဒဏ်ရာကြောင့်လာမည့်အောက်တိုဘာလအတွင်း ကစားမည့် အင်္ဂလန်အသင်းနှင့်အတူ နိုင်ငံတကာပွဲစဉ်များကို လွဲချော်မည်ဖြစ်သည့်အပြင် အသင်းဟောင်း လီဗာပူးအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ကစားမည့် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်ကိုပါ လွဲချော်သွားရမည်ဖြစ်ကြောင်း သိရသည်။ Ref : Fotmob

Trs : STA




# စပိန်လာလီဂါ ပွဲစဉ် (၅) ပွဲကြိုသုံးသပ်ချက်

Zay Hein

ဘက်တစ် Vs ဆိုစီဒက်

ကစားမည့်ရက်/အချိန် ၂၀-၉-၂၀၂၅ (နံနက် ၀၁:၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဘက်တစ် ၃ – ၀ ဆိုစီဒက်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

ဘက်တစ် – ဝေး(သရေ) အိမ်(ရှုံး) ဝေး(သရေ)

ဆိုစီဒက် – အိမ်(သရေ) ဝေး(ရှုံး) အိမ်(ရှုံး)

ဘက်တစ်အသင်းရဲ့ခြေစွမ်းပိုင်းက ပြီးခဲ့တဲ့ဘောလုံးရာသီကလို မာကျောမှုမရှိတော့ဘဲ စပိန်လာလီဂါငါးပွဲမှာ တစ်ပွဲသာအနိုင်ရထားပါတယ်။ ဒါပေမဲ့ ဆိုစီဒက်အသင်းကလဲ နောက်ဆုံးလေးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေပြီး လက်ရှိခံစစ်ပိုင်းဆိုးရွားနေတာကြောင့် အိမ်ကွင်းမှာ နိုင်ပွဲပြန်လည်ရှာဖွေလာမဲ့ ဘက်တစ်အသင်းကိုပဲ အားပေးရမှာပါ။

ခန့်မှန်းရလဒ် – ဘက်တစ် ၂ – ၁ ဆိုစီဒက်

# အီတလီစီးရီးအေ ပွဲစဉ် (၄) ပွဲကြိုသုံးသပ်ချက်

Zay Hein

လက်ချီ Vs ကယ်ဂလီယာရီ

ကစားမည့်ရက်/အချိန် ၂၀-၉-၂၀၂၅ (နံနက် ၀၁:၁၅ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ကယ်ဂလီယာရီ ၄ – ၁ လက်ချီ

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

လက်ချီ – ဝေး(သရေ) အိမ်(ရှုံး) ဝေး(ရှုံး)

ကယ်ဂလီယာရီ – အိမ်(သရေ) ဝေး(ရှုံး) အိမ်(နိုင်)

လက်ချီအသင်း နောက်ဆုံးနှစ်ပွဲမှာ အေစီမီလန်နဲ့ အတ္တလန်တာတို့လို အသင်းတွေကို ရှုံးနိမ့်ထားပေမဲ့ အိမ်ကွင်းဆိုရင် ခြေစွမ်းပိုင်းထက်မြက်မှု ရှိပါတယ်။ ကယ်ဂလီယာရီအသင်းကတော့ အဝေးကွင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းကျဆင်းတတ်တာကြောင့် လက်ချီအသင်းကို ဖိအားပေးကစားနိုင်ဖို့ခက်ခဲမှာပါ။ အိမ်ရှင်လက်ချီအသင်းပဲ ရလဒ်ကောင်းသွားပါလိမ့်မယ်။

ခန့်မှန်းရလဒ် – လက်ချီ ၁ – ၀ ကယ်ဂလီယာရီ

# နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့

**သားကျော်**

ဂျာမနီနိုင်ငံမှပညာရှင်တစ်ဦးက **"နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို မြစ်ရေအရောင်အဆင်းကိုကြည့်၍ သိနိုင်သည်"**ဟု ဆိုခဲ့သည်။ မြစ်ရေ နောက်ကျိနေပါက နိုင်ငံ၏စီးပွားရေး စနစ်ကျမှုမရှိ၊ ပတ်ဝန်းကျင်သာယာရေးထိန်းသိမ်းမှု အားနည်းသည်ဟု ဆိုလိုခြင်းဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတိုင်းသည် သဘာဝအရင်းအမြစ်ကို မလွဲမသွေသုံးစွဲလျက်ရှိကြသည်။ စက်မှုလုပ်ငန်း မည်မျှပင်ထွန်းကားသည်ဖြစ်စေ လယ်ယာကဏ္ဍကို ပစ်ပယ်ထားခြင်းမရှိသည်ကို တွေ့ရသည်။ စိုက်ပျိုးရေးနည်းစနစ်မှန်ကန်မှုရှိခြင်း၊ သစ်တောထိန်းသိမ်းပုံ နည်းစနစ်မှန်ကန်မှုရှိခြင်းတို့၏ အကျိုးရလဒ်ကို မြစ်ရေက သက်သေပြလျက်ရှိသည်။

မြေဆီလွှာထိန်းသိမ်းအား ကောင်းသော သစ်တောရှိပါက ရေထုညစ်ညမ်းမှုသက်သာ၏။ သစ်တောများသည် မိုးရွာသည့်အခါ မြေဆီလွှာကို မိုးရေနှင့်အတူ မျောမပါအောင် ထိန်းထားနိုင်သည်။ သစ်တောမရှိလျှင် မိုးရေတို့သည် ရှိသမျှမြေဆီလွှာများကို တိုက်စားပစ်ကြလေသည်။ မြေဆီလွှာတို့ကို တိုက်စားစီးဆင်းရာမှ ချောင်းငယ်မြောင်းငယ်၊ ထိုမှတစ်ဆင့် မြစ်လက်တက်များ၊ မြစ်မများသို့ ရောက်လာကြသည်။ ထိုရေစီးကြောင်းနှင့်အတူ ပါလာသည့်မြေလွှာတို့ အနည်ထိုင်လာရာမှ မြစ်ကြောင်းအတွင်း သောင်ထွန်းလာပြီး မြစ်များ ကောလာကာ မြစ်ရေတိမ်လာသည်။ မြစ်ရေတိမ်၍ ရေလျှံရသည်။ နှစ်စဉ်နှစ်တိုင်း မိုးသည်းလာသည်နှင့် ရေဘေးဒုက္ခများ ကြုံတွေ့ကြရသည်။ မြစ်ရေလျှံခြင်းနှင့်အတူ ကာလဝမ်းရောဂါကလည်း ပါလာပြန်သည်။

ရေဘေးကြောင့် ကျွဲ၊ နွား တိရစ္ဆာန်တို့ သေကျေပျက်စီးခြင်း၊ စိုက်ပျိုးသီးနှံပျက်စီးခြင်းများ ကြုံတွေ့ရသည်။ မြစ်ကမ်းပါးအောက်ခြေပိုင်းကို ရေအလျှဉ်မပြတ် တိုက်စားမှုကြောင့် ကမ်းပါးတို့ပြိုရသည်။ ခြုံငုံကြည့်သော် သစ်တောများပြုန်းတီးခြင်းကြောင့် နောက်ဆက်တွဲဆိုးကျိုးများ ပေါ်ပေါက်ခဲ့ခြင်းပင်ဖြစ်သည်။

ဒုတိယကမ္ဘာစစ်ပြီးဆုံးချိန်မှစ၍ မရပ်မနားတိုးတက်လာသော စက်မှုထွန်းကားခြင်းသည် ယနေ့ထက်တိုင် နည်းလမ်းမျိုးစုံဖြင့် တိုးတက်နေသည်။ လူသားတို့သည် စက်မှုကဏ္ဍကို စဉ်ဆက်မပြတ် တီထွင်ကြံဆလျက်ရှိရာ တစ်နေ့ထက်တစ်နေ့ ဆန်းသစ်လာသော နည်းပညာများကို နယ်ပယ်အသီးသီးတွင် တွေ့မြင်လာခဲ့ရသည်။ လူသားတို့၏ လိုအင်များကို ဖြည့်ဆည်းနိုင်အောင် ကြိုးစားခဲ့ကြရာမှ တစ်ဖက်တွင်လည်း မျှော်လင့်မထားသော ဘေးထွက်ဆိုးကျိုးများက ပေါ်ပေါက်လာခဲ့ကြသည်။ အဆိုပါ ဘေးထွက်ဆိုးကျိုးသည်ကား သဘာဝပတ်ဝန်းကျင်ညစ်ညမ်းခြင်းနှင့် ကမ္ဘာမြေပျက်စီးဆုံးရှုံးခြင်းပင်ဖြစ်သည်။

အသက်ရှည်စွာနေလိုသော လူသားတို့၏ဆန္ဒ၊ လူတန်းစေ့နေလိုသော လူသားတို့၏ လိုလားချက်များကြောင့် သိပ္ပံပညာ၊ ဆေးပညာနှင့်စက်မှုကဏ္ဍအသီးသီး တိုးတက်ထွန်းကားခဲ့ကြသည်။ ဆေးပညာတိုးတက်လာမှုကြောင့် လူအသေအပျောက်နှုန်းလျော့ကျလာသော်လည်း တိုးပွားလာသော လူဦးရေအရေအတွက်ကြောင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ လိုက်ပါတိုးတက်ခဲ့ရသည်။ လူဦးရေနှင့် ညီမျှအောင် ကျွေးမွေးနိုင်ရန်အတွက် လိုအပ်သော မြေလွတ်မြေရိုင်းများကို ဖော်ထုတ်ရသည်။ ထိုသို့ ဖော်ထုတ်ရင်းဖြင့် သဘာဝဟန်ချက်ကို ထိန်းညှိပေးနေသော သစ်တောကြီးများ ပျောက်ကွယ်ကြရသည်။ သဘာဝကပေးစွမ်းထားသော အရင်းအမြစ်များမှာ စီးပွားရေးအရ အရေးတကြီးလိုအပ်မှုကြောင့် အလျင်အမြန်ကုန်ဆုံးပေးရသည်။ ကုန်ထုတ်လုပ်မှုအတွက် နေ့ညမပြတ် လည်ပတ်ပေးနေရသည့် စက်ရုံအလုပ်ရုံကြီးများ ပေါ်ပေါက်လာခြင်းသည် တစ်ဖက်တွင် အကောင်းဖြစ်သကဲ့သို့ တစ်ဖက်တွင်လည်း သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာရိုက်ခတ်မှုများ ဖြစ်ပေါ်စေခဲ့သည်။

လူသားတို့အနေဖြင့် စက်ရုံအလုပ်ရုံများမှ ထုတ်လွှတ်သည့် မီးခိုး၊ အခိုးအငွေ့၊ အက်စစ်ငွေ့ရောသည့် အဆိပ်သင့် လေထုအညစ်အထေးများကို နေ့စဉ်ရှူရှိုက်လာကြရသည်။ မြစ်၊ ချောင်း၊ အင်း၊ အိုင်များသည် လူတို့စည်းကမ်းမဲ့ စွန့်ပစ်လာကြသော ပလတ်စတစ်အပါအဝင် ပစ္စည်းမျိုးစုံ၊ ပုပ်သိုးမြေဆီလွှာ၊ ဓာတုဗေဒဆေးရည်နှင့် ရောနှောအဆိပ်ငွေ့ဓာတ်ပြုအရည်များဖြင့် ပြည့်နှက်လျက်ရှိသည်။

**❖ လူသားတို့အတွက် လေသည်အရေးပါသကဲ့သို့ ရေသည်လည်း ထိုအတိုင်းပင်ဖြစ်သည်။ လေကောင်းလေသန့်ရမှ အသက်ရှူနိုင်မည်ဖြစ်ပြီး ရေသန့်သန့်ရမှလည်း သောက်ရေအတွက် အဆင်ပြေမည်ဖြစ်သည်။ ကောင်းမွန်သော မြေဆီမြေဩဇာရှိမှ သီးနှံများရှင်သန်ဖြစ်ထွန်းမည်ဖြစ်သည်။ ပတ်ဝန်းကျင်နှင့်ကျန်းမာရေး ပတ်ဝန်းကျင်နှင့် အာဟာရဓာတ်ပြည့်ဝရေးတို့သည် တစ်ခုနှင့်တစ်ခု ဆက်စပ်မှုရှိနေသောကြောင့် ပတ်ဝန်းကျင်မပျက်စီးရေးကို ဂရုပြုဆောင်ရွက်ကြရမည်။ ❖**

ထိုသို့သော ရေများကိုပင် လူသားတို့အနေဖြင့် အဆင့်ဆင့်ပြုပြင်ကာ သောက်သုံးကြရသည်။ ထို့ပြင် နျူကလီးယားဓာတ်ပေါင်းဖိုကြီးများ တည်ဆောက်မှုကလည်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အန္တရာယ်တစ်မျိုးဖြစ်သည်။ ဤသို့ဖြင့် ပတ်ဝန်းကျင် လေထုညစ်ညမ်းမှုကို တိုး၍ဖြစ်ပေါ်စေခဲ့ပြန်သည်။

စဉ်ဆက်မပြတ်တည်ငြိမ်မှုမရှိသော ရေနံဈေးကြောင့် လောင်စာကိုအားကိုးရသည့်အခါ သစ်တောကြီးများကို ခုတ်ကြသည်။ သစ်တောများပြုန်းတီးလာခြင်းကြောင့် ကမ္ဘာ့အပူချိန် လျင်မြန်စွာတိုးလာခဲ့ပြီး မြေဆီလွှာများလည်း ယိုယွင်းခဲ့ရသည်။ ကမ္ဘာ့မြေထုသည် စွန့်ပစ်ပစ္စည်းအစိုင်အခဲ၊ ဓာတုဆေးရည်များနှင့် အခြားသော လက်နက်ဆန်းများ၏ ဒဏ်ကြောင့် ပျက်စီးယိုယွင်းလျက်ရှိရာ နောက်ဆုံးတွင် စိုက်ပျိုးရေးလုပ်ငန်း ကျဆင်းရသည့် အခြေအနေကို ရောက်ရှိစေခဲ့သည်။ လေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှု၊ မြေထုညစ်ညမ်းမှုတို့အပြင် အသံညစ်ညမ်းမှုကိုလည်း သတိပြုရန်လိုအပ်သည်။

စက်ရုံအလုပ်ရုံများမှ ယာဉ်ယန္တရားများ၏ လည်ပတ်မောင်းနှင်သံများသည် ပတ်ဝန်းကျင်ဆိတ်ငြိမ်သာယာမှုကို ထိခိုက်စေသည်။ သက်ရှိ၊ သက်မဲ့များနှင့် သဘာဝပတ်ဝန်းကျင်တို့မှာ တစ်ခုနှင့်တစ်ခု အမှီသဟဲပြုလျက်ရှိသည်ကို သတိပြုကြရန်လိုသည်။

လူသားတို့အတွက် လေသည် အရေးပါသကဲ့သို့ ရေသည်လည်း ထိုအတိုင်းပင် ဖြစ်သည်။ လေကောင်းလေသန့်ရမှ အသက်ရှူနိုင်မည်ဖြစ်ပြီး ရေသန့်သန့်ရမှလည်း သောက်ရေအတွက် အဆင်ပြေမည်ဖြစ်သည်။ ကောင်းမွန်သော မြေဆီမြေဩဇာရှိမှ သီးနှံများရှင်သန်ဖြစ်ထွန်းမည်ဖြစ်သည်။ ပတ်ဝန်းကျင်နှင့် ကျန်းမာရေး၊ ပတ်ဝန်းကျင်နှင့် အာဟာရဓာတ်ပြည့်ဝရေးတို့သည် တစ်ခုနှင့်တစ်ခု ဆက်စပ်မှုရှိနေသောကြောင့် ပတ်ဝန်းကျင်မပျက်စီးရေးကို ဂရုပြုဆောင်ရွက်ကြရမည်။

စက်မှုထွန်းကားလာသည်နှင့်အမျှ လိုအပ်သော စွမ်းအင်ထုတ်လုပ်ရန်အတွက် သဘာဝအရင်းအမြစ်များ ကုန်ခန်းလာရသည်။ စက်မှုထွန်းကားခြင်း၏ နောက်ဆက်တွဲ အကျိုးဆက်များထဲတွင် ပတ်ဝန်းကျင်ပြောင်းလဲမှုများရှိလာသည်။ ထိုသို့ ပြောင်းလဲမှုကြောင့် ရောဂါဆန်းများ၊ သဘာဝဘေးအန္တရာယ်ဆန်းများ ကြုံလာရသည်။ ဖွံ့ဖြိုးဆဲ နိုင်ငံများအနေဖြင့် ဖွံ့ဖြိုးပြီးသား နိုင်ငံများကို အားကျတတ်ရာ ထိုနိုင်ငံများကို အမီလိုက်နိုင်ရန် ကဏ္ဍစုံတွင် တိုးတက်အောင် ကြိုးစားလာကြသည်။ ယနေ့အချိန်တွင် နျူကလီးယားစွမ်းအင် ပိုင်ဆိုင်လိုမှုအတွက် ပို၍ ကြိုးစားသည်ကို တွေ့ရှိရပြန်သည်။

နျူကလီးယားစွမ်းအင်ကြောင့် ရရှိသောအကျိုးကျေးဇူးများရှိသကဲ့သို့ ဆိုးကျိုးများစွာလည်း ရှိနေသည်။ နျူကလီးယားတွင်ပါဝင်သည့် ရေဒီယိုသတ္တိကြွပစ္စည်းများကြောင့် လူသားတို့ကို သွေးကင်ဆာဖြစ်ပေါ်စေသည်။ နျူကလီးယားစက်ရုံမှ ထုတ်လွှတ်သည့်ရေဒီယိုသတ္တိကြွပစ္စည်း အညစ်အကြေးများတွင် ပါဝင်သည့်အဆိပ်သင့်ပါက အင်္ဂါမစုံသည့် ကလေးများ မွေးဖွားတတ်သည်။ နျူကလီးယားအဆိပ်သင့်သည့် မိခင်မှမွေးဖွားသော ကလေးသည် ဦးခေါင်းသေးတတ်သည်။ စစ်တမ်းများအရ ရေဒီယိုသတ္တိကြွပစ္စည်းများရှိသည့် ဒေသတွင် မွေးဖွားသည့် ကလေးများသည် အခြားဒေသတွင်မွေးဖွားသည့် ကလေးများထက် အင်္ဂါမစုံဘဲ မွေးလာကြသည်ကို တွေ့ရှိရသည်။

ကမ္ဘာမြေကြီးအတွင်း သဘာဝပတ်ဝန်းကျင်ညစ်ညမ်းစေသည့် အရာများထဲတွင် ပိုးသတ်ဆေးအန္တရာယ်လည်းပါဝင်နေသည်။ သက်ဆိုင်ရာမှ ညွှန်ကြားချက်အတိုင်းသုံးစွဲလျှင် ဘေးကင်းနိုင်သော်လည်း လွဲမှားစွာအသုံးချမှုများကြောင့် မလိုလားအပ်သောဆုံးရှုံးမှုများ ဖြစ်ပေါ်နေကြရသည်။ ပိုးသတ်ဆေးကြောင့် အနာဂတ်တွင် တိရစ္ဆာန်များသာမက လူသားများပါ အန္တရာယ်နှင့် ရင်ဆိုင်ကြရမည်ဖြစ်သည်။ အချို့ပိုးသတ်ဆေးများသည် အနည်းငယ်မျှစားမိရုံဖြင့် အသက်ဆုံးသည်ထိ ဖြစ်စေသည်။ အသက်မဆုံးသည့်တိုင် ရောဂါခံစားပြီး မျိုးရိုးဗီဇချွတ်ယွင်းကြရ၏။ ပိုးသတ်ဆေးထုတ်လုပ်ရာတွင် အာဆင်းနစ်၊ ကြေးနီ၊ ခဲ၊ မဂ္ဂနီ၊ သွပ်နှင့် အခြားပစ္စည်းတို့ပါဝင်ပြီး အာဆင်းနစ်သည် အဆိပ်သင့်ဓာတ်တစ်မျိုးဖြစ်သည်။ ခေတ်မီစိုက်ပျိုးရေးစနစ်များဆောင်ရွက်ရာတွင် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ဆည်မြောင်း၊ ရေကာတာတို့ဖြင့် ပံ့ပိုးအားဖြည့်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် လေထု၊ မြေထု၊ ရေထု အစရှိသည့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို အတတ်နိုင်ဆုံးရှောင်ကြဉ်နိုင်ရန် လိုအပ်သည်။

ကမ္ဘာမြေပေါ်တွင် မှီတင်းနေထိုင်သည့် လူသားတို့အတွက် တောတွင်းတိရစ္ဆာန်များနှင့် အခြားသတ္တဝါများ၏အခန်းကဏ္ဍကလည်း အရေးပါလျက်ရှိသည်။ ကမ္ဘာဦးအစက ရှိနှင့်ခဲ့သည့် တောတွင်းသတ္တဝါများမှာ ယနေ့အချိန်တွင် အချိုးအစားလွန်ကဲစွာ လျော့နည်းခဲ့ပြီဖြစ်၏။ အချို့သတ္တဝါများမှာ မျိုးသုဉ်းပျောက်ကွယ်သွားခဲ့ကြသည်။ သစ်တောသစ်ပင်များရှားပါးမှုကြောင့် တောကိုအမှီပြုနေထိုင်ကြသည့် သတ္တဝါများ ပျောက်ကွယ်ခဲ့ရခြင်းဖြစ်သည်။ ပြောင်းလဲလာသော သဘာဝပတ်ဝန်းကျင်၏ ဒဏ်ကိုမခံနိုင်သည့်အတွက် ဒိုင်နိုဆောများ မျိုးသုဉ်းခဲ့ကြသည်။ သားကောင်များ မျိုးသုဉ်းပျောက်ကွယ်မှုမရှိစေရေးအတွက် နိုင်ငံတိုင်းတွင် ဘေးမဲ့တောများထားရှိကာ ကာကွယ်မှုများ ပေးနေကြသည်။ တောတွင်းတိရစ္ဆာန်တို့မှာ လူသားတို့အကျိုးစီးပွားကိုများစွာအထောက်အကူပြုလျက်ရှိသည်။ လူ့သမိုင်းနှင့် ကမ္ဘာ့သမိုင်းကို ခြေရာခံနိုင်ရန် သားကောင်များ၏အရိုးစုများမှတစ်ဆင့် ဖော်ထုတ်ကြရသည်။ သိပ္ပံနှင့် ဆေးပညာ သုတေသနလုပ်ငန်းများအတွက်လည်း သားကောင်များက အထောက်အကူပြုနေသည်။ ထို့ပြင် လူသားအကျိုးပြုလုပ်ငန်းများတွင် သားငှက်တိရစ္ဆာန်များ ရှိနေစေရန်အတွက် ရေရှည်ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ပေးကြရန် အရေးကြီးသည်။

ကျွန်ုပ်တို့နေထိုင်ရာကမ္ဘာကြီးကို အကျည်းတန်အောင် ပြုလုပ်သည့်အထဲတွင် ပလတ်စတစ်အန္တရာယ်လည်း တစ်ခုအပါအဝင်ဖြစ်၏။ နည်းလမ်းမျိုးစုံဖြင့် စွန့်ပစ်လိုက်ကြသော ပလတ်စတစ်များ၏ နောက်ဆုံးထွက်ပေါက်မှာ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ပင်လယ်သမုဒ္ဒရာတို့သာဖြစ်ကြသည်။

ပလတ်စတစ်ဆိုးကျိုးကြောင့် သေဆုံးကြရသော ရေနေသတ္တဝါများမှာ နှစ်စဉ်မနည်းလှပေ။ ထိုင်းနိုင်ငံရှိ ကုန်တိုက်တစ်ခုတွင် ပလတ်စတစ်သုံးစွဲမှုလျော့နည်းစေရေးအတွက် ပလတ်စတစ်အစား ဖက်ရွက်များဖြင့် စားသောက်ကုန်များကို ထုပ်ပိုးဝန်ဆောင်မှုပေးသည့် သတင်းတစ်ခုကို မှတ်သားခဲ့ဖူးသည်။ ပလတ်စတစ်သုံးစွဲမှုနှင့်ပတ်သက်၍ ကျန်းမာရေးအသိပညာပေးမှုများ ဆောင်ရွက်နေသည့်တိုင် ထိရောက်မှု အားနည်းလျက်ရှိနေသေးသည်။

ကိုယ်လက်အင်္ဂါ အစိတ်အပိုင်းများစွာဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော လူသားတစ်ဦးအနေဖြင့်လည်း ကမ္ဘာမြေကြီးနှင့်ပမာ တူလျက်ရှိသည်။ လူ့ခန္ဓာကိုယ်တွင်း လည်ပတ်လျက်ရှိသော သွေးကြောများသည် မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ပင်လယ်သမုဒ္ဒရာများပမာ အထောက်အပံ့ပေးလျက်ရှိရာ ထိုသွေးကြောများ သန့်ရှင်းမှုရှိပြီး လှုပ်ရှားမှုကောင်းစေရန် ကျန်းမာရေးအမြင်ရှိစွာ နေထိုင်စားသောက်ရမည်။ အရွယ်မတိုင်မီ ခန္ဓာကိုယ်ပျက်စီးယိုယွင်းမှုမရှိစေရေးအတွက် သဘာဝပတ်ဝန်းကျင်နှင့် လျော်ညီစွာ ဂရုတစိုက်နေထိုင်ရမည်။ သို့မှသာ သက်ရှည်ကျန်းမာသော လူ့ဘဝတစ်ခုကိုထူထောင်နိုင်မည်ဖြစ်သည်။

လူသားတိုင်းသည် မိမိတို့ခန္ဓာကိုယ်ကို အလေးထားမြတ်နိုးသကဲ့သို့ မိမိတို့မှီတင်းနေထိုင်လျက်ရှိသည့် နိုင်ငံတော်ကိုလည်း ဂရုတစိုက်ချစ်ခင်မြတ်နိုးကြရန် လိုအပ်သည်။ နိုင်ငံတော်အတွက် နိုင်ငံသားကောင်းပီသစွာ စဉ်းစားတွေးခေါ်ပေးခြင်းသည် ကမ္ဘာကြီးအတွက် ပထမခြေလှမ်းကို စတင်လှမ်းပေးခြင်းပင်ဖြစ်သည်။ ကမ္ဘာကြီးတွင် တိုးလာသည့် လူဦးရေနှင့်လျော်ညီသည့် နေထိုင်စားသောက်မှုများကို ဖြေရှင်းနေကြရသည်။ သက်ရှိ၊ သက်မဲ့နှင့် ပတ်ဝန်းကျင်တို့မှာ အပြန်အလှန်အမှီသဟဲပြုနေကြသောကြောင့် လူသားမျိုးနွယ် ဆက်လက်တည်တံ့စေနိုင်ရေး၊ တိရစ္ဆာန်များမျိုးမသုဉ်းရေး၊ သီးနှံရိက္ခာများ တိုးပွားရေးတို့အတွက် သဘာဝပတ်ဝန်းကျင်ကို မပျက်ယွင်းစေဘဲ စက်မှုသိပ္ပံပညာတို့ဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

စာမျက်နှာ ၁၁ သို့ á

# နေခြည်ဖြာ၍ လင်းစေသား ဇာတ်လမ်းတွဲကန်တော့ပွဲပေးအခမ်းအနားကို အလုံမြို့နယ်ရှိ အိမ်တော်ရာစေတီတော်တွင် ပြုလုပ်



**ရန်ကုန် စက်တင်ဘာ ၁၈**

နေခြည်ဖြာ၍ လင်းစေသား ဇာတ်လမ်းတွဲ ကန်တော့ပွဲပေး အခမ်းအနားကို စက်တင်ဘာ ၁၇ ရက်က ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ အိမ်တော်ရာ စေတီတော်တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း အဆိုပါ နေခြည်ဖြာ၍ လင်းစေသား ဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်မည့် သရုပ်ဆောင် မြတ်ရတနာကျော်ထံမှ သိရသည်။

အဆိုပါ နေခြည်ဖြာ၍ လင်းစေသား ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို ချစ်ခိုင်စံက ခံစားရေးဖွဲ့ထားကာ ညီအောင်ညီက ဇာတ်ညွှန်းရေးသားထားပြီး ဒါရိုက်တာ သူတော် (သိနေဟ)က တာဝန်ယူ ပုံဖော်ရိုက်ကူးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီကာရိုက်တာလေးက မြတ်မရိုက်ဘူးသေးတဲ့ ပုံစံလေးမို့ လက်ခံဖြစ်တာပါ။ မြတ်က အစိုးရ ကျောင်းဆရာမလေး ဆိုတော့ မြတ်လဲစိတ်ဝင်စားတယ်။ ယုံယုံကြည်ကြည် ကမ်းလှမ်းပေးလို့ လက်ခံဖြစ်တာပါ။ ဖြစ်ရပ်မှန် ဇာတ်လမ်းလေးပါ။ ပင်းတယမှာ ရိုက်မှာဖြစ်တယ်။ ပရိသတ်တွေ ဘယ်လို အကြိုက်တွေ့စေမလဲဆိုတာကို မကြာခင်တွေ့ရမှာပါ"ဟု သရုပ်ဆောင် မြတ်ရတနာကျော်က ပြောပြသည်။

နေခြည်ဖြာ၍ လင်းစေသား ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် လင်းထည်ဝါ၊ လပြည့်သားညီ၊ ဧည့်သည်သရုပ်ဆောင် ကျော်ဆု၊ ကျော်ဇေယျ၊ အေးဝတ်ရည်သောင်း၊ မြတ်ရတနာကျော်၊ မိုးခန့်၊ သာသာ၊ ဟန်နီစုစံ၊ မေဘယ်လ်၊ ဝင်းလဲ့ရွှေရည်၊ ဇူဇူးဟန်နီထွေး၊ ရွှေအင်ကြင်း၊ ရတီနန္ဒာ၊ သက်ထားစံ၊ ချောရတီစိုး၊ အိမ့်ဟန်နီဖြူနှင့် အနုပညာရှင်များစွာ ပါဝင်ကြမည်ဖြစ်ကြောင်း သရုပ်ဆောင် မြတ်ရတနာကျော်က ပြောပြ၍ သိရသည်။

ASH

# တေးသံရှင် မိုးမိုး၊ နောနော်၊ ဝနတို့၏ တေးဂီတဖျော်ဖြေပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ The Heart of Rangoon –THOR တွင် ပြုလုပ်မည်

**ရန်ကုန် စက်တင်ဘာ ၁၈**

တေးသံရှင် မိုးမိုး၊ နောနော်၊ ဝနတို့၏ တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ The Heart of Rangoon –THOR ၌ စက်တင်ဘာ ၂၅ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း အဆိုပါ တေးဂီတဖျော်ဖြေပွဲတွင် ပါဝင်ဖျော်ဖြေမည့် တေးသံရှင် နောနော်ထံမှ သိရသည်။

အဆိုပါ တေးသံရှင် မိုးမိုး၊ နောနော်၊ ဝနတို့၏ တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို Music Slave Music Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

"The Heart of Rangoon – THOR မှာ Music Slave Music Band တီးဝိုင်းနဲ့ အစီအစဉ်ကောင်းလေးတစ်ခု ရှိပါတယ်။ တေးသံရှင်တွေကလဲ တဝကြီး ဖျော်ဖြေသွားကြမဲ့ညမို့ ရော့ခ်ဂီတရဲ့ညတစ်ညကို လက်မလွှတ်တမ်းလာရောက် အားပေးစေချင်တယ်" ဟု တေးသံရှင် နောနော်က ပြောပြသည်။




တေးသံရှင် မိုးမိုး၊ နောနော်၊ ဝနတို့၏ တေးဂီတဖျော်ဖြေပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ The Heart of Rangoon –THOR တွင် စက်တင်ဘာ ၂၅ ရက် ည ၆ နာရီ မိနစ် ၃၀ ကနေ ည ၉ နာရီထိ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း တေးသံရှင် နောနော်က ပြောပြ၍ သိရသည်။

ASH

á စာမျက်နှာ ၁၀ မှအဆက်

အနာဂတ်ကမ္ဘာကြီးနှင့်အတူ လူသားတို့ သက်တမ်းရှည်နိုင်ရေးအတွက် စက်မှုသိပ္ပံများကိုလည်း တီထွင်ကြံဆပြီး အခြားတစ်ဖက်မှလည်း ပတ်ဝန်းကျင် မညစ်ညမ်းစေရန်ကြိုးပမ်းကြရမည်။ စာရေးသူတို့နိုင်ငံအနေဖြင့်လည်း လူမှုစီးပွားဖွံ့ဖြိုးရေးစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြစ်အောင် တွက်ချက်ဆောင်ရွက်လျက်ရှိသည်ကို လေ့လာသိရှိရသည်။

လက်ရှိကမ္ဘာ့အပူချိန်သည် ၁၈၀၀ ပြည့်နှစ်များနှင့်စာလျှင် ပျမ်းမျှသုည ဒသမ ၈၄ ဒီဂရီစင်တီဂရိတ် တိုးလာပြီး ၂၁၀၀ ပြည့်နှစ်တွင် သုံးဒီဂရီစင်တီဂရိတ်ထိ တိုးလာနိုင်ကြောင်း သိပ္ပံပညာရှင်များက ခန့်မှန်း ထားကြသည်။

ပတ်ဝန်းကျင်ညစ်ညမ်းမှုကိုထိန်းသိမ်းနိုင်ရန်မှာ ပတ်ဝန်းကျင်သာယာရေးကို အလေးပေးလုပ်ဆောင်ရန်သာဖြစ်သည်။ ဆုံးရှုံးမျိုးသုဉ်းလုဆဲဆဲ သတ္တဝါများနှင့် ပျက်စီးကုန်သော သစ်တောများကို အချိန်မီပြန်လည်အစားထိုးရမည်။ မလိုလားအပ်သော ကာဗွန်ထုတ်လုပ်မှုများ၊ ပလတ်စတစ်သုံးစွဲမှုများ၊ မီသိန်းထုတ်လွှတ်မှုများကို လျှော့ချခြင်းဖြင့် ကမ္ဘာမြေကြီးကိုကာကွယ်ရမည်။ နိုင်ငံတိုင်း နိုင်ငံတိုင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာဖွယ်ရာများကို လက်တွေ့ကျကျလိုက်နာမှသာ နိုင်ငံတစ်နိုင်ငံမှသည် တစ်ကမ္ဘာလုံး သဘာဝကပ်ဘေးဆိုးများနှင့်ကင်းဝေးမည်ဖြစ်သည်။ ဘိုးဘေးဘီဘင်တို့ စိုက်ပျိုးခဲ့သော သစ်တောသယံဇာတများသည် ပစ္စုပ္ပန်လူသားများ အကျိုးစီးပွားအတွက် လက်တွေ့ဆောင်ကြဉ်းပေးလျက်ရှိသည်။ သို့ဖြစ်ပါ၍ သားစဉ်မြေးဆက် အနာဂတ်လူသားများအတွက် လက်ဆင့်ကမ်းပေးရမည်မှာ နိုင်ငံသားအားလုံး၏ တာဝန်ပင်ဖြစ်ပေသည်။ တစ်နည်းဆိုရလျှင် နိုင်ငံတော်သာယာစေရေးအတွက် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရမည်မှာ ကျွန်ုပ်တို့အားလုံး၏ သမိုင်းပေးတာဝန်တစ်ရပ်ဟု ဆိုရမည်ဖြစ်ပေသည်။

**ကိုးကား**

**– စိုပြည်သာယာမြေကမ္ဘာ( စာပေဗိမာန်)**

# Subversion ဇာတ်ကား၌ မင်းသမီး ထရီဆာပယ်မာ ပါဝင်မည်

**နယူးယောက် စက်တင်ဘာ ၁၈**

Amazon MGM စတူဒီယို၏ Subversion ဇာတ်ကား၌မင်းသမီး ထရီဆာပယ်မာ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း စက်တင်ဘာ ၁၇ ရက် သတင်းများအရ သိရသည်။

Subversion ဇာတ်ကားတွင် မင်းသမီး ထရီဆာပယ်မာသည် မင်းသား ခရစ်ဟမ်းစဝပ်၊ မိုက်ကယ်ပီနား၊ မင်းသမီး လီလီဂျိမ်းတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားသည် တရားမဝင်ကုန်သည်များကို ရေငုပ်သင်္ဘောတစ်စီးဖြင့် နိုင်ငံတကာရေပြင်ကိုဖြတ်၍ ပို့ဆောင်ပေးရန် ဒုစရိုက်အဖွဲ့တစ်ဖွဲ့၏ အကျပ်ကိုင်မှုနှင့် ရင်ဆိုင်နေရသော အမေရိကန်ရေတပ်အရာရှိတစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Subversion ဇာတ်ကားကို ဒါရိုက်တာ ပက်ထရစ်ဗိုးရက်က တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို အင်ဒရူးဖာဂူဆန်က ရေးသားပေးထားသည်။

အဆိုပါဇာတ်ကား၌ မင်းသမီး ထရီဆာပယ်မာ ပါဝင်သရုပ်ဆောင်ရမည့်ဇာတ်ကောင်နေရာကို မသိရသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# အကောင်းဆုံးနိုင်ငံတကာရုပ်ရှင်ဇာတ်ကားဆုအတွက် Kafka ဇာတ်ကားကို ပိုလန်ရွေးချယ်တင်သွင်း

**နယူးယောက် စက်တင်ဘာ ၁၈**

၉၈ ကြိမ်မြောက် အော်စကာ ရုပ်ရှင်ဆုပေးပွဲ အကောင်းဆုံး နိုင်ငံတကာရုပ်ရှင် ဇာတ်ကားဆုအတွက် Kafka အမည်ရှိ ဇာတ်ကားကို ပိုလန်နိုင်ငံက ရွေးချယ်တင်သွင်းထားကြောင်း စက်တင်ဘာ ၁၇ ရက် သတင်းများအရ သိရသည်။

Kafka ဇာတ်ကားသည် ချက်စာရေးဆရာ ဖရန့်ကတ်ဖကာ၏ ဘဝကို အခြေခံရိုက်ကူးထားသော ဘဝအတ္ထုပ္ပတ္တိ ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Kafka ဇာတ်ကားကို ပိုလန်အမျိုးသမီး ဒါရိုက်တာ အဂ္ဂနိကာ ဟော်လန်းက တာဝန်ယူရိုက်ကူးပေးထားခြင်းဖြစ်သည်။

Kafka ဇာတ်ကားကို ယခုနှစ် တိုရွန်တိုနိုင်ငံတကာ ရုပ်ရှင်ပွဲတော်၌ ပွဲဦးထွက်ပြသခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၉၈ ကြိမ်မြောက် အော်စကာဆုပေးပွဲ အကောင်းဆုံးနိုင်ငံတကာ ရုပ်ရှင်ဇာတ်ကားဆု ဆန်ခါတင်ဇာတ်ကားများစာရင်းကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၄ ရက်တွင် ကြေညာမည်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# Acting President and SSPC Chairman of the Republic of the Union of Myanmar Senior General Min Aung Hlaing attends opening of Dawei City Hall, presents prize to outstanding student who passed the matriculation examination 2025 with six distinctions in science combination


Senior General Min Aung Hlaing addresses the ceremony to present a prize to outstanding student who passed the matriculation examination 2025 with six distinctions in science combination.

**Nay Pyi Taw September 18**

A cermeony to inaugurate the new city hall in Dawei of Taninthayi Region took place this morning, attended by Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing.

On arrival at the venue where the new city hall of Dawei will be opened, Acting President and SSPC Chairman of the Republic of the Union of Myanmar Senior General Min Aung Hlaing, accompanied by his wife Daw Kyu Kyu Hla, Secretary of the Commission and Joint Executive Chief General Ye Win Oo and his wife, Union ministers and senior Tatmadaw officers from the Office of the Commander-in-Chief, was warmly welcomed by the Chief Minister of Taninthayi Region, the commander of Coastal Region Command, officials, town elders, departmental officials, students and residents.

**Opening ceremony of Dawei City Hall**

On the agenda, Joint Executive Chief General Ye Win Oo, Union Minister for Agriculture, Livestock and Irrigation U Min Naung, Union Minister for Science and Technology Dr Myo Thein Kyaw, Taninthayi Region Chief Minister U Myat Ko, and Commander of the Coastal Region Command Maj-Gen Kyaw Kyaw Han cut the ribbon to open the city hall.

The Acting President and SSPC Chairman of the Republic of the Union of Myanmar pressed the button to unveil the new city hall building of Dawei. The Acting President and SSPC Chairman of the Republic of the Union of Myanmar and party sprayed the building.

In the city hall, the awarding for outstanding student took place as the second section of the ceremony. The Chief Minister of the region


The ribbon being cut to open the Dawei City Hall.


Senior General Min Aung Hlaing sprinkles scented water on the signboard of Dawei City Hall.

reported on measures of the new city hall building.

The Senior General on his inspection tour of Dawei in 2022 allowed construction of the city hall, necessary for Dawei. The Dawei City Hall was built starting from 2023-24 financial year, and it is a one and a half storey RCC building with 40,364 square feet of area.

**Awarding outstanding students**

In his speech which emphasized the education sector and the purpose of awarding the outstanding students, the Senior General said that for a nation's development and stability, every citizen must be equipped with knowledge, skills, and critical thinking. This is especially important for a country, which is in the process of transitioning to a democratic system. All ethnic nationalities must be able to think critically, distinguish right from wrong, and contribute to the well-being of the nation and the people. To achieve this, education for all citizens is essential. Therefore, the government has adopted the motto: "Let us ensure education sector for the development of the Nation."

The State presents handsome prizes to outstanding youths and those who outstandingly passed the matriculation examinations yearly while enhancing the education sector. This year, Ma Myat Yadana Thin will be honoured for her outstanding performance in the matriculation exam this year with distinctions in all subjects.

Looking at the matriculation examination pass rates in Taninthayi Region since 2021: in 2021, the pass rate was 45.95 per cent; in the 2022–23 academic year, it rose to 68.03 per cent; in 2023–24, it stood at 48.38 per cent. For the 2024–25 academic year, the pass rate reached 50.58 per cent, showing an improvement compared with the previous year.

In the exam, a total of 23 students secured six distinctions four years. There were 62 students with five distinctions, 110 students with four distinctions, 164 students with three distinctions, 420 students with two distinctions and 1,663 students with one distinction. During the period, one student stood first in the entire nation in the arts and science combination at the matriculation exam. Such progress in the education sector is attributed not only to the dedication and responsible efforts of parents and teachers but also to the hard work and perseverance of the students.

From 2021 to 2025, over the past four years, among those who passed the matriculation examination, 18 are attending medical universities, 152 are attending technological universities, and 196 are studying at Dawei Polytechnic University. In addition, four industrial, agriculture and livestock high schools have been opened in four districts of Taninthayi Region, where students are being trained in basic vocational skills for their livelihoods.

*See Page 14*

# Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing meets departmental officials and elders from Dawei, Thaninthayi Region, discusses regional development




Senior General Min Aung Hlaing pays homage to Dawei Lawka Marazein Buddha image.

**Nay Pyi Taw September 18**

Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing met departmental officials and elders from Dawei, Thaninthayi Region, this morning at Dawei town hall, and discussed regional development.

Also present at the meeting together with the Senior General were Commission Secretary Joint Executive Chief General Ye Win Oo, union ministers, U Min Naung, Dr Myo Thein Kyaw, Taninthayi Region Chief Minister U Myat Ko, senior military officers from Office of Commander-in-Chief, the Coastal Region Command commander, deputy ministers, officials, and members of region government.

**Reports on regional points and ongoing development undertakings**

The chief minister presented a report on salient points of the region, successful agricultural activities in it and efforts to hit the per-acre yield target, extension of raw edible oil and finished edible oil mills, rubber and coffee cultivation and yield, activities for further progress of breeding industry, extension of fish resources and marine products manufacturing factories, electrification programs in all rural and urban areas, arrival of foreign tourists at tourist destinations in the region, opening of schools in the region and education activities, matriculation examination pass rate, opening of mechanical, agricultural basic education high schools, provision of healthcare services, mangrove forests conservation and environmental conservation through large-scale tree-growing ceremonies, and ongoing development activities in Dawei area.

Local elders and officials of organizations and associations reported on necessary assistance to facilitate the exportation of raw rubber and increase profits, develop fish and other marine resources farming in Daweil district, extend roundtrip flights, promote MSMEs and improve road transportation in the area and requirements for regional development.

**Clarifications of union ministers and officials**

In response, union ministers and deputy ministers said rubber exports from Myanmar must meet international terms and conditions and certification standards, and the goods will find more markets if they are exported through the legal means set up by the state. Regarding kitchen crop cultivation and land for MSME industrial zones, applications can be presented in accord with the set rules. As the national economic development fund is disbursing loans business wise for specific periods, they must be received and repaid in accord with rules. Students from Taninthayi Region can attend the agriculture and farming university that will be opened in the academic year 2025-2026 in Ayeyawady Region and new universities will also be set up annually. Taninthayi Region must strive for the success of coffee cultivation as it has resources for the successful growing of lowland coffee. The State will provide assistance for entrepreneurs to run sea prawn farming in accord with the set rules, and the products have high foreign demand. Passenger availability of flights of State-owned and private airways to towns in Taninthayi Region. Efforts are underway to establish airports that can handle large cargo planes for direct aquatic product exports. Dawei jetty is ready to be upgraded for the smooth flow of passengers and goods along the coast. They also explained the opening of universities, colleges and basic education for development of human resources, skilled in science and technology. The chief minister said the requirements of local elders and businesspersons will be relayed to the relevant ministries to be fulfilled through coordination.

**Discussion on Regional Development**



Senior General Min Aung Hlaing inspects Shweweithiri stadium.

Following this, the Senior General, in his discussion on development matters in the Dawei region, stated that Dawei is a city with a long history and has been a city with a good historical record since the struggle for independence. Culturally, it has also been a region with a strong foundation for many centuries. In recent years, he had visited the Dawei region and, upon noticing the need for a city hall, had taken action to have a new building constructed. Furthermore, he had also facilitated the upgrading of the Shweweithiri sports ground and had given instructions regarding the necessary measures for upgrading Dawei Airport.

Regarding the rubber products mentioned in the presentations, he noted that the raw rubber materials produced in our country need to be upgraded. While efforts will be made to facilitate the easy export of raw rubber materials abroad, if they can be upgraded, better market access and prices can be obtained. Besides exporting raw materials, it would be more beneficial if value-added rubber products such as tyres, tubes, and consumer goods could be produced to a standard that captures the market. Therefore, the State is encouraging and supporting the development of the rubber product industry and is also providing investment funds. In rubber cultivation, based on the plant's lifespan and potential yield, it is necessary to cultivate with calculation, including the provision of inputs, to establish a continuous rubber production chain. As rubber products will always be in demand for the State, emphasis must be placed on developing rubber-based industries.

**Development of Fish, Prawn, Crab, Marine Products, and Livestock Breeding Industries**

There is a significant demand for fish, prawn, crab, and marine product meat in our neighbouring countries. We can obtain fish and marine products through natural catching and can also successfully undertake breeding operations to produce them. Therefore, fish and prawn breeding industries, for which there is market demand,

*See Page 14*



Senior General Min Aung Hlaing meets departmental officials and elders from Dawei, Thaninthayi Region.

*From Page 13*

need to be expanded, and it is necessary to sufficiently produce the required feed for the breeding industry domestically. Consequently, it is necessary to take action to develop both inshore and offshore fishing operations within our maritime territory, and required support will be provided. Similarly, necessary assistance and support will be provided for the development of fish and prawn breeding industries.

To further develop regional economic activities and improve connectivity, work is underway to upgrade and expand Dawei Airport. Arrangements will also be made to expand and operate more inter-island flight routes, such as to Bokpyin and Kawthaung. Regarding Dawei Port, measures are being taken to carry out river dredging work to facilitate the smooth entry and exit of vessels in the Dawei River. The best efforts will be made to support the upgrading of Dawei Port.

The State has provided investment capital for livestock breeding industries and their development, and he urged efforts to make these ventures successful. The high prices of meat, fish, and basic food commodities are due to high production costs and an imbalance between supply and demand. Furthermore, illegal trade also causes commodity price inflation. Efforts are being made to ensure commodity prices are at reasonable levels, and action is being taken to combat illegal trade flows. Illegal trade not only causes high commodity prices but also significantly damages and causes losses to the State's rightful tax revenues. Therefore, efforts are being made to encourage domestic production to substitute for imports. If domestic production can meet internal demand and also produce quality goods for export, it will greatly contribute to the country's economic development. The Taninthayi Region also needs to strive to increase regional production to promote both regional and national economies.

He stated that his visit was to provide necessary support for the development of economic activities within the Taninthayi Region and to mutually discuss requirements. For regional development, besides the government's efforts, all local people also need to collectively strive and work together. It was observed that due to the inability to achieve target per-acre yield rates in the Dawei region, there is a lack of rice sufficiency in the region. By ensuring regional rice sufficiency, the circulation of money within the region will improve, greatly aiding the regional economy. Similarly, efforts must be made to increase the yield of other crops and achieve target yield rates. The funds that would be spent on buying from outside due to a lack of regional sufficiency should instead be used for regional development in other areas to foster the region's progress.

**Development of agro-based industries**

It is necessary to exert efforts for development of agro-based industries and Robesta coffee can be grown in Taninthayi region. Favorable conditions in the region must be utilized beneficially and agro-based industries must be implemented by growing coffee, cocoa, durian, cashew and coconut trees, which are suitable in the region. Similarly, bamboo and rattan resources are abundant in the region and if value-added products can be manufacture from them, contribution can be made for regional economic development.

Measures must be taken to produce goods successfully to export them to other regions and countries by carrying out agriculture and livestock breeding tasks successfully. If systematic and consistent production based on agriculture and livestock breeding can be implemented, not only regional socio-economic development but also national economic development can be achieved.

**Nurturing educated human resources**

To be able to do so, human resources instilled with knowledge and technology must be cultivated. Therefore, it is necessary for us to promote education without fail and it was found that class pass rates in the region dropped. Concerted efforts must be made to enable all school-aged children to go to school to attain formal education and to achieve higher pass rates. The government has been taking measures for higher education standards of the country and it is necessary to make efforts to nurture abundant human resources because education weaknesses will force people to work in other regions under the leadership of other peoples. It is necessary for us to place emphasis on nurturing human resources that will lead the future of the country.

The government is ready to fulfill the needs for socio-economic development of the region and local residents are urged to make concerted efforts for regional development.

After the ceremony, the Senior General and party cordially greeted the attendees and observed the MSME exhibition booths of industries in the region, inquiring about matters of interest.

Then, the Senior General and his wife and party proceeded to the home for the elderly in Dawei, paid respects to the elderly before donating supplementary edible bird-nest, foodstuffs and clothes. Afterward, the Senior General and party asked after the health of the elderly and cordially greeted them.

Then, the Senior General inspected the home for the elderly and gave necessary instruction on reports of officials before donating cash for the home for the elderly.

Afterward, the Senior General and party inspected places in the town and Seikkantha Road by car.

Then, the Senior General and his wife and party offered flowers, water and lights at landmark of Taninthayi region the Dawei Lawka Marazein Buddha image and the Shwetaungsar Pagoda and paid obeisance to the Buddha image and pagoda by circling clockwise. Then, the Senior General signed the guest book of the pagoda.

Then, the Senior General and his wife and party donated cash for the pagoda to members of the pagoda board of trustees, who presented a certificate of honor to the Senior General.

Then, the Senior General and party paid respects to the Shwetaungsar pagoda and gave instruction on offering gold robes to the pagoda.

Then, the Senior General and party arrived at Shweweithiri stadium and inspected the upgrading of it before giving necessary instructions.

Afterward, the Senior General and party arrived at Dawei airport and heard reports on upgrading the airport and its runway reported by the deputy minister of transport.

After hearing the reports, the Senior General gave necessary instructions on long-term systematic tasks and other needs. 100

---

*From Page 12*

A truly outstanding person achieves success only through the strict guidance of parents and teachers from an early age, along with perseverance and effort since childhood. As the saying goes, "A good beginning ensures a sure ending." Just like Ma Mya Yadana Thin, the Dawei region has produced many distinguished individuals known across the nation and the world, such as Prime Ministers U Ba Swe and U Sein Win, Colonel Ba Htoo, hot-air balloon innovator U Kyaw Yin, Thura Ma Chit Po, artist U Ngwe Kyaing, Auditor General of the State U Ohn Tin, Maung Dawei U Pe Aye, and weightlifting champion of the peninsula games U Pe Aye, among many others who cannot all be mentioned here. These figures are a source of pride for Taninthayi Region.

Just as the government is working to enhance the education sector, parents and teachers are urged to guide, instruct, and train their children and students to become knowledgeable, upright, and capable individuals. Students, in turn, should listen attentively to their parents' and teachers' guidance and teachings, absorb and apply them, and strive to become well-educated, skilled, and outstanding in various fields—good citizens of the nation who are reliable and dependable for the country's future.

The Senior General and his wife presented the honorary award to Ma Myat Yadana Thin from Dawei Township of Taninthayi Region, who secured six distinctions in the science combination of the matriculation examination 2025.

After the ceremony, the Senior General cordially greeted six-distinction winner Ma Myat Yadana Thin and her parents. 100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှားအင်ဂျင်နီယာများက FPV စစ်မြေပြင်သုံး တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်တစ်ရပ်ကို စတင်စမ်းသပ်လျက်ရှိ



ရုရှားအင်ဂျင်နီယာများသည် လမ်းညွှန်ထိန်းကျောင်းမှုနှင့် ဒုံးကျည်နည်းပညာတို့ပေါင်းစပ်ထားသော FPV (First Person View) စစ်မြေပြင်သုံး တန်ပြန် ဒရုန်းတိုက်ဖျက်ရေးစနစ်ကို စတင်စမ်းသပ်လျက်ရှိကြောင်း Defence Blog သတင်းဌာနက စက်တင်ဘာ ၁၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်သစ်ကို ရုရှားနိုင်ငံ "Vektor" အဖွဲ့မှ တီထွင်ထားဖြစ်ပြီး၊ ပခုံးထမ်းဒုံးလေကြောင်းရန် ကာကွယ်ရေးစနစ် (MANPADS)နှင့် FPV ဒရုန်းလမ်းညွှန်ထိန်းကျောင်းမှုနည်းပညာတို့ကို ပေါင်းစပ်အသုံးပြုထားခြင်းလည်းဖြစ်သည်။

စနစ်၏ရည်ရွယ်ချက်မှာ ပြွန်ဖြင့်ထည့်သွင်းပစ်လွှတ်နိုင်မည့် အစိုင်အခဲလောင်စာသုံး အားဖြင့်ကိရိယာဖြင့်ကြားဖြတ် တိုက်ခိုက်ရေးဒရုန်းတစ်စင်းဖန်တီးထုတ်လုပ်နိုင်ရေးဖြစ်သည်။ ထိန်းချုပ်မောင်းနှင်သူများက FPV မျက်မှန်ကို အသုံးပြုထိန်းကျောင်းနိုင်မည်ဖြစ်ပြီး ရန်သူ့ဒရုန်းကို လေထဲမှာပင် တိုက်ရိုက်ထိမှန် တိုက်ခိုက်ဖျက်ဆီးပစ်နိုင်အောင် ဒီဇိုင်းထုတ်လုပ်ထားသည့် missile-like drone ဒုံးကျည်နှင့်တူသော ဒရုန်းတစ်မျိုးပင်ဖြစ်သည်။ အဆိုပါစနစ်သည် သမားရိုးကျမြေပြင်မှ ဝေဟင်ပစ်စနစ်များနှင့် ရှေ့တန်းစစ်မြေပြင်တွင် အမှန်တကယ်လိုအပ်နေသည့် ကုန်ကျစရိတ်သက်သာသော ဖြေရှင်းနည်းများကြား ကွာဟချက်ကို ဖြည့်ဆည်းပေးနိုင်ရန် တီထွင်ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ ဒရုန်းပစ်လွှတ်သည့် ပြွန်ကိုလည်း 3D ပုံနှိပ်နည်းပညာနှင့် ထုတ်လုပ်ထားသည်။ စနစ်အား တီထွင်ထုတ်လုပ်သူများ၏ ပြောဆိုချက်အရ ပစ်လွှတ်စင်ကို အမြဲတမ်းတပ်ဆင်ထားရန် မလိုအပ်ဘဲ ကြိမ်ဖန်များစွာ ရွှေ့ပြောင်း၊ ချထား၊ တပ်ဖြန့်အသုံးပြုနိုင်မည် ဖြစ်ကြောင်း သိရသည်။

ထူးခြားချက်မှာ ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းကိုလည်း 3D ပုံနှိပ်နည်းပညာဖြင့် ထုတ်လုပ်ထားသောအစိတ်အပိုင်းများနှင့် စနစ်တကျတပ်ဆင်အသုံးပြုနိုင်မည့် ပြောင်းလွယ်ပြင်လွယ် မော်ဂျူလာဖွဲ့စည်းပုံဒီဇိုင်းမျိုး အသုံးပြုထားခြင်းဖြစ်သည်။ ဒရုန်းကိုယ်ထည် ရှေ့ဘက်ခြမ်းတွင် FPV ကင်မရာ၊ အင်တင်နာတို့ပါဝင်ဖွဲ့စည်းထားပြီးနောက်ဘက်တွင် ဖြုတ်လွယ်၊ တပ်လွယ် အစိုင်အခဲလောင်စာသုံးအားမြင့်ကိရိယာကို လူကိုယ်တိုင်ထိန်းကျောင်းမောင်းနှင်သည့် လမ်းညွှန်စနစ် တစ်နည်းအားဖြင့် FPV လမ်းညွှန်ထိန်းကျောင်းမှုစနစ်သည် GPS သို့မဟုတ် အလိုအလျောက် လုပ်ဆောင်နိုင်သည့်စနစ်များကိုကျော်လွှားကာ ကြားဖြတ်တိုက်ခိုက်၊ ဖျက်ဆီးချိန်တွင် ထိန်းချုပ်သူအော်ပရေတာမှပင် တိုက်ရိုက်အမိန့်ပေး၊ တိုက်ပွဲဝင်နိုင်စေမည်ဖြစ်သည်။

ရုရှားအင်ဂျင်နီယာ Vektor အဖွဲ့၏ FPV-interceptor ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းသည် 3D ပုံနှိပ်နည်းပညာဖြင့် ထုတ်လုပ်ထားခြင်း၊ စနစ်တကျတပ်ဆင်လို့ရသော ပြောင်းလွယ်ပြင်လွယ် ဖွဲ့စည်းပုံဒီဇိုင်းအသုံးပြုထားခြင်းနှင့် ကုန်ကျစရိတ်နည်းကာ စစ်မြေပြင်နှင့် လိုက်လျောညီထွေဖြစ်အောင် တီထွင်ဖန်တီးထားသော နည်းပညာများ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ယာဉ်ပေါ်တွင်ဖြစ်စေ၊ မြေပြင်အခြေစိုက်ဖြစ်စေ တပ်ဖြန့်အသုံးပြုနေကြသည့် လေကာစနစ်များနှင့်မတူဘဲ လက်နှင့်ကိုင်ပြီး ပခုံးဖြင့်ထမ်းပစ်လွှတ်နိုင် သည့် တန်ပြန်ဒရုန်းရန် တိုက်ဖျက်ရေးစနစ်သည် လက်ရှိကြုံတွေ့နေရသည့် လေကြောင်းရန် ကာကွယ်ရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် စစ်သည်တစ်ဦးချင်း ကိုယ်ပိုင်အသုံးပြုနိုင်မည့် နည်းလမ်းတစ်ခုအဖြစ် ရွေးချယ်နိုင်စေမည်ဖြစ်ကြောင်း သိရသည်။

**Russia develops FPV-guided rocket drone interceptor ကို ဘာသာပြန်ဆိုထားပါသည်။**

## ဗြိတိန်နိုင်ငံ MGI Engineering ကုမ္ပဏီက တာဝေးပျံသန်းနိုင်သော တိုက်ခိုက်ရေးဒရုန်း TigerShark ကို မိတ်ဆက်ခဲ့

ဗြိတိန်နိုင်ငံအခြေစိုက် MGI Engineering ကုမ္ပဏီက တာဝေးပျံသန်း၍ အလိုအလျောက် တိုက်ပွဲဝင်နိုင်စွမ်းရှိသော တိုက်ခိုက်ရေးဒရုန်း TigerShark ကို လန်ဒန်မြို့ DSEI 2025 ကာကွယ်ရေးပြပွဲတွင် တရားဝင်မိတ်ဆက်ခဲ့ကြောင်း Defence Blog သတင်းဌာနက စက်တင်ဘာ ၁၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဗြိတိန်နိုင်ငံထုတ် အဆိုပါတိုက်ခိုက်ရေးဒရုန်းသည် ခရုဇ်ဒုံးကျည်တစ်စင်းကဲ့သို့ စွမ်းဆောင်ရည်များကို ခရုဇ်ဒုံးကျည်တစ်စင်းတန်ဖိုးထက် များစွာသက်သာသောကုန်ကျစရိတ်နှင့် ရရှိပိုင်ဆိုင်နိုင်စေရန် ရည်ရွယ်ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ တိုက်ခိုက်ရေးဒရုန်းကို တန်ဖိုးမြင့် ပစ်မှတ်များကို တိုက်ခိုက်ရန်အတွက် ရည်ရွယ်ထားပြီး၊ အလေးချိန် ကီလိုဂရမ် ၃၀၀ ထိရှိသော ထိပ်ဖူးများအပါအဝင် payload အမျိုးမျိုးသယ်ဆောင်တိုက်ပွဲဝင်နိုင်စေရန် ဒီဇိုင်းထုတ်ထားသည်။ TigerShark သည် အသံအောက် အလျင်နှုန်း (subsonic speeds) ဖြင့် အကွာအဝေး ကီလိုမီတာ ၇၅၀ ထိ ပျံသန်းနိုင်ပြီး၊ ဒုံးကျည်အကူအညီနှင့် ပစ်လွှတ်နိုင်သည့် rocket-assisted take-off (RATO) စနစ်ကြောင့် မြေပြင်နှင့်ယာဉ်ပေါ်နှစ်မျိုးစလုံးမှ ပျံသန်းစစ်ဆင်နိုင်မည်ဖြစ်သည်။

TigerShark တိုက်ခိုက်ရေးဒရုန်းသည် Auterion ကုမ္ပဏီမှ ထုတ်လုပ်ထားသော အဆင့်မြင့် ကိုယ်ပိုင်လမ်းညွှန်မှုစနစ်ကို အသုံးပြုထားသည့်အတွက်ကြောင့် GPS အချက်ပြမှုများ မရရှိသည့်နေရာများ၊ ဆက်သွယ်ရေး ပြတ်တောက်နိုင်သည့် ပတ်ဝန်းကျင် အခြေအနေများတွင်ပါ စစ်ဆင်ရေး တာဝန်ထမ်းဆောင်နိုင်မည်ဖြစ်သည်။ အဆိုပါ ဒရုန်းသည် မြေမျက်နှာသွင်ပြင်ပုံဖော်ခြင်းနှင့် inertial navigation လမ်းညွှန်စနစ်များကို onboard edge computing နည်းပညာဖြင့် ပေါင်းစပ်ပေးထားသည့်အတွက် တိကျမှု၊ ရှင်သန်ရပ်တည်နိုင်စွမ်း မြင့်မားကောင်းမွန်သည်။




TigerShark တိုက်ခိုက်ရေးဒရုန်းသည် ၂၀၂၅ ခုနှစ် ဇူလိုင်လက MGI ကုမ္ပဏီမှ မိတ်ဆက်ခဲ့သော Sky Shark နည်းဗျူဟာမြောက်ဒရုန်း၏ နောက်ဆက်တွဲဗားရှင်းဖြစ်သည်။ SkyShark ကို တာတို၊ တာလတ်ပျံသန်းစစ်ဆင်ရေးများအတွက် ရည်ရွယ်ပြီး အလေးချိန် ၂၀ ကီလိုဂရမ်ရှိ payload များ တင်ဆောင်နိုင်မည်ဖြစ်သည်။

TigerShark ဒရုန်းသည် စစ်ဆင်ရေးအကွာအဝေးနှင့် ထိုးဖောက်နိုင်စွမ်းကို မဟာဗျူဟာမြောက် တာဝေးပစ်လွှတ်၊ ပျံသန်းနိုင်သည့်နယ်ပယ်ထိ အဆင့်မြှင့်တင်နိုင်ခဲ့ခြင်းဖြစ်သည်။ ဒရုန်း၏စနစ်တကျ ဖြုတ်လွယ်၊ တပ်လွယ်ဒီဇိုင်းသည် လက်ရှိအသုံးပြုနေရင်း ပစ်မှတ်အမျိုးအမျိုးအလိုက် အလွယ်တကူ အဆင့်မြှင့်တင်နိုင်မည်ဖြစ်သည်။ ၎င်းတို့အထဲတွင် အဖျက်စွမ်းအားမြင့် ထိပ်ဖူးများ၊ အီလက်ထရွန်နစ် စစ်ဆင်ရေးမော်ဂျူးများ သို့မဟုတ် လှည့်စားမှုစနစ်များ စသည့် payload အမျိုးမျိုးတပ်ဆင်နိုင်မှုလည်း ပါဝင်သည်။ Tiger Shark ၏တည်ဆောက်ပုံနှင့် လုပ်ဆောင်ပုံဆိုင်ရာယုတ္တိဗေဒသည် MBDA ကုမ္ပဏီထုတ် One Way Effector ဒရုန်းနှင့် ရုရှားထုတ် Geran-2 ဒရုန်းတို့နှင့် ဆင်တူသည်။ သို့သော်လည်း TigerShark မှာမူ အလေးချိန်ပိုမိုများပြားသော payload များ တင်ဆောင်တိုက်ပွဲဝင်နိုင်ရန်နှင့် ပိုမိုခက်ခဲသေ ရည်မှန်းချက်တာဝန်များ ထမ်းဆောင်နိုင်စေရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။

အဆိုပါဒရုန်းများသည် တားဆီးနိုင်သည့် နယ်မြေပိတ်ဆို့နိုင်သည့် ပတ်ဝန်းကျင်အခြေအနေမျိုးတွင် အဓိကကျမည့် အထောက်အကူပြုစွမ်းအားများ ဖြစ်လာနိုင်ကြောင်း သိရသည်။

**UK unveils new deep-strike drone ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ထားဝယ်မြို့ ဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအား ဂါရဝပြုကန်တော့စဉ်။

**တနင်္သာရီတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ပြီး ဒေသတွင်းစားရေးဖူလုံမှုအပြင် ပြင်ပနှင့် ပြည်ပသို့ ထုတ်လုပ်တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်သွားနိုင်ရန်လို၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံပြီး စနစ်ကျနစွာ စဉ်ဆက်မပြတ်သည့် ကုန်ထုတ်လုပ်မှုကို ဖော်ဆောင်နိုင်မည်ဆိုပါက ဒေသတွင်းလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုအပြင် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကိုလည်း ဖြစ်ပေါ်စေနိုင်မည်ဖြစ် . . .**

ရှေ့ဖုံးမှအဆက်

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဒေသဆိုင်ရာအချက်အလက်များ၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆောင်ရွက်လျက်ရှိမှုနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြ**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးဆိုင်ရာ အချက်အလက်များ၊ တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်လျက်ရှိမှုနှင့် တစ်ဧကပေါင်းတိုင်အထွက်နှုန်း တိုးတက်အောင်ဆောင်ရွက်လျက်ရှိမှု၊ ဆီဖူလုံမှုရရှိရေးအတွက် ဆီကြိမ်းနှင့် ဆီချောစက်ရုံများ ဆက်လက်ဆောင်ရွက်လျက်ရှိမှု၊ ရော်ဘာနှင့် ကော်ဖီသီးနှံစိုက်ပျိုးထုတ်လုပ်လျက်ရှိမှု၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ ငါးသယံဇာတနှင့် ရေထွက်ကုန်ထုတ်လုပ်ရေးစက်ရုံများ တိုးမြှင့်ဆောင်ရွက်လျက်ရှိမှု၊ မြို့ပြနှင့်ကျေးလက်ဒေသများအားလုံး လျှပ်စစ်မီးရရှိရေးဆောင်ရွက်နိုင်မှု၊ တိုင်းဒေသကြီးအတွင်းရှိ ခရီးသွားဒေသများသို့ ပြည်ပခရီးသွားဧည့်သည်များ ဝင်ရောက်လျက်ရှိမှု၊ တိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှုနှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်မှု၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အခြေခံပညာ အထက်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှု၊ ကျန်းမာရေးဆိုင်ရာ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှု၊ ဒီရေတောပင်များ ထိန်းသိမ်းထားရှိမှုနှင့် တစ်အုပ်တစ်မ သစ်ပင်စိုက်ပျိုးပွဲများပြုလုပ်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဆောင်ရွက်လျက်ရှိမှု၊ ထားဝယ်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးမှာကြားစဉ်။

ယင်းနောက် တက်ရောက်လာကြသည့် မြို့မိမြို့ဖများနှင့်အသင်းအဖွဲ့များမှ တာဝန်ရှိသူများက ရော်ဘာကုန်ကြမ်းများအား တင်ပို့ရောင်းချရာတွင် ပိုမိုလွယ်ကူမှုရှိစေရေးနှင့်အကျိုးအမြတ်ပိုမိုရရှိစေရေးဆောင်ရွက်ပေးစေလိုမှု၊ ထားဝယ်ခရိုင်အတွင်း ငါးနှင့် ရေထွက်သယံဇာတ မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလိုအပ်သည်များ ကူညီဆောင်ရွက်ပေးစေလိုမှု၊ ကျွန်းပတ်လေကြောင်းခရီးစဉ်များ တိုးချဲ့ပြေးဆွဲပေးစေလိုမှု၊ အသေးစား MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးစေလိုမှု၊ ထားဝယ်ဒေသအတွင်း လမ်းပန်းဆက်သွယ်မှုများ ပိုမိုကောင်းမွန်စေရေးဆောင်ရွက်ပေးစေလိုမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလိုအပ်ချက်များကို အသီးသီးဆွေးနွေးတင်ပြကြသည်။

**တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေး**

ငင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့်ဒုတိယဝန်ကြီးများက တင်ပြချက်များတွင်ပါဝင်သည့် မြန်မာ့ရော်ဘာပို့ကုန်များ ပိုမိုဈေးကွက်ရရှိရေးအတွက် နိုင်ငံတကာမှ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်သတ်မှတ်ချက်များ၊ အသိအမှတ်ပြုလက်မှတ်များ ပြည့်မီမှုရှိစေရေးဆောင်ရွက်သွားရန်လိုအပ်မှု၊ နိုင်ငံတော်က သတ်မှတ်ပေးထားသည့် တရားဝင်လမ်းကြောင်းများမှ တင်ပို့ရောင်းချသွားမည်ဆိုပါက ရော်ဘာပို့ကုန်များပိုမိုဈေးကွက်ရရှိနိုင်မှု၊ စားဖိုဆောင် သီးနှံများ စိုက်ပျိုးထုတ်လုပ်ရန်နှင့် အသေးစားစက်မှုဇုန်ပြုလုပ်ရန် မြေနေရာရရှိလိုမှုနှင့်ပတ်သက်၍ သတ်မှတ်ချက်များနှင့်အညီ တင်ပြလျှောက်ထားနိုင်မှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေများကို လုပ်ငန်းရပ်များအလိုက် ကာလသတ်မှတ်ချက်များနှင့်အညီ ထုတ်ပေးထားခြင်းဖြစ်သည့်အတွက် စည်းကမ်းသတ်မှတ်ချက်များအတိုင်းသာ ရယူဆောင်ရွက်သွားရန်နှင့် ပြန်လည်ပေးဆပ်သွားရန်လိုအပ်မှု၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွင်း ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ စိုက်ပျိုးရေးနှင့်မွေးမြူရေး တက္ကသိုလ်အား ဖွင့်လှစ်ပေးသွားမည်ဖြစ်သဖြင့် တနင်္သာရီတိုင်းဒေသကြီးမှ ကျောင်းသား၊ ကျောင်းသူများ အနေဖြင့်လည်း တက်ရောက်နိုင်မည်ဖြစ်ပြီး အဆိုပါ တက္ကသိုလ်များကို နှစ်စဉ်တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိမှု၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း မြေနိမ့်ကော်ဖီများကို အောင်မြင်စွာစိုက်ပျိုးနိုင်မည့် အရင်းအမြစ်များရှိပြီးဖြစ်သဖြင့် အောင်မြင်အောင် ဆောင်ရွက်သွားကြစေလိုမှု၊ ရေငန်ပုစွန်မွေးမြူရေးနှင့်ပတ်သက်၍လည်း ပြည်ပနိုင်ငံများက ဝယ်လိုအားရှိပြီး ဈေးကွက်ရှိသည့် လုပ်ငန်းဖြစ်သဖြင့် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များကို နိုင်ငံတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိမှု၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့များသို့ နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကပိုင် လေကြောင်းလိုင်းများမှ ခရီးသည်ရရှိမှုနှင့် ရာသီဥတုအပေါ်မူတည်၍ လေကြောင်းခရီးစဉ်များ ပြေးဆွဲပေးလျက်ရှိမှု၊ ရေထွက်ကုန်ပစ္စည်းများကို ပြည်ပနိုင်ငံများသို့တိုက်ရိုက်ပြေးဆွဲတင်ပို့နိုင်ရေးအတွက် ကုန်တင်လေယာဉ်ကြီးများ ဆင်းသက်နိုင်မည့် လေယာဉ်ကွင်းများဖြစ်ပေါ်လာရေး အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိမှု၊ ကမ်းရိုးတန်းသွားသင်္ဘောများဖြင့် ကုန်စည်စီးဆင်းမှုနှင့် ခရီးသွားလာမှုများ အဆင်ပြေစေရေးအတွက် ထားဝယ်မြို့ရှိ ဆိပ်ခံဖောတံတားအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် လျာထားဆောင်ရွက်လျက်ရှိမှု၊ သိပ္ပံနည်းပညာဆိုင်ရာ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက္ကသိုလ်၊ ကောလိပ်များနှင့် အခြေခံကျောင်းများ ဖွင့်လှစ် သင်ကြားပေးလျက်ရှိမှုတို့နှင့် ပတ်သက်၍ အသီးသီးပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က မြို့မိမြို့ဖများနှင့်လုပ်ငန်းရှင်များ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများသို့ တင်ပြ၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွား





တနင်္သာရီတိုင်းဒေသကြီး ကျက်သရေဆောင် ထားဝယ်မြို့ လောကမာရဇိန်ရုပ်ပွားတော်မြတ်ကြီးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ဖူးမြော်ကြည်ညိုစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လောကမာရဇိန်ရုပ်ပွားတော်မြတ်ကြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ လောကမာရဇိန် ရုပ်ပွားတော်မြတ်ကြီး အတွက် ဘက်စုံ အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထားဝယ်မြို့ ဘိုးဘွားရိပ်သာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ဘိုးဘွားများအား အာဟာရဖြည့်ငှက်သိုက်များနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းစဉ်။

မည်ဖြစ်သည့် အခြေအနေများနှင့်ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

### ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြား

ထို့နောက် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ထားဝယ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် ထားဝယ်မြို့သည် အစဉ်အလာရှိသည့် မြို့တစ်မြို့ဖြစ်ပြီး လွတ်လပ်ရေးကြိုးပမ်းစဉ်ကတည်းကပင် သမိုင်းကြောင်းကောင်းသည့် မြို့တစ်မြို့ဖြစ်ကြောင်း၊ ယဉ်ကျေးမှုအနေဖြင့်လည်း ရှေးနှစ်ပေါင်းများစွာကတည်းကပင် ခိုင်ခိုင်မာမာရှိခဲ့သည့် ဒေသတစ်ခုဖြစ်ခဲ့ကြောင်း၊ မကြာသေးမီနှစ်များအတွင်း မိမိအနေဖြင့် ထားဝယ်ဒေသသို့ ရောက်ရှိခဲ့ပြီး မြို့တော်ခန်းမအဆောက်အအုံ လိုအပ်ချက်ရှိသည်ကို တွေ့ရှိခဲ့ရသဖြင့် အဆောက်အအုံအသစ်ဆောက်လုပ်နိုင်ရန် ဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ပြင် ရွှေဝယ်သီရိအားကစားကွင်းအဆင့်မြှင့်တင်နိုင်ရေးအတွက်လည်း ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထားဝယ်လေဆိပ်အဆင့်မြှင့်တင်ပေးနိုင်ရေးအတွက်လည်း လိုအပ်သည်များ မှာကြားခဲ့ကြောင်း။

တင်ပြချက်များတွင်ပါဝင်သည့် ရော်ဘာထုတ်ကုန်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံက ထုတ်လုပ်သည့် ရော်ဘာကုန်ကြမ်းများအနေဖြင့် အဆင့်မြှင့်တင်နိုင်ရန်လိုကြောင်း၊ ရော်ဘာကုန်ကြမ်းများကို ပြည်ပသို့ လွယ်ကူစွာတင်ပို့နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်သော်လည်း အဆင့်မြှင့်တင်နိုင်မည်ဆိုပါက ဈေးကွက်နှင့်ဈေးနှုန်း ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ ကုန်ကြမ်းများတင်ပို့ခြင်းအပြင် ရော်ဘာထုတ်ကုန်များဖြစ်သည့် တာယာ၊ ကျွတ်နှင့်လူသုံးကုန်ပစ္စည်းများကို အဆင့်မီစွာဖြင့် ဈေးကွက်ရရှိအောင် ထုတ်လုပ်နိုင်မည်ဆိုပါက ပိုမိုအကျိုးရှိစေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ရော်ဘာထုတ်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အားပေးဆောင်ရွက်လျက်ရှိပြီး ရင်းနှီးမြှုပ်နှံငွေများကိုလည်း ထုတ်ပေးလျက်ရှိကြောင်း၊ ရော်ဘာစိုက်ပျိုးရာတွင်လည်း အပင်၏သက်တမ်းနှင့်ထွက်ရှိနိုင်မှုတို့အပေါ်မူတည်၍ သွင်းအားစုများ ဖြည့်သွင်းခြင်း အပါအဝင် စဉ်ဆက်မပြတ်သည့် ရော်ဘာထုတ်လုပ်မှုကွင်းဆက်ဖြစ်ပေါ်လာအောင် တွက်ချက်စိုက်ပျိုးဆောင်ရွက်သွားရန်လိုကြောင်း၊ ရော်ဘာထုတ်ကုန်ပစ္စည်းများသည် နိုင်ငံတော်အတွက် လိုအပ်ချက်အမြဲရှိနေမည်ဖြစ်သည့်အတွက် ရော်ဘာကိုအခြေခံသည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အလေးထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

### ငါး၊ ပုစွန်၊ ကဏန်း၊ ရေထွက်ပစ္စည်းနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး

မိမိတို့၏အိမ်နီးချင်းနိုင်ငံများတွင် ငါး၊ ပုစွန်၊ ကဏန်းနှင့်ရေထွက်ပစ္စည်း အသားလိုအပ်ချက်များစွာရှိနေကြောင်း၊ မိမိတို့အနေဖြင့် ငါးနှင့် ရေထွက်ပစ္စည်းများကို သဘာဝအလျောက် ဖမ်းယူရရှိနိုင်သကဲ့သို့ မွေးမြူရေးလုပ်ငန်းကို အောင်မြင်အောင် ဆောင်ရွက်၍ ထုတ်လုပ်နိုင်ကြောင်း၊ ထို့ကြောင့် ဈေးကွက်လိုအပ်ချက်ရှိနေသည့် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားရန်နှင့် မွေးမြူရေးလုပ်ငန်းအတွက် လိုအပ်သည့်အစာကိုလည်း ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်ရန် လိုကြောင်း၊ ထို့ကြောင့် မိမိတို့ရေပိုင်နက်အတွင်း ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းလုပ်ငန်းများတိုးတက်လာစေရေး ဆောင်ရွက်သွားရန်လိုပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အလားတူ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း လိုအပ်သည့် ကူညီထောက်ပံ့မှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဆက်သွယ်မှု ပိုမိုမြန်ဆန်စေရေးအတွက် ထားဝယ်လေဆိပ်ကို အဆင့်မြှင့်တင်တိုးချဲ့နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ ဘုတ်ပြင်း၊ ကော့သောင်းစသည့် ကျွန်းပတ်လေကြောင်း ခရီးစဉ်များ တိုးချဲ့ပြေးဆွဲ ပေးနိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထားဝယ်ဆိပ်ကမ်းနှင့် ပတ်သက်၍လည်း ထားဝယ်မြစ်အတွင်း သင်္ဘောများဝင်ထွက်မှုအဆင်ပြေစေရေး မြစ်ကြောင်းတူးဖော်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ထားဝယ်ဆိပ်ကမ်းအဆင့်မြှင့်တင်နိုင်ရေးအတွက် အကောင်းဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

မွေးမြူရေးလုပ်ငန်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ရင်းနှီးမတည်ငွေများထုတ်ပေးထားရှိပြီး လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ အသား၊ ငါးနှင့် အခြေခံစားကုန်ပစ္စည်းများ ဈေးနှုန်းကြီးမြင့်ရခြင်းမှာ ထုတ်လုပ်မှုကုန်ကျစရိတ် မြင့်မားခြင်း၊ ဝယ်လိုအားနှင့် ရောင်းလိုအားမမျှခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ ထို့ပြင် တရားမဝင်ကုန်သွယ်မှုများကြောင့်လည်း ကုန်ဈေးနှုန်းကြီးမြင့်မှုများကိုဖြစ်ပေါ်စေကြောင်း၊ မိမိတို့အနေဖြင့် ကုန်ဈေးနှုန်းများ ထိုက်သင့်သည့်ဈေးနှုန်းအတွင်းဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး တရားမဝင်ကုန်စည်စီးဆင်းမှုများမဖြစ်ပေါ်စေရေး တိုက်ဖျက်ဆောင်ရွက်လျက်ရှိကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်ခြင်းအပြင် နိုင်ငံတော်က ရသင့်ရထိုက်သည့်အခွန်ငွေများသည်လည်း များစွာထိခိုက်နစ်နာရကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပြည်ပသွင်းကုန်အစားထိုးနိုင်ရေး **စာမျက်နှာ ၁၈ သို့**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရွှေဝယ်သီရိအားကစားကွင်း အဆင့်မြှင့်တင်နိုင်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ထားဝယ်လေဆိပ်နှင့် လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်နိုင်ရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းလိုအပ်ချက်ပြည့်မီအောင် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ပြီး အရည်အသွေးပြည့်မီသည့်ပို့ကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားတိုးတက်ရေးအတွက်လည်း များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအနေဖြင့်လည်း ဒေသတွင်းကုန်ထုတ်လုပ်မှုများတိုးမြှင့်၍ ဒေသနှင့်နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်နှင့် လိုအပ်သည်များ အပြန်အလှန်ဆွေးနွေးနိုင်ရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရက ဆောင်ရွက်ပေးခြင်းအပြင် ဒေသခံများအားလုံးကလည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထားဝယ်ဒေသအတွင်း တစ်ကေအထွက် နှုန်းပြည့်မီအောင် ဆောင်ရွက်နိုင်မှုမရှိခြင်းကြောင့် ဒေသတွင်း ဆန်ဖူလုံမှုမရှိသည်ကို တွေ့မြင်ရကြောင်း၊ ဒေသတွင်း ဆန်ဖူလုံမှုရှိအောင်ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်း ငွေကြေးလည်ပတ်မှုများ ကောင်းမွန်လာမည်ဖြစ်ပြီး ဒေသစီးပွားရေးကို များစွာအထောက်အကူ ဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ အလားတူ အခြားသီးနှံများအထွက်နှုန်း တိုးတက်စေရေး၊ ပန်းတိုင်အထွက်နှုန်းများ ရရှိရေးအတွက်လည်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသတွင်း ဖူလုံမှုမရှိ၍ ပြင်ပမှဝယ်ယူစားသုံးကုန်ကျမည့်ငွေကြေးများကို ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားနေရာများ၌ သုံးစွဲခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်သွားကြစေလိုကြောင်း။

**စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး**

စိုက်ပျိုးရေးကို အခြေခံသည့် စက်မှုလုပ်ငန်းများကိုလည်း တိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုပြီး တနင်္သာရီတိုင်းဒေသကြီးအတွင်း မြေနိမ့်ကော်ဖီဖြစ်သည့် Robesta ကော်ဖီကို စိုက်ပျိုးနိုင်ကြောင်း၊ ဒေသ၏အခြေခံကောင်းများကို အကျိုးရှိရှိ အသုံးချပြီး ဒေသတွင်းစိုက်ပျိုးဖြစ်ထွန်းသည့် ကော်ဖီ၊ ကိုကိုး၊ ဒူးရင်း၊ သီဟိုဠ်၊ အုန်း စသည့် အပင်များကို အောင်မြင်အောင်စိုက်ပျိုး၍ စိုက်ပျိုးရေးကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း၊ အလားတူ တနင်္သာရီတိုင်းဒေသကြီးအတွင်း ဝါးနှင့် ကြိမ် သယံဇာတများစွာထွက်ရှိသဖြင့် ဝါးနှင့် ကြိမ်ကုန်ကြမ်းများကို အခြေခံသည့် တန်ဖိုးမြင့်ကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချနိုင်မည်ဆိုပါက ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း။

တနင်္သာရီ တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ပြီး ဒေသတွင်း စားရေးဖူလုံမှုအပြင် ပြင်ပနှင့်ပြည်ပသို့ ထုတ်လုပ်တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံပြီး စနစ်ကျန၍ စဉ်ဆက်မပြတ်သည့် ကုန်ထုတ်လုပ်မှုကို ဖော်ဆောင်နိုင်မည်ဆိုပါက ဒေသတွင်း လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုအပြင် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်မှုကိုလည်း ဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း။

**ပညာတတ်လူသားအရင်းအမြစ်ကောင်းများမွေးထုတ်ပေးနိုင်ရေး**

ထိုကဲ့သို့ ဆောင်ရွက်နိုင်ရေးအတွက် အသိပညာအတတ်ပညာနှင့် ပြည့်ဝသည့်လူသားအရင်းအမြစ်ကောင်းများ လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပညာရေးကို မဖြစ်မနေအားပေးမြှင့်တင်ရမည်ဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း တန်းစဉ်ကူးပြောင်းမှုမှာ လျော့နည်းလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် အတန်းပညာများရှိစေရေး ကျောင်းနေအရွယ်ကလေးငယ်များအားလုံး ကျောင်းတက်ရောက်နိုင်ပြီး တန်းစဉ်ကူးပြောင်းမှုများ ကောင်းမွန်စေရေး ဝိုင်းဝန်းဆောင်ရွက်ပေးရန်လိုကြောင်း၊ တစ်နိုင်ငံလုံး ပညာရည်မြင့်မားရေး နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာရေးအားနည်းမှုရှိပါက အခြားဒေသများသို့ သွားရောက်လုပ်ကိုင်ရမည်ဖြစ်ပြီး အခြားသူများ၏ ဦးဆောင်မှုကို ခံရမည်ဖြစ်သဖြင့် မိမိတို့ဒေသအတွင်း ပညာတတ်လူသား အရင်းအမြစ်များ ပေါ်ကြွယ်ဝအောင် မွေးထုတ်ကာ ဒေသအကျိုးကို ဖော်ဆောင်ကြရန်လိုကြောင်း၊ မိမိတို့အနေဖြင့် အနာဂတ်နိုင်ငံတော်ကို ဦးဆောင်ကြမည့် ပညာတတ်လူသားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးနိုင်ရေး အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

တနင်္သာရီ တိုင်းဒေသကြီးအတွင်း လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ဖြည့်ဆည်းပေးသွားမည်ဖြစ်သကဲ့သို့ ဒေသခံများကလည်း မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် အခမ်းအနားအပြီးတွင် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ပြီး ခင်းကျင်းပြသထားသည့် တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ MSME ထုတ်ကုန်ပြခန်းများကို ပြခန်းတစ်ခုချင်းစီအလိုက် လှည့်လည်ကြည့်ရှုခဲ့ကြောင်းနှင့် သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့သည်။

ထို့နောက် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အဖွဲ့ဝင်များသည် ထားဝယ်မြို့ ဘိုးဘွားရိပ်သာသို့ ရောက်ရှိကြပြီး ဘိုးဘွားများအား ဂါရဝပြုကန်တော့ကာ အာဟာရဖြည့်ငှက်သိုက်များနှင့် စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များကို ပေးအပ်လှူဒါန်းသည်။ ယင်းနောက် ဘိုးဘွားများ၏ ကျန်းမာရေးအခြေအနေများကို မေးမြန်းကာ ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ငင်းနောက် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ဘိုးဘွားရိပ်သာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များမှာကြားကာ ဘိုးဘွားရိပ်သာအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ထားဝယ်မြို့အတွင်းနှင့် ဆိပ်ကမ်းသာလမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အဖွဲ့ဝင်များသည် တနင်္သာရီတိုင်းဒေသကြီး ကျက်သရေဆောင် ထားဝယ်မြို့ လောကမာရဇိန် ရုပ်ပွားတော်မြတ်ကြီးနှင့် ရွှေတောင်စား စေတီတော်မြတ်ကြီးတို့သို့ သွားရောက်၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကာ လက်ယာရစ်လှည့်လည် ဖူးမြော်ကြည်ညိုကြပြီး ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ငင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့က ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ရွှေတောင်စားစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ရွှေသင်္ကန်းဆက်ကပ် လှူဒါန်းနိုင်ရေးနှင့်ပတ်သက်၍ လိုအပ်သည်များအား တာဝန်ရှိသူများကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရွှေဝယ်သီရိအားကစားကွင်းနှင့် အားကစားရုံသို့ ရောက်ရှိကြပြီး အားကစားကွင်း အဆင့်မြှင့်နိုင်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်ပြီး နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ထားဝယ်လေဆိပ်သို့ ရောက်ရှိကြပြီး လေဆိပ်ရှင်းလင်းဆောင်၌ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ထားဝယ်လေဆိပ်နှင့် လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်နိုင်ရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းတင်းလင်ပြမှုများအပေါ် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်သည့်အတွက် စနစ်တကျတွက်ချက်ဆောင်ရွက်သွားရန်လိုအပ်မှုနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထားဝယ်မြို့ မြို့တော်ခန်းမ အဆောက်အအုံသစ်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။

☆ **ကျောဖုံးမှအဆက်**

ဖွင့်ပွဲကျင်းပပြုလုပ်မည့် နေရာသို့ ရောက်ရှိကြရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံ တိုင်းရင်းသားပြည်သူများက လှိုက်လှဲ နွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

**ထားဝယ်မြို့တော်ခန်းမဖွင့်ပွဲကျင်းပ**

အစီအစဉ်အရ အခမ်းအနားကို စတင် ကျင်းပပြုလုပ်ရာ ထားဝယ်မြို့ မြို့တော် ခန်းမအဆောက်အအုံသစ်ကို တွဲဖက် ပြုလုပ်ရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်က မြို့တော်ခန်းမ အဆောက် အအုံသစ်ဆိုင်ရာများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အဆိုပါ ထားဝယ်မြို့တော်ခန်းမကို နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံ ရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၂ ခုနှစ်တွင် ထားဝယ်မြို့သို့ လာရောက် ခဲ့သည့်ခရီးစဉ်အတွင်း ထားဝယ်မြို့၌ လိုအပ် လျက်ရှိသည့် မြို့တော်ခန်းမကို တည်ဆောက်ရန် ခွင့်ပြုဆောင်ရွက်ပေးခဲ့ ခြင်းဖြစ်ကြောင်း၊ ၂၀၂၃ -၂၀၂၄ ဘဏ္ဍာနှစ် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် **“နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့”** ဆိုသည့်ဆောင်ပုဒ်ကို ချမှတ်ထားကြောင်း။

နိုင်ငံတော်အနေဖြင့် ပညာရေးကို မြှင့်တင်ပေးနေသကဲ့သို့ ထူးချွန်ထက်မြက် သည့် လူရည်ချွန်များ၊ တက္ကသိုလ်ဝင်တန်း တွင် ထူးထူးချွန်ချွန်အောင်မြင်ကြသူများ ကို နှစ်စဉ် ထိုက်ထိုက်တန်တန်ချီးမြှင့် ဂုဏ်ပြုပေးလျက်ရှိကြောင်း၊ ယခုအခမ်း အနားတွင် ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ကို ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် မမြတ်ရတနာသင်းအား ချီးမြှင့်ဂုဏ်ပြုသွားမည်ဖြစ်ကြောင်း။

၂၀၂၃-၂၀၂၄ ခုနှစ်တွင် ၄၈ ဒသမ ၃၈ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ ယခု ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ၅၀ ဒသမ ၅၈ ရာခိုင်နှုန်း ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ယခင်နှစ်ကထက် အောင်မြင်မှုရာခိုင်နှုန်း ပိုမိုတိုးတက်ခဲ့သည်ကို တွေ့ရှိရကြောင်း။

ဂုဏ်ထူးရရှိမှုများအနေဖြင့် လေးနှစ် တာကာလအတွင်း ခြောက်ဘာသာဂုဏ်ထူး ရှင် ၂၃ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၆၂ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ဦးရေ ၁၁၀၊ သုံးဘာသာဂုဏ်ထူးရှင် ၁၆၄ ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင်ဦးရေ ၄၂၀၊ တစ်ဘာသာ ဂုဏ်ထူးရှင် ၁၆၆၃ ဦးရှိခဲ့ကြောင်း၊ ပြီးခဲ့ သည့် လေးနှစ်တာကာလအတွင်း တက္ကသိုလ်ဝင်စာမေးပွဲ ဝိပ္ပံဘာသာတွဲ တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အဆင့်(၁) တစ်ဦးရရှိခဲ့သည်ကို တွေ့ရ ကြောင်း၊ ယခုကဲ့သို့ ပညာရေးကဏ္ဍ ပိုမို တိုးတက်လာခြင်းသည် မိဘဆရာများ၏ စေတနာနှင့် ဝတ္တရားကျေပွန်စွာ ပူးပေါင်း ဆောင်ရွက်မှုအပြင် ကျောင်းသား၊ ကျောင်းသူများ၏ ကြိုးစားအားထုတ်မှုတို့ ကြောင့်ပင်ဖြစ်ကြောင်း။

၂၀၂၁ ခုနှစ်မှ ယနေ့ ၂၀၂၅ ခုနှစ်အထိ လေးနှစ်တာကာလအတွင်း တက္ကသိုလ် ဝင်တန်း အောင်မြင်ခဲ့ကြသူများအနက် ဆေးတက္ကသိုလ်တက်ရောက်နေသူ ၁၈ ဦး၊ နည်းပညာတက္ကသိုလ် တက်ရောက်နေသူ ၁၅၂ ဦး၊ ထားဝယ်မြို့ Polytechnic University တွင် ၁၉၆ ဦး ပညာသင်ကြား လေးကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး အသက် မွေးဝမ်းကျောင်း အခြေခံပညာရပ်များကို လေ့ကျင့်သင်ကြားပေးလျက်ရှိနေသည်ကို တွေ့ရကြောင်း။

စာတော်သည့်၊ ထူးချွန်သည့် သူ တစ်ယောက်သည် ငယ်စဉ်ကတည်းက မိဘဆရာသမားများ၏ ကြပ်မတ်သွန်သင် မှုနှင့် ငယ်စဉ်ကတည်းက ကြိုးစားမှုသာ ရခြင်းဖြစ်ကြောင်း၊ **“အစကောင်းမှ အနှောင်းသေချာမည်”** ဖြစ်ကြောင်း၊ မမြတ် ရတနာသင်းကဲ့သို့ပင် ထားဝယ်ဒေသမှ တိုင်းသိပြည်သိကမ္ဘာသိ ထူးချွန်သည့် ပုဂ္ဂိုလ်များ ပေါ်ထွက်ခဲ့ကြောင်း၊ ဝန်ကြီးချုပ် ဦးဘဆွေ၊ ဦးစိန်ဝင်း၊ ဗိုလ်မှူးကြီးဗထူး၊ မီးပုံးပျံ ဦးကျော်ရင်၊ သူရမချစ်ပို၊ ပန်းချီ ဦးငွေကိုင်၊ နိုင်ငံတော်စာရင်းစစ်ချုပ် ဦးအုန်းတင်၊ မောင်ထားဝယ် ဦးဖေအေး၊ ကျွန်းဆွယ် အလေးမချန်ပီယံ ဦးဖေအေး စသည်ဖြင့် အခြားမိမိအနေဖြင့် မဖော်ပြ နိုင်သည့် ပုဂ္ဂိုလ်များလည်း များစွာရှိကြ ဦးမည်ဖြစ်ကြောင်း၊ တနင်္သာရီတိုင်း ဒေသကြီးအတွက် ဂုဏ်ယူဖွယ်ရာများပင် ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရက ပညာရေးကဏ္ဍ ကို မြှင့်တင်ပေးလျက်ရှိသကဲ့သို့ မိဘများ၊ ဆရာ၊ ဆရာမများကလည်း မိမိတို့၏ သားသမီးများ၊ တပည့်များကို ပညာတတ် လူတော်လူကောင်းများဖြစ်အောင် သွန်သင် ဆုံးမ၊ လေ့ကျင့်သင်ကြားပေးကြရန်၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့်





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပညာရည်ချွန်ဆုချီးမြှင့်ရခြင်းနှင့် ပညာရေးကဏ္ဍကို အလေးပေးမြှင့်တင်ဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ အမှာစကားပြောကြားစဉ်။

အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကျော်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်ကျော်ဟန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ထားဝယ်မြို့ မြို့တော် ခန်းမ အဆောက်အအုံသစ်ကို စက်ခလုတ် နှိပ်ဖွင့်လှစ်ပေးသည်။ ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာ ရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ထားဝယ်မြို့ မြို့တော်ခန်းမ အဆောက် အအုံသစ်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းအဖြစ် ထားဝယ်မြို့ မြို့တော် ခန်းမအဆောက်အအုံသစ်အတွင်း၌ ပညာ ရည်ချွန်ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပ တွင် စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ၄၀၃၆၄ စတုရန်းပေရှိကာ တစ်ထပ်ခွဲ RCC အဆောက်အအုံအမျိုးအစားဖြစ် ကြောင်း သိရှိရသည်။

**ပညာရည်ချွန်ဆုပေးအပ်ချီးမြှင့်**

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာ ရေးကော်မရှင်ဥက္ကဋ္ဌက ပညာရည်ချွန်ဆု ချီးမြှင့်ရခြင်းနှင့် ပညာရေးကဏ္ဍကို အလေး ပေးမြှင့်တင်ဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း ၍ အမှာစကားပြောကြားရာ၌ **နိုင်ငံ တစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်နှင့် တည်ငြိမ် အေးချမ်းရေးအတွက် အဆိုပါနိုင်ငံတွင် ရှိသည့် ပြည်သူတစ်ဦးချင်းစီသည် အသိ ပညာ၊ အတတ်ပညာ၊ အတွေးအခေါ် ဗဟုသုတပြည့်ဝကြရန်လိုကြောင်း၊** အထူး သဖြင့် **မိမိတို့နိုင်ငံကဲ့သို့ ဒီမိုကရေစီစနစ် ကို ကူးပြောင်းနေသည့်အချိန်တွင် တိုင်းရင်းသားပြည်သူ အားလုံးအနေဖြင့် အရာရာကို စဉ်းစားတွေးခေါ်နိုင်စွမ်းနှင့် အမှားအမှန်ကိုခွဲခြားသိရှိပြီး နိုင်ငံနှင့်လူမျိုး ကောင်းကျိုးများကို သယ်ပိုးရွက်ဆောင် နိုင်ကြရန် အရေးကြီးကြောင်း၊** ထိုသို့ အဘက်ဘက်က ပြည့်စုံရန်အတွက် နိုင်ငံသားတိုင်း ပညာတတ်ရန် အဓိကကျ ကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်

၂၀၂၁ ခုနှစ်မှစပြီး တနင်္သာရီတိုင်းဒေသ ကြီး၏ တက္ကသိုလ်ဝင်တန်းအောင်ချက် များကိုကြည့်ပါက ၂၀၂၁ ခုနှစ်တွင် ၄၅ ဒသမ ၉၅ ရာခိုင်နှုန်း၊ ၂၀၂၂-၂၀၂၃ ပညာ သင်နှစ်တွင် ၆၈ ဒသမ ၀၃ ရာခိုင်နှုန်း၊ လျက်ရှိသည်ဟု သိရကြောင်း၊ ထို့ပြင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်း ကျောင်းများကို တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ ခရိုင် လေးခရိုင်လုံးတွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ခြောက်ဘာသာဂုဏ်ထူးရှင် မမြတ်ရတနာသင်းအား ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်စဉ်။

လည်း မိဘဆရာများ၏ သွန်သင်ပြသမှု များကို နာယူမှတ်သားပြီး အသိပညာ၊ အတတ်ပညာပြည့်ဝသည့်၊ ဘက်ပေါင်းစုံ တွင် ထူးချွန်ထက်မြက်သည့်၊ ဗလငါးတန် ပြည့်ဝသည့် နိုင်ငံအတွက် အားကိုးအားထား ပြုနိုင်သည့် သားကောင်းရတနာများဖြစ် အောင် ကြိုးပမ်းဆောင်ရွက်သွားကြ ရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံ ရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က တနင်္သာရီတိုင်း ဒေသကြီး ထားဝယ်မြို့နယ်အတွင်းမှ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ခြောက်ဘာသာ ဂုဏ်ထူးရှင် မမြတ်ရတနာသင်းအား ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာ ရေးကော်မရှင်ဥက္ကဋ္ဌသည် ခြောက်ဘာသာ ဂုဏ်ထူးရှင် မမြတ်ရတနာသင်းနှင့် မိဘ များကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ကျင်းပသည့် ၂၂ ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးဖိုရမ် တက်ရောက်ခဲ့သော နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နန်နင်းမြို့မှ နေပြည်တော်သို့ ပြန်လည်ထွက်ခွာကြသည်။



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောအား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့် တာဝန်ရှိသူများက နေပြည်တော်တပ်မတော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ကွမ်ရှီးဒေသ CPC ပါတီ ဒုတိယအတွင်းရေးမှူး Mr.Wang Weiping၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေ၊ နန်နင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်၊ တာဝန်ရှိသူများနှင့် ယဉ်ကျေးမှုအဖွဲ့များက ရိုးရာအကအလှများဖြင့် နန်နင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နေပြည်တော် တပ်မတော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယမန်နေ့ညနေပိုင်းကလည်း နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နန်နင်းမြို့ရှိ တရုတ်-အာဆီယံ AI နည်းပညာဆန်းသစ်တီထွင်မှု ပူးပေါင်းဆောင်ရွက်ရေးစင်တာသို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက စင်တာအတွင်းရှိ AI ဖြင့်ပြုလုပ်ထားသည့် CAAIC သမိုင်းကြောင်း Video၊ AI ၏စွမ်းရည်မြင့်မားလာမှုများ၊ AI ဖြင့် အာဆီယံနိုင်ငံများအကြား ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်နေမှု၊ AI ဖြင့် လူမှုဆက်ဆံရေး၊ ဆေးဘက်ဆိုင်ရာကုသရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းများတွင် အကောင်အထည်ဖော် အသုံးပြုနေမှု၊ AI ဖြင့် Super League ပြိုင်ပွဲနှင့် ဖိုရမ်တွင် အသုံးပြုခဲ့သည့် ပစ္စည်းများ၊ တရုတ်-အာဆီယံနှင့် ပတ်သက်သည့် Data Zone၊ လုံခြုံရေးဆိုင်ရာ Service ပေးသည့် Zone တို့ကို လိုက်လံရှင်းလင်းပြသရာ နိုင်ငံတော်ဝန်ကြီးချုပ်က ကြည့်ရှုလေ့လာပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (ဗဟ)

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပလျက်ရှိသည့် ၁၂ ကြိမ်မြောက် ပေကျင်း ရှန်းစန်းဖိုရမ် (12th Beijing Xiangshan Forum ) သို့ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တက်ရောက်



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသား ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြီးတုန်ကျွင်းတို့ တွေ့ဆုံဆွေးနွေးစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး Forum ၏ စုံညီအစည်းအဝေး ဒုတိယအပိုင်း (2nd Plenary Session ) တွင် Strategic Mutual Trust and Security Cooperation in the Asia-Pacific Region ခေါင်းစဉ်ဖြင့် Plenary Speech ကို ပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ President of China Association for Military Science နှင့် President of China Institute for International Strategic Studies တို့၏ ဖိတ်ကြားချက်အရ ပေကျင်းမြို့၌ ကျင်းပမည့် ၁၂ ကြိမ်မြောက် ပေကျင်း ရှန်းစန်းဖိုရမ် (12th Beijing Xiangshan Forum )သို့ တက်ရောက်ရန် ပေကျင်းမြို့သို့ ရောက်ရှိနေသည့် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၇ ရက် မွန်းလွဲပိုင်းတွင် ပေကျင်းမြို့ ပါယိခန်းမ (Bayi Hall)၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသား ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြီးတုန်ကျွင်းနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ ကာကွယ်ရေးဆိုင်ရာကဏ္ဍစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ စစ်ဘက်နည်းပညာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်ရေး၊ လေ့ကျင့်ရေးနှင့် သင်တန်းသားများ စေလွှတ်ရေး၊ နှစ်နိုင်ငံ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရေးတို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် 12th Beijing Xiangshan Forum ဖွင့်ပွဲအခမ်းအနားနှင့် စုံညီအစည်းအဝေးသို့ ပါဝင်တက်ရောက်ခဲ့ကြသည်။ ဖွင့်ပွဲ အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသား ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြီးတုန်ကျွင်းက အဖွင့်မိန့်ခွန်း ပြောကြားသည်။ ယင်းနောက် အစီအစဉ်များကို ဆက်လက်ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးက Forum ၏ စုံညီအစည်းအဝေး ဒုတိယအပိုင်း (2nd Plenary Session ) သို့ ဆက်လက်တက်ရောက်၍ Strategic Mutual Trust and Security Cooperation in the Asia-Pacific Region ခေါင်းစဉ်ဖြင့် Plenary Speech ကို ပြောကြားခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် ကျင်းပသည့် ၁၂ ကြိမ်မြောက် ပေကျင်း ရှန်းစန်းဖိုရမ် (12th Beijing Xiangshan Forum)သို့ နိုင်ငံပေါင်း ၁၀၀ ကျော်မှ ကာကွယ်ရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဦးစီးချုပ်များနှင့် ကျွမ်းကျင်သူများ ကိုယ်စားလှယ် စုစုပေါင်းဦးရေ ၅၀၀ ကျော် တက်ရောက်လျက်ရှိကြောင်း သတင်းရရှိသည်။ (ဗဟ)

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကိုဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)

၄။ Myawady Webportal (https://myawady.net.mm)

၅။ Myanmar National Portal (https://myanmar.gov.mm)

# မြန်မာနိုင်ငံသို့ နှစ်နိုင်ငံလေတပ်များအကြား ချစ်ကြည်ရင်းနှီးမှုပိုမိုရရှိစေရန်အတွက် Bilateral Engagement Activities ဆိုင်ရာ လှုပ်ရှားမှုများဆောင်ရွက်ရန်ရောက်ရှိနေသည့် ထိုင်းဘုရင့်လေတပ်မှ Air Chief Marshal Punpakdee Pattanakul ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ



ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul နှင့် ဇနီး တို့ကို ကမ္ဘာအေးဘုရားဂေါပကအဖွဲ့က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။



ရွှေတိဂုံစေတီတော်မြတ်ကြီးအား ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul နှင့် ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လှည့်လည်ဖူးမြော်စဉ်။

**နေပြည်တော် စက်တင်ဘာ ၁၈**

ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၏ ဖိတ်ကြားချက်အရ မြန်မာ-ထိုင်း နှစ်နိုင်ငံလေတပ်များအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိစေရန်အတွက် Bilateral Engagement Activities ဆိုင်ရာလှုပ်ရှားမှုများ ဆောင်ရွက်ရန် မြန်မာနိုင်ငံသို့ရောက်ရှိနေသော ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul နှင့်ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကမ္ဘာအေးဘုရားနှင့် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြပြီး ဗိုလ်ချုပ်အောင်ဆန်းဈေးသို့ သွားရောက်လည်ပတ်ကြည့်ရှုခဲ့ကြသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နေ့လယ်ပိုင်းတွင် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ ထိုင်းနိုင်ငံသို့ ထိုင်းဘုရင့်လေတပ်မှ ATR-72 လေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်လေတပ်စစ်သံမှူးနှင့် တာဝန်ရှိသူတို့က ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

## မြန်မာ့လိပ်ပြာမျိုးစိတ် ၂၀၀ ကျပ်တန် ၁၁ လုံးပါ အထူးထုတ်စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုး ရောင်းချပေးမည်

မြန်မာ့လိပ်ပြာမျိုးစိတ် ၁၁ မျိုး




**နေပြည်တော် စက်တင်ဘာ ၁၈**


ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းက ထုတ်ဝေခဲ့ပြီးသော မြန်မာနိုင်ငံ၌ တွေ့ရှိရသည့် လိပ်ပြာမျိုးစိတ် ၁၁ မျိုး တံဆိပ်ခေါင်းများကို တံဆိပ်ခေါင်း စုဆောင်းသူဝါသနာရှင်များ တစ်စုတစ်စည်းတည်း စုဆောင်းနိုင်ကြရန်ရည်ရွယ်၍ မြန်မာ့လိပ်ပြာမျိုးစိတ် ၂၀၀ ကျပ်တန် ၁၁ လုံးပါ Block of Stamp အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုးကို ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၀ ရက် မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် တော်သလင်း လပြည့်ကျော် ၁၄ ရက် (စနေနေ့) နံနက် ၉ နာရီခွဲမှစတင်၍ နေပြည်တော် ဇဗ္ဗူသီရိ ဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည် ဖြစ်သည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဇဗ္ဗူ ဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၀ ရက် (စနေနေ့)တွင်ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**❑ ဒေသအလိုက် နေရာကွက်၍မိုးကြီးနိုင်မှ**

ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၃ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် သတိပေးနှိုးဆော်ထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။



# ကျိုင်းတုံမြို့၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အခြေခံပညာကျောင်းသား အားကစားပွဲတော် ဖွင့်ပွဲပြုလုပ်



ကျိုင်းတုံမြို့၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အခြေခံပညာကျောင်းသားအားကစားပွဲတော်တွင် အမျိုးသားဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကိုတွေ့ရစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၈**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အခြေခံပညာကျောင်းသား အားကစားပွဲတော်ဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ ပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ၊ ပြည်နယ်ပညာရေးမှူး(ရုံးခွဲ)ညွှန်ကြားရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပညာရေးမှူးများ၊ ဆရာ၊ ဆရာမများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ကျောင်းသားမိဘများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ပြိုင်ပွဲဝင်အသင်းများက အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ကျိုင်းတုံမြို့ပေါ်ရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက ကာယလေ့ကျင့်ခန်းအတွဲ(၃၄)နှင့် Fitness Exercises သရုပ်ပြမှု၊ အမျိုးသားဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ်ဖြစ်သည့် ကျိုင်းတုံမြို့နယ်ကိုယ်စားပြုအသင်းနှင့် တာချီလိတ်မြို့နယ်ကိုယ်စားပြုအသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ အခြေခံပညာကျောင်းသား အားကစားပွဲတော်ကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) တွင် ပထမဆုံးအကြိမ်အဖြစ် ကျင်းပခြင်းဖြစ်ပြီး မြို့နယ်အသီးသီးရှိ အခြေခံပညာကျောင်းများမှ ကိုယ်စားပြုအသင်း ခုနစ်သင်းမှ အားကစားနည်း ခုနစ်နည်းဖြင့် စက်တင်ဘာ ၂၂ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(ဗဟို)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။




# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် အင်ဒိုနီးရှားနိုင်ငံသား ၁၇ ဦးကို ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

**နေပြည်တော် စက်တင်ဘာ ၁၈**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင်ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ ယနေ့တွင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-မယ်ထော်သလေး (KK Park) နယ်မြေတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် အင်ဒိုနီးရှားနိုင်ငံသား ၁၇ ဦးကို ထပ်မံထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း နေ့ချင်းပြီး ဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် အင်ဒိုနီးရှားနိုင်ငံသား ၁၇ ဦးကို ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

ဇန်နဝါရီ ၃၀ ရက်မှ ယနေ့ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၄၀၄ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၀၅ ဦးကို ထိုင်းနိုင်ငံမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၉၉ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများကို ထိထိရောက်ရောက် ပြတ်ပြတ်သားသား တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(ဗဟို)

**၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၈ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၈၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှု ထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# အိန္ဒိယနိုင်ငံတောင်ဘက်ပိုင်း ဥတ္တရာခန်ပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုကြောင့် သေဆုံးသူ ၁၅ ဦးထက်မနည်းရှိလာ



**နယူးဒေလီ စက်တင်ဘာ ၁၈**

အိန္ဒိယနိုင်ငံတောင်ဘက်ပိုင်း ဥတ္တရာခန်ပြည်နယ်တွင် စက်တင်ဘာ ၁၇ ရက်က ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုကြောင့် ဒေသခံလူဦးရေ ၁၅ ဦးထက်မနည်း သေဆုံးကာ ၁၆ ဦးထက်မနည်း ပျောက်ဆုံးနေကြောင်း ဥတ္တရာခန်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

သေဆုံးသူနှင့်ပျောက်ဆုံးသူ အများစုမှာ ဒီဟရာဒန်ခရိုင် ဆာဟာစထရက် ဟာရာမြို့မှဖြစ်ပြီး စက်တင်ဘာ ၁၆ ရက်မှ စတင်၍ မိုးသည်းထန်စွာ ရွာသွန်းကာ တောင်ကျရေများကြောင့် အချိန်တိုအတွင်း ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့ပြီး မြေပြိုကျမှုများလည်း ဖြစ်ပေါ်ခဲ့ကြောင်း၊ ရေစီးနှင့်အတူ ကျောက်တုံးကျောက်ခဲများ၊ ရွှံ့နွံများ မျောပါလာသည့်အတွက် လမ်းမကြီးတချို့ ပျက်စီးကာ အခြေခံအဆောက်အအုံ တချို့၊ လူနေအိမ်ခြေတချို့နှင့် ဆိုင်ခန်းတချို့ ပျက်စီးခဲ့ကြောင်း သိရသည်။

"ဒီဟရာဒန်ခရိုင်မှာ ရေကြီးရေလျှံမှုနဲ့ မြေပြိုကျမှုတွေဖြစ်ပေါ်ခဲ့ပါတယ်။ ဒေသခံ ၁၅ ဦးထက်မနည်းသေဆုံးခဲ့ပါတယ်။ ပျောက်ဆုံးနေသူ ၁၆ ဦးထက်မနည်းရှိနေပါတယ်။ ဆာဟာစထရက် ဟာရာမြို့မှာတော့ ပျက်စီးမှုတွေများခဲ့ပါတယ်။ လမ်းပိုင်းပျက်စီးမှုများခဲ့ပြီးတော့ လမ်းပန်းဆက်သွယ်ရေးတွေ ပြတ်တောက်နေပါတယ်။ အခြေခံအဆောက်အအုံတချို့ ပျက်စီးခဲ့သလို လူနေအိမ်ခြေတစ်ချို့နဲ့ ဆိုင်ခန်းတစ်ချို့လည်း ပျက်စီးခဲ့ပါတယ်။ ပြည်သူတွေ အန္တရာယ်ကင်းဖို့အတွက် ကယ်ဆယ်ရေးဝန်ထမ်းတွေ အကောင်းဆုံးကြိုးစားပေးနေပါတယ်" ဟု ဥတ္တရာခန် အရေးပေါ်စီမံခန့်ခွဲရေး အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြား သွားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# အမေရိကန်နိုင်ငံ မာဝီကောင်တီတွင် မိုးခေါင်မှုပြဿနာဖြင့် ရင်ဆိုင်နေရသဖြင့် သဘာဝပတ်ဝန်းကျင်အပေါ် ရိုက်ခတ်မှုများရှိနေ

**ဝါရှင်တန် စက်တင်ဘာ ၁၈**

အမေရိကန်နိုင်ငံ ဟာဝိုင်ယီပြည်နယ် မာဝီကောင်တီတွင် မိုးခေါင်မှုပြဿနာဖြင့် ရင်ဆိုင်နေရသဖြင့် သဘာဝပတ်ဝန်းကျင်အပေါ် ရိုက်ခတ်မှုများရှိနေကြောင်း မာဝီကောင်တီအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မိုးခေါင်မှုပြဿနာဖြင့် ရင်ဆိုင်နေရသည့်အတွက် ပျက်စီးခဲ့သော သဘာဝပတ်ဝန်းကျင်များကို ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်သလို သောက်သုံးရေ ပေးဝေမှုကိုလည်း ကန့်သတ်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စက်တင်ဘာလမှ ဆောင်ရွက်သွားမည်ဖြစ်ပြီး မိုးရွာသွန်းမှုအပေါ် မူတည်၍ သောက်သုံးရေပေးဝေမှုကို ပုံမှန်အတိုင်း ပေးဝေနိုင်ရေးအတွက် ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်အပေါ် ရိုက်ခတ်မှုများရှိနေသည့်အတွက် ၂၀၂၆ ခုနှစ်အစောပိုင်းတွင် ကျင်းပသွားမည့် ဂေါက်သီးရိုက်ပြိုင်ပွဲများကိုလည်း မာဝီကောင်တီတွင် ကျင်းပခွင့်ပြုသွားမည်မဟုတ်တော့ကြောင်း မာဝီကောင်တီအာဏာပိုင် အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

"ဟာဝိုင်ယီပြည်နယ်အတွင်းမှာရှိတဲ့ ဒေသတွေနဲ့ ပြည်သူတွေရဲ့ အရေးဟာ ပထမဦးစားပေးဖြစ်ပါတယ်။ မိုးခေါင်မှုပြဿနာကြောင့် မာဝီကောင်တီမှာ သဘာဝပတ်ဝန်းကျင်တွေ ထိခိုက်ပျက်စီးမှုတွေရှိလာတယ်။ ပျက်စီးသွားတဲ့ ဂေါက်ကွင်းတွေကို ရေပေးဖို့ထက် ပြည်သူတွေကို သောက်သုံးရေ လုံလုံလောက်လောက် ပေးဝေနိုင်ဖို့က ပိုပြီးတော့အရေးကြီးပါတယ်" ဟု ဟာဝိုင်ယီပြည်နယ် ဝန်ကြီးချုပ် ဂျို့ရှ်ဂရင်းက ပြောကြားသွားသည်။

Ref : Russia Today

Trs : Sai Sat

# အာဖဂန်နစ္စတန်နိုင်ငံ မြေငလျင်ဒဏ်သင့် ပြည်သူများအတွက် ဗြိတိန်နိုင်ငံက စတာလင်ပေါင် ၃ သန်း ကူညီပံ့ပိုးမည်

**ကဘူးလ် စက်တင်ဘာ ၁၈**



အာဖဂန်နစ္စတန်နိုင်ငံ ကူနာစီရင်စုတွင် ငလျင်များလှုပ်ခတ်ခဲ့ပြီးနောက် အကူအညီလိုအပ်နေသောငလျင်ဒဏ်သင့် ပြည်သူများအတွက် ဗြိတိန်နိုင်ငံက စတာလင်ပေါင် ၃ သန်း ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း စက်တင်ဘာ ၁၇ ရက်က ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ငလျင်ဒဏ်သင့်ပြည်သူများ နေရပ်သို့ အမြန်ဆုံးပြန်နိုင်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်နိုင်ရေးအတွက် ဗြိတိန်အစိုးရက ငွေကြေးပံ့ပိုး ပေးသွားရန် ဆုံးဖြတ်ခဲ့ပြီးနောက် မကြာမီ သက်ဆိုင်ရာမှတစ်ဆင့်ပေးပို့ကူညီသွားမည်ဖြစ်ကြောင်း ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အတွင်းရေးမှူးဖြစ်သူ ကူးပါးကပြောကြားသွားခဲ့သည်။

"အာဖဂန်နစ္စတန် နိုင်ငံမှာ မကြာသေးမီက ရင်ဆိုင်ခဲ့တဲ့ ငလျင်အန္တရာယ်ကြောင့် အာဖဂန်နစ္စတန်ပြည်သူတွေ ဒုက္ခရောက်ခဲ့ကြရတယ်။ ကယ်ဆယ်ရေးလုပ်ငန်းတွေကိုလဲ အခုထိ ဆောင်ရွက်နေရဆဲလို့ သိရပါတယ်။ ဗြိတိန်နိုင်ငံအနေနဲ့ လူသားချင်း စာနာထောက်ထားရေးအစီအစဉ်အရ ငလျင်ဒဏ်သင့်ပြည်သူတွေအတွက် စတာလင်ပေါင် ၃ သန်း ပံ့ပိုးကူညီပေးသွားမှာဖြစ်ပါတယ် " ဟု ဗြိတိန်နိုင်ငံခြားရေး ဝန်ကြီးဌာန၏ အတွင်းရေးမှူးဖြစ်သူ ကူးပါးက ပြောကြားသွားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# Dundee Precious Metals ကုမ္ပဏီကို သဘာဝပတ်ဝန်းကျင် တက်ကြွလှုပ်ရှားသူ ၉၀၀၀၀ ကျော်က ဆန္ဒဖော်ထုတ်ခဲ့

**ကွီတို စက်တင်ဘာ ၁၈**

အီကွေဒေါနိုင်ငံ ကွန်ကာမြို့တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူ ၉၀၀၀၀ ကျော်က သတ္တုမိုင်းတွင်းလုပ်ကွက်များကို ဆောင်ရွက်နေသည့် Dundee Precious Metals ကုမ္ပဏီကို စက်တင်ဘာ ၁၇ ရက်က ဆန္ဒဖော်ထုတ်မှုများပြုလုပ်ခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

Dundee Precious Metals ကုမ္ပဏီက ကွန်ကာမြို့အနီးတွင် ဆောင်ရွက်နေသည့် လိုမာလာဂါ သတ္တုမိုင်းတွင်း စီမံကိန်းကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သည့်အတွက် လုပ်ကွက်များကို ရပ်ဆိုင်းပေးရန် တောင်းဆိုမှုများ ပြုလုပ်ခဲ့ကြောင်း၊ အဆိုပါ လုပ်ကွက်အတွက် အီကွေဒေါသမ္မတ ဒန်နီရယ်နိုဘိုအာက Dundee Precious Metals ကုမ္ပဏီကို သဘာဝပတ်ဝန်းကျင် လိုင်စင်ခွင့်ပြုပေးထားခြင်းဖြစ်ကြောင်း၊ ထို့ပြင် ကွန်ကာမြို့ အာဏာပိုင်အဖွဲ့အစည်းကလည်း အဆိုပါ လုပ်ကွက်များကို ဆောင်ရွက်ခွင့်မပြုနိုင်ကြောင်း ကန့်ကွက်ချက် ထုတ်ပြန်ထားပြီး ကန့်ကွက်ရသည့် အကြောင်းရင်းမှာလည်း Dundee Precious Metals ကုမ္ပဏီ၏ သတ္တုမိုင်းတွင်း လုပ်ကွက်ကြောင့် ကွင်ဆာကိုချာ သဘာဝသစ်တော ကြိုးဝိုင်း ဟက်တာ ၃၂၀၀ ထိ ပျက်စီးနိုင်သည့်အတွက်ကြောင့် ဖြစ်ကြောင်း သိရသည်။

"Dundee Precious Metals ကုမ္ပဏီကို ခွင့်ပြုပေးထားတဲ့ သဘာဝပတ်ဝန်းကျင်ကို အစိုးရအနေနဲ့ ပြန်လည်ရုတ်သိမ်းစေချင်ပါတယ်။ ကွန်ကာမြို့ရဲ့ လမ်းမတွေပေါ်မှာ ပြည်သူတွေ အများကြီး အော်ဟစ်တောင်းဆိုနေကြပါပြီ။ အစိုးရအနေနဲ့ ပြည်သူတွေရဲ့ အသံကို နားထောင်မယ်လို့ မျှော်လင့်ပါတယ်။ ပြည်သူ ၉၀၀၀၀ ကျော်ဟာ အီကွေဒေါ ပြည်သူတွေကို ကိုယ်စားပြုပါတယ်"ဟု ကွန်ကာမြို့တော်ဝန် ဇာမိုရာက ပြောကြားသွားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# ဥရောပတိုက်တွင် ၂၀၂၅ခုနှစ် နွေရာသီကာလအတွင်း အပူချိန်မြင့်တက်မှုကြောင့် သေဆုံးသူဦးရေ ၁၆၅၀၀ ထက်မနည်းရှိခဲ့

**ဘရပ်ဆဲလ် စက်တင်ဘာ ၁၈**

ဘယ်လ်ဂျီယံနိုင်ငံ အခြေစိုက် ဥရောပသမဂ္ဂအဖွဲ့အစည်း (EU) မှသုတေသီများက ဥရောပတိုက်တွင် ၂၀၂၅ ခုနှစ် နွေရာသီကာလအတွင်း အပူချိန်မြင့်တက်မှုကြောင့် သေဆုံးသူဦးရေ ၁၆၅၀၀ ထက် မနည်းရှိခဲ့ကြောင်း ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အပူချိန်မြင့်မားသည့် ပြဿနာဖြင့် အဓိက ရင်ဆိုင်ခဲ့ရသည့် ဥရောပနိုင်ငံများမှာ စပိန်၊ ပေါ်တူဂီ၊ ဂရိ၊ အီတလီနိုင်ငံတို့ ဖြစ်ကြောင်း၊ စပိန်နိုင်ငံတွင် နွေရာသီကာလအတွင်း သုံးရက်တစ်ကြိမ်ခန့်ထိ အပူလှိုင်း ဖြတ်သန်းမှု ဖြစ်ပေါ်ခဲ့ကြောင်း၊ သုတေသီများက အပူလှိုင်း ဖြတ်သန်းသည့် ကာလအတွင်း အပူချိန်စံချိန်တင် မြင့်တက်ခဲ့ကြောင်း ဖော်ပြထားသည်။

"၂၀၂၅ ခုနှစ် နွေရာသီကာလအတွင်း ဥရောပတိုက်မှာ အပူလှိုင်းဖြတ်သန်းမှုတွေ မကြာခဏဖြစ်ပေါ်ခဲ့ပါတယ်။ အပူလှိုင်းဖြတ်သန်းချိန်မှာလဲ အပူချိန်မြင့်တက်မှုတွေဖြစ်ပေါ်ခဲ့ပြီးတော့ အပူချိန်မြင့်တက်မှုနဲ့ ဆက်စပ်ပြီးတော့ သေဆုံးသူ ဦးရေ ၁၆၅၀၀ ထက် မနည်းရှိခဲ့ပါတယ်။ ဒီပမာဏဟာ တော်တော်လေးကို စိုးရိမ်စရာကောင်းတဲ့ ပမာဏဖြစ်ပါတယ်။ ရာသီဥတု ဖောက်ပြန်မှုတွေကြောင့် အခုလိုအပူချိန်မြင့်တက်မှုတွေ ဆက်တိုက်ဖြစ်ပေါ်နေတာပါ။ ရာသီဥတုဖောက်ပြန်မှုကို အမြန်ဆုံးထိန်းချုပ်နိုင်မှ အခုလို မလိုလားအပ်တဲ့ ဆုံးရှုံးမှုတွေ ထပ်မဖြစ်မှာပါ" ဟု EU မှ သုတေသီများအဖွဲ့ကို ဦးဆောင်သူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

ဝတ္ထုတိုကလျာ

# ချစ်ခြင်းမေတ္တာသဘော

## ချင်းတောင်လတ်ငြိမ်း



(၁)

အချိန်ကား ၂၀၁၇ ခုနှစ်။ ရာသီမှာ မိုးရာသီဖြစ်သော်လည်း အတားအဆီးမဲ့ပူနေသော နေရောင်ထဲတွင် ဆံပင်မွဲမွဲဖြင့် ခပ်နွမ်းနွမ်းအင်္ကျီကိုဝတ်ကာ "ဘူးရွက်တွေရမယ်၊ ချဉ်ပေါင်ရွက်တွေ ပါတယ်နော်" ဟု အသံကုန်ထွက်၍ အော်နေလေသည်။ စီးကျလာသော ချွေးများကို ခေါင်းခုပုဆိုးဖြင့်သုတ်ရင်း နေပူထဲတွင် မကြောက်မရွံ့လှုပ်ရှားနေလေသည်။ ရုတ်တရက် နှာခေါင်းထဲတိုးဝင်လာသည့် မွှေးပျံ့ပျံ့ဟင်းရနံ့ကြောင့် မကြည်အေးတစ်ယောက် ထမင်းစားချိန်ကို သတိရလေသည်။ လက်ကျန်အသီးအရွက်များကို ကုန်အောင်မရောင်းတော့ဘဲ အိမ်သို့ပြန်လာလေသည်။

"မကြည်အေး ခဏနေပါအုံး"

ခေါ်နေသူက ရွာ၏မျက်နှာကြီးအသိုင်းအဝိုင်းမှ ဒေါ်ဖွားတင့်ဖြစ်သည်။ သူ့မြေးကို လက်ကတွဲလျက် မကြည်အေးအလာကို ရပ်စောင့်နေသည်။

"မကြည်အေး ချဉ်ပေါင်ရွက်က ဘယ်လောက်ရောင်းတာလဲ"

"တစ်စည်းမှ တစ်ရာပါ ဒေါ်ဖွားတင့်ရေ"

"နှစ်ရာ့ငါးဆယ်ဖိုး သုံးစည်းမရဘူးလားကွယ်။ ငါ့မှာ ပိုက်ဆံအနုပ်က နှစ်ရာ့ငါးဆယ်ထဲရှိတာကြောင့်"

"ကဲပါ။ သုံးစည်းကို နှစ်ရာ့ငါးဆယ်နဲ့ထားပေးပါတယ်။ ယူလိုက်ပါ"

"အေး ကျေးဇူးတင်တယ်ကွယ်"

"ဒါပေမဲ့ အင်္ကျီလျှော်စရာတို့၊ စောင်လျှော်စရာတို့ဆို ကျွန်မကိုပဲ ခေါ်နော်"

"အင်းပါ။ မနက်ဖြန်တော့ လာခဲ့အုံးနော်။ အိမ်သန့်ရှင်းရေးလုပ်ချင်လို့"

"ဟုတ်ကဲ့ ဟုတ်ကဲ့။ မနက်ဖြန်လာခဲ့မယ်နော်"

"အေး အေး"

ဈေးတောင်းခေါင်းပေါ်ရွက်ကာ မကြည်အေးလည်း အိမ်သို့ပြန်သွားလေသည်။ ချစ်ချစ်တောက်ပူနေသောနေထက် မကြည်အေး၏ ဆာလောင်မှုသည် ပို၍ပူလောင်ပေလိမ့်မည်။

(၂)

"သား စာမကြည့်ဘူးလား"

လှေကားရှေ့တွင် ငေးကာထိုင်နေသော ဖတဆိုးသားလေး ညီသုတကို တွေ့ရလေသည်။ ညီသုတမျက်နှာတွင် သူ့အမေကို တောင်းဆိုစရာရှိလိမ့်မည်ဟု ထင်သည်။

"မကြည့်သေးဘူးအမေ။ အမေ့ကို ပြောစရာရှိလို့"

"သားက ဘာပြောမလို့လဲ"

"ကျောင်းက ဆရာမက ဆရာကန်တော့ကြေးက ငါးရာ၊ ဝါဆိုသင်္ကန်းကြေးက ငါးရာတဲ့"

တစ်ရက်ကို ဈေးရောင်းရငွေက အရင်းတွင် တစ်ထောင်၊ အမြတ်ကလည်း တစ်ထောင်ပင်။ မနက်ကို ဟိုအိမ်ကခိုင်းသည့်အလုပ်ကိုလုပ်လိုက်၊ သည်အိမ်က ခိုင်းသည့်အလုပ်ကို လုပ်လိုက်နှင့် သားအမိနှစ်ယောက်စာ ဝမ်းရေးဖြေရှင်းခဲ့သည်တွင် လေးနှစ်ကျော်လာပြီ။

"အမေ သားပြောတာကြားရဲ့လား"

အတွေးလွန်သွားသော မကြည်အေးက သူ့သားသတိပေးစကားပြောလိုက်မှ လန့်ဖျပ်သွားသည်။

"အေး အေးသား။ ရော့ ငါးရာ"

"မဟုတ်ဘူးလေ အမေရဲ့။ ငါးရာထပ်ပေးရအုံးမယ်လေ"

"ဪ...ဒါကတော့သားရယ်။ ဆရာမကို သားတို့က တစ်နေ့လုပ်မှ တစ်နေ့စားရတာကြောင့် ပိုက်ဆံမတတ်နိုင်လို့ ငါးရာထဲထည့်နိုင်တယ်လို့ ဆရာမကို ပြောနော်"

"မရဘူးလေအမေ။ တစ်နေ့လုပ်မှ တစ်နေ့စားရတာ သားတို့လေ ဆရာမမှ မဟုတ်တာ။ ဘယ်လိုရှင်းပြလို့ရမလဲ အမေ"

မကြည်အေးက သူနေ့စဉ်ပုံမှန်စုနေကျ စုဘူးထဲသို့ ငါးရာကို ပုံမှန်ထည့်ချင်သောကြောင့် မပေးခြင်းဖြစ်သည်။ သည်အကြောင်းကို ညီသုတသိမည်မဟုတ်ပေ။ ထိုအရာသည် မကြည်အေး၏ ရည်ရွယ်ချက်ပင်။

"သားရယ် အမေပြောသလိုသာ ပြောလိုက်ပါ။ သားဆရာမတို့လဲ နားလည်မှာပါ"

ညီသုတက ကလေးဖြစ်သော်လည်း အမေ့အကြောင်းကို သူသိပြီးဖြစ်သည်။ သူ့အမေစုနေကျစုဘူးထဲသို့ ပိုက်ဆံထည့်မပျက်ချင်သောကြောင့် သူ့ကိုမပေးခြင်းဖြစ်သည်ကို ရိပ်မိသည်။ ညီသုတလည်း အတန်းထဲတွင် မျက်နှာငယ်ရသည်။ နှစ်ရက်နေလျှင် ဝါဆိုသင်္ကန်းကြေးရော၊ ဆရာကန်တော့ကြေးပါစုံရမည်ဟု ဆရာမ၏ တိုက်တွန်းသံကို အတန်းထဲတွင် ပြောသည်။ အတန်းထဲတွင်လည်း ညီသုတတစ်ယောက်သာ ပိုက်ဆံပေးရန် ကျန်တော့သည်။ ထိုကိစ္စကိုဖြေရှင်းရန် မည်သို့လုပ်ရမည်ကို စဉ်းစားမရပေ။

(၃)

ညီသုတက လက်ထဲမှ ငွေငါးရာကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ရင်း ကျောင်းဝင်းထဲ ဝင်ရကောင်းနိုး မဝင်ရကောင်းနိုးနှင့် ဇဝေဇဝါဖြစ်နေမိသည်။ ငွေငါးရာ ဆရာမကိုသွားပေးပါက သူ့အမေပြောသကဲ့သို့ ဆရာမက သူ့မိသားစုအခြေအနေကိုရော နားလည်မလား။ ဆရာမကရော သူပေးသည့် ငွေငါးရာကို လက်ခံပါမလား။

ကလေးဖြစ်သည့်ညီသုတ မတွေးတတ်ပေ။ သူတွေးတတ်သည်မှာ တစ်ခုသာရှိသည်။ ကျောင်းခန်းရောက်၍ ဆရာမကို ငွေငါးရာသွားပေးပါက ဆရာမက သူ့ကို နောက်ထပ်ငါးရာထပ်တောင်းမည်။ အမေပြောသည့်အတိုင်း ဆရာမကိုရှင်းပြလျှင် ဆရာမနှင့်တကွ အတန်းထဲမှ သူငယ်ချင်းများက သူ့ကိုအထင်သေးကြမည်ဟု ထင်သည်။ အချို့သူငယ်ချင်းများက သူ့ကိုလှောင်ကြဦးမည်။ ညီသုတက ကလေးဖြစ်သော်လည်း ရှက်တတ်သည်။ ညီသုတ ဆရာမကို ဝါဆိုသင်္ကန်းကြေးရော ဆရာကန်တော့ကြေးပါ အပြည့်အဝပေးချင်သည်။ ရုတ်တရက် ကားလမ်းမှ စက်ဘီးတစ်စီးသည် ကယ်ရီယာခုံတွင် ထန်းခေါက်တောင်းနှစ်လုံးကို ဘေးမှချိတ်ဆွဲကာ "သံတိုသံစတွေဝယ်တယ်။ ဘက်ထရီအိုးပျက်တွေဝယ်တယ်။ ပလတ်စတစ်ဘူးခွံတွေဝယ်တယ်"ဟူ၍ အော်သွားလေသည်။ သံတိုသံစဝယ်သော ဦးလေးကိုကြည့်ကာ အတွေးတစ်ခုဝင်လာသည်။ အတွေးတစ်ခုနှင့်အတူ သည်နေ့ သူမြင်တွေ့ခဲ့ရသော သူ့အမေ၏ အဖြစ်အပျက်ကိုလည်း မြင်ယောင်မိပြန်သည်။

"မကြည်အေးရယ် ကျွန်မတို့က လုပ်ခကိုလဲ အပြည့်အဝပေးတယ်။ မကြည်အေးဘက်ကလဲ အပြည့်အဝလုပ်ပေးရင် နှစ်ဦးနှစ်ဖက်အဆင်ပြေတာပေါ့။ အခုတော့ မကြည်အေးလုပ်ပုံက ကြည့်စမ်းပါအုံးရှင်"

ဒေါ်ဖွားတင့်က အင်္ကျီတစ်ထည်ကိုကိုင်လျက် သူ့အမေကို အော်ကျယ်ဟစ်ကျယ်ဖြင့် ပြောနေသည်ကို သူကြားသည်။ ထို့နောက် ဒေါ်ဖွားတင့်၏ သမီးကလည်း မီးဖိုချောင်အတွင်း သန့်ရှင်းရေးလုပ်သည်ကို လိုအပ်သည်ဟုဆိုကာ သန့်ရှင်းရေးလုပ်ခကို သုံးပုံတစ်ပုံပဲပေးမည်ဟု ပြောသံကိုလည်း ကြားရသေးသည်။

ညီသုတ ဘာမျှမတွေးလိုတော့ပေ။ သူကျောင်းဝင်းရှေ့တွင် ရပ်စဉ်းစားနေစဉ်အတွင်း ကျောင်းတက်ခေါင်းလောင်းသံကို ကြားရလေသည်။ ညီသုတလည်း ကျောင်းဝင်းတံခါးနားမှ စည်းကမ်းမဲ့စွန့်ထားသော ပလတ်စတစ်အိတ်ကြီးတစ်လုံးကို ကောက်လိုက်သည်။ ထို့နောက် တွေ့သမျှအချိုရည်ဘူး၊ အချိုရည်ပုလင်း၊ သံတိုသံစ၊ ပလတ်စတစ်ဘူးအဟောင်းများကို မြောင်းကြိုမြောင်းကြား၊ ပုပ်ဟောင်းဆွေးမြည့်နေသောအမှိုက်ပုံများကြားမှ ပလတ်စတစ်ဘူးခွံများကို ရသမျှကောက်တော့သည်။

ညီသုတ၏ကြိုးစားမှုဖြင့် သူ၏ ပလတ်စတစ်အိတ်ကြီး ပြည့်ကားလာသည်။ ထို့နောက် စက်ဘီးဖြင့် "ပလတ်စတစ်ဘူးခွံတွေဝယ်တယ်" ဆိုသော ဦးလေးကြီးကို ရွာထဲအနှံ့လိုက်ရှာတော့သည်။ သူ့တစ်ကိုယ်လုံးသည် အနံ့ဆိုးလည်း ထွက်လျက်ရှိသည်။

(၄)

သူ့သားအတွက်လိုအပ်နေသည့် ငွေငါးရာကို ပေးနိုင်ရန် မကြည်အေး ဒေါ်ဖွားတင့်အိမ်တွင် တကုပ်ကုပ်နှင့် ကြမ်းတိုက်နေသည်။ အဝတ်လျှော်၊ ကြမ်းတိုက်၊ အိမ်သန့်ရှင်းရေးလုပ်ခသည် နှစ်ထောင့်ငါးရာရသည်။ ငါးရာကို သားကိုပေးမည်။ တစ်ထောင်ကို စုဘူးနှစ်လုံးထဲသို့ ငါးရာစီထည့်မည်။ တစ်ထောင်ကို ဆီဝယ်၊ ဆားဝယ်မည်။ မကြည်အေးစိတ်ထဲ နှစ်ထောင့်ငါးရာသောဝင်ငွေအတွက် စီမံမှုများကို စိတ်ထဲမှ လုပ်နေရသည်။ အစွန်းအထင်းပေနေသည့် အင်္ကျီကိုလည်း ပြောင်အောင်လျှော်ပြီးလေပြီ။ သန့်ရှင်းရန်ကျန်ခဲ့သော မီးဖိုချောင်၏ဗီရိုနောက်ဘက်ကိုပါ လုပ်ခဲ့သည်။

"မေကြီး မေကြီး"

ရုတ်တရက်မို့ မကြည်အေး လန့်သွားမိသည်။ သို့သော်လည်း သူ့ကိုခေါ်သည်မဟုတ်၍ အေးအေးသာ နေလိုက်သည်။

"ဘာလဲမြေးလေး"

"သားအိပ်ရာဘေးမှာထားတဲ့ ပိုက်ဆံနှစ်ထောင် မေကြီးယူတာလား"

"မယူပါဘူး မြေးရယ်။ မေကြီးက မြေးလေးအခန်းထဲ ဒီနေ့ တစ်ခါမှမဝင်ရသေးဘူးနော်"

"ဒါဆို သားပိုက်ဆံ ဘယ်သူယူတာလဲ"

"ဘယ်သိမလဲသားရယ်။ ဪ..."ဟူ၍ မကြည်အေးကို ဒေါ်ဖွားတင့် သတိရလေသည်။

"မကြည်အေးရေ။ ဒီကို ခဏလာပါအုံး"

မကြည်အေး ကြမ်းတိုက်နေရာမှ ထလာသည်။ မကြည်အေးက ဘာကိစ္စနှင့်ခေါ်သည်ကို သိပြီး၍ ခပ်ရွံ့ရွံ့ဖြင့် လာလေသည်။

"မကြည်အေး မြေးလေးအခန်းထဲဝင်တုန်းက ပိုက်ဆံနှစ်ထောင် တွေ့မိသေးလား"

ဒေါ်ဖွားတင့်က ယဉ်ယဉ်လေးဖြင့် မကြည်အေးကို သူခိုးဟု စွပ်စွဲလိုက်သည်။ သို့သော်လည်း ရိုးသားလှသည့် မကြည်အေးက သဘောရိုးဖြင့် ပြန်ဖြေသည်။

"မြေးလေးအခန်းထဲ သန့်ရှင်းရေးလုပ်တုန်းက ပိုက်ဆံကို မမြင်မိပါဘူး"

"မကြည်အေးရယ် ဘယ်လိုမှတော့မထင်ပါနဲ့ကွယ်။ ငါ့မြေးပိုက်ဆံ ယူထားမိလားကွယ်။ ယူထားမိလဲ ပြန်ပေးပါကွယ်"

ဒေါ်ဖွားတင့်စကားကြောင့် မကြည်အေး ဒေါသဖြစ်မိသည်။ "မရှိခိုးနိုး မလှစုန်းယိုး"ဟူသောစကားသည် သွေးထွက်အောင်မှန်လှသည်။ ဝမ်းစာရေးကြောင့် သည်အလုပ်လုပ်ရသော်လည်း သူများပစ္စည်း မတရားခိုးယူသည့်အလုပ်ကို မကြည်အေးအသက်နှင့်အမျှမလုပ်ပေ။ လူတို့သည် မရှိဆင်းရဲသားများအပေါ် အထင်သေးအမြင်သေးဖြင့် မြေနိမ့်ရာလှံစိုက်ချင်တတ်သည့်သဘောရှိသည်။

"ကျွန်မ မယူမိပါဘူး ဒေါ်ဖွားတင့်ရယ်။ တကယ်လို့မယုံဘူးဆိုရင် ကျွန်မရဲ့ လုပ်အားခနှစ်ထောင့်ငါးရာကို ဒေါ်ဖွားတင့်တို့ ယူလိုက်ပါ"

စာမျက်နှာ ၂၅ သို့ á

# ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၃၆၉၈ ဧက စိုက်ပျိုးမည်



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**ရေဦး စက်တင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၃၆၉၈ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၃၆၉၈ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ရေဦးမြို့နယ်မှာ နေကြာဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ပြည်ပကတင်သွင်းတဲ့စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးရေးဆောင်ရွက်ပေးသွားမယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာဟာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက် ပိုများပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးမြို့နယ်တွင် နေကြာတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ နေကြာစိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# သဲကုန်းမြို့နယ် ကြို့ရပ်သာကျေးရွာ၌ ခေတ်မီစံပြကျေးရွာထူထောင်ရေးလုပ်ငန်း စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**သဲကုန်း စက်တင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးမှု ကွာဟချက်များ မရှိစေရန်နှင့် ခေတ်မီစံပြကျေးရွာများ ဖြစ်ပေါ်လာစေရန်အတွက် ကြို့ရပ်သာကျေးရွာအုပ်စု ကြို့ရပ်သာကျေးရွာ၌ ခေတ်မီစံပြကျေးရွာထူထောင်ရေးလုပ်ငန်း စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်တလင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုးက ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းအကြောင်းနှင့် ခေတ်မီစံပြကျေးရွာထူထောင်ရေးလုပ်ငန်း စီမံကိန်းဆောင်ရွက်မည့်အဓိကလုပ်ငန်းစဉ် (၆) ရပ်နှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထက်နောင်က ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍတစ်ခုချင်းစီအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၊ ရပ်မိရပ်ဖများက ခေတ်မီစံပြကျေးရွာထူထောင်ရေးလုပ်ငန်းကော်မတီဝင် ၁၁ ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကြို့ရပ်သာကျေးရွာ၌ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ကျေးရွာ၏လိုအပ်ချက်များကို ဖော်ထုတ်ရေးဆွဲထားသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် သက်ဆိုင်ရာဦးစီးဌာနများနှင့် ချိတ်ဆက်ကာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထက်နောင်က ပြောပြ၍ သိရသည်။

**သုတ**

## တို့တိုင်းတို့ပြည် အစွမ်းရှည်ဖို့

\- တိုင်းရင်းဆွေ ကောင်းမှုနဲ့
ပေါင်းစုကွဲ့ ထာဝစဉ်၊
အမိမြေ တိုးတက်
မျိုးဆက်သစ်လွင်၊
ညီညာစိတ် တည်ပါလျှင်
ပြည်ရွာတစ်ခွင် သာပေစွ၊
စည်းလုံးညီ တစ်စိတ်တစ်ဝမ်းရယ်
ရွက်ထမ်းဝန်မျှ။

\- တို့တိုင်းပြည် တို့ချစ်က
မြို့သစ်လှ တောစည်သာ၊
စိတ်ရင်းဖြူ သွေးမကွဲ
တည်မြဲခိုင်မာ၊
ချစ်စိတ်နှင့် သည်မြေလွှာ
တည်စေရာ တို့ဆောင်ရွက်၊
နိုင်ရာဝန် ပေးယူကြပါလို့
ပြိုင်ကာယှဉ် ဖေးကူမမယ်
အေးပူမျှလျက်။

\- ဝေးဖယ်ကြဉ် ညစ်အဆိုးအမျက်
ချစ်ကြိုးဆက် အစွန့်ရှည်၊
စရိုက်ဖြူ အလှစစ်က
ထွန်းသစ်ခိုင်နေ၊
တို့တိုင်းကွဲ တို့မြန်ပြေ(ပြည်)
တည်ကြည်တဲ့ ဂုဏ်ထူးသစ်၊
အသိဖွေ ညီညာမှုရယ်နှင့်
အမိမြေ ပြည်ရွာစုကို
တည်ကာထုဆစ်။

ငြိမ်းချမ်းအောင်(နတ်တလင်း)

á စာမျက်နှာ ၂၄ မှအဆက်

"မယူပါဘူး မကြည်အေးရယ်။ ငါက မေးကြည့်ရုံပါ"

မကြည်အေး အိမ်အလုပ်များကို အမြန်ပြီးအောင်လုပ်သည်။ နှစ်နာရီခန့်လုပ်ပြီးသောအခါ တစ်အိမ်လုံး သန့်စင်ပြောင်လက်နေသည်။

"ကျွန်မပြန်တော့မယ်"

"အေးအေး မကြည်အေးရေ့ လုပ်အားခ သုံးထောင်"

"နှစ်ထောင့်ငါးရာ မဟုတ်ဘူးလား"

"ငါးရာက မကြည်အေးကို ပိုပေးတာပါ။ နောက်လဲ လာပေးပါအုံး"

မကြည်အေး ဒေါ်ဖွားတင့်ပေးလိုက်သည့်ငွေကိုစိုက်ကြည့်ရင်း အတွေးများဝင်လာသည်။

"ဩော်...လူတစ်ယောက်ရဲ့ အကျင့်စရိုက်နဲ့သိက္ခာကို ငါးရာနဲ့ တန်ကြေးဖြတ်ကြသတဲ့လား။ ငါ့ရဲ့သိက္ခာဟာ ငါးရာပဲတန်သလား"

(၅)

မကြည်အေးလည်း ဝမ်းရေးအတွက် သူများအိမ်တွင် အောက်ကျနောက်ကျ အနိမ့်ခံဘဝဖြင့်လုပ်စားရသော်လည်း စိတ်ဓာတ်အောက်တန်းမကျပေ။ ဒေါ်ဖွားတင့်ပေးလိုက်သော ငွေကိုဆုပ်ကိုင်ရင်း အိမ်သို့ပြန်လာသည်။ ရုတ်တရက်မြင်တွေ့လိုက်ရသည့် မြင်ကွင်းကြောင့် မကြည်အေးဒေါသများဖြစ်မိသည်။ တစ်ကိုယ်လုံးအညစ်အကြေးများပေလျက်လက်ထဲတွင် ပလတ်စတစ်အိတ်တစ်လုံးကိုဆွဲလျက် လမ်းလျှောက်လာသူက ညီသုတ။

"ဟင် သားလေး"

ညီသုတ ထွက်ပြေးရမလား၊ ရပ်နေရမလား။ အမေ မသိအောင်လုပ်သောအလုပ်ကို အမေသိလေပြီ။

"အမေ"

မကြည်အေး သူ့သားဆီသို့ ပြေးသွားသည်။ ညီသုတမှာ ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်နေသည်။

"နင်က ကျောင်းမတက်ဘဲ ဘာတွေလုပ်နေတာလဲ"

"သား ဆရာမကိုပေးဖို့ ငါးရာလိုနေတာနဲ့ ဘူးခွံကောက်နေတာပါ အမေ။ သားကျောင်းမတက်ချင်လို့ မဟုတ်ပါဘူး"

"နင်က နင့်ကိုယ်နင် ပိုက်ဆံတွေရှာတတ်နေပြီလို့ထင်နေတာလား။ ငါ့မှာတော့ နင့်အတွက်နဲ့ သူများအိမ်မှာ အောက်ကျနောက်ကျနဲ့ အလုပ်တွေလုပ်လို့။ အဲဒါ နင့်ကျောင်းစရိတ်အတွက်ဟဲ့ နင်နားလည်လား"

ညီသုတ ငိုချင်လာသည်။ ပါးပြင်ပေါ်တွင် ပူနွေးနွေးမျက်ရည်များစီးကျလာသည်။

"သားလဲ အမေ ဟိုအိမ်မှာအပြောအဆိုခံပြီးလုပ်နေတာ မကြည့်ရက်လို့ အခုလိုတွေလုပ်မိတာပါ။ အမေ့ကို အဲဒီလိုတွေ ပြောဆိုနေတာသားမကြိုက်ဘူး။ ဟိုအဘွားကြီးကိုလဲ သိပ်မုန်းတာပဲ။ အဲဒါကြောင့် အမေအတွက် ပိုက်ဆံတွေပိုရှာနေတာ။ သားက အမေ့ကိုလဲ ပိုက်ဆံတောင်းရမှာအားနာလို့"

"ဘာ အားနာတယ်ဟုတ်လား။ ငါ့မှာတော့ နင်ကျောင်းမှာ ပိုက်ဆံငါးရာလိုလို့ ငါ့သိက္ခာကို ဒီငွေငါးရာနဲ့ တန်ဖိုးဖြတ်ခံခဲ့ရတာသိလား"

မကြည်အေး ဒေါ်ဖွားတင့်ပိုပေးလိုက်သည့် ငွေငါးရာကို ထုတ်ပြလေသည်။

"ဒါဆို ဒီဘူးခွံတွေက ဘယ်လိုလုပ်ရမလဲ"

"သားနောက်တစ်ခါ အမေ့ကို သနားရင်၊ အားနာတယ်ဆိုရင် ဒီလိုမလုပ်နဲ့။ သား စာကိုကြိုးစား။ သားပညာတတ်ကြီးဖြစ်မှ အမေ့ကို ကူညီရာရောက်မှာ။ သားအမေ့ကို ကတိပေးနော်"

"ဟုတ်ကဲ့မေမေ၊ အမေလဲကတိပေး။ နောက်တစ်ခါ အမေလဲ ဟိုအဘွားကြီးအိမ်မှာ အလုပ်မလုပ်နဲ့တော့နော်။ သားလဲ ကတိပေးတယ်"

"အေးပါသားရဲ့။ အမေလဲ ကတိပေးပါတယ်။ လာ သားကောက်ထားတဲ့ ဘူးခွံတွေ သွားရောင်းရအောင်"

မကြည်အေးတို့သားအမိနှစ်ယောက် ညီသုတကောက်ခဲ့သော ဘူးခွံများကိုရောင်းရန် ရွာထဲသို့ ထွက်သွားကြလေသည်။

# နာမည်ကောင်းကျန်ခဲ့စေဖို့

**လင်းလက်**

**❖ မျိုးဆက်သစ်လူငယ်များအနေဖြင့် ခဏတာရလာသည့် လူ့ဘဝတွင်ကျင်လည်ခိုက် ကောင်းမှု၊ မကောင်းမှုများကို ခွဲခြားသိမြင်တတ်ပြီး မကောင်းမှုဟူသမျှကိုမပြုလုပ်မိကြရန် တိုက်တွန်းလိုသည်။ အသက်ရှင်သန်စဉ်ကာလ လူ့ဘဝအတွက် ကောင်းကျိုးပြုနိုင်သည့် အလုပ်များကို တတ်နိုင်သမျှကြိုးစားလုပ်ဆောင်ကြရင်းဖြင့် နိုင်ငံ့သားကောင်းပီသကြဖို့လိုသည်။ လူငယ်ဆိုသည်မှာ သွက်လက်ဖျတ်လတ်ပြီး သန်စွမ်းကျန်းမာသောခန္ဓာကိုယ်ကိုပိုင်ဆိုင်ထားသဖြင့် ထိုခွန်အားတို့ကို နိုင်ငံ့အင်အားအဖြစ် ပြောင်းလဲပစ်ဖို့လိုသည့်အခါတွင် ပြောင်းလဲပစ်နိုင်သည့် စိတ်ဓာတ်များရှိကြဖို့လိုသည်။ ❖**

**ခဏတာရသည့် လူ့ဘဝ**

သံသရာတွင်ကျင်လည်ခိုက် အတိတ်ဘဝက ပြုခဲ့သည့် ကံအကျိုးပေးကောင်းမှုကြောင့် ၃၁ဘုံတွင် သတ္တဝါတို့အနေဖြင့် ရောက်ရန်ခက်ခဲလှသည့် လူ့ဘုံသို့ ရောက်ရှိလာကြသူများသည် ကံ၊ ကံ၏အကျိုးကိုယုံကြည်၍ ကောင်းမှု၊ မကောင်းမှုတို့ကို ခွဲခြားသိမြင်တတ်သူများ ဖြစ်ရန်လိုသည်။ "မနုဿတ္တဘာဝေါ ဒုလ္လဘော" ဆိုသည့်အတိုင်းပင် ရခဲလှသည့် လူ့ဘဝကိုရလာသူတိုင်း လူသားပီသစွာဖြင့် လူ့ကျင့်ဝတ်နှင့်အညီ ရှင်သန်နေထိုင်သွားကြရန်လိုအပ်သည်။ မည်သည့် ဘာသာအယူဝါဒကို လက်ကိုင်ထားသူဖြစ်စေကာမူ လက်ရှိရထားသည့် ခန္ဓာကိုယ်ကို အချိန်တန်သည့်အခါစွန့်ခွာ၍ လူ့ဘဝမှ ထွက်ခွာသွားကြမည်မှာ အမှန်တရားပင်ဖြစ်သည်။

ခေတ္တခဏအငှားရထားသည့် မိမိတို့၏ခန္ဓာကိုယ်ကိုစွန့်ခွာ၍ လူ့ဘဝမှထွက်ခွာသွားသည့် အချိန်တွင် မိမိချစ်ခင်နှစ်သက်ရသူများ အားလုံးကိုလည်း ထားခဲ့ရသည်။ မိမိရှာဖွေစုဆောင်းအပ်သော ပစ္စည်းဥစ္စာအားလုံးကိုလည်းထားပစ်ခဲ့ရသည်။ မိမိနှင့်အတူ မည်သည့်ပစ္စည်းမျှ ယူဆောင်သွားခွင့်မရှိဘဲ မိမိ၏ဂုဏ်သတင်းနှင့် လုပ်ရပ်များကိုလည်း လူ့ဘဝတွင် ထားရစ်ခဲ့ရပြန်သည်။ အသက်ရှင်သန်နေစဉ်ကာလအတွင်း လူ့ဘဝတွင်လူသားဆန်စွာဖြင့် မိမိကျင်လည်ရာပတ်ဝန်းကျင်ကို ကောင်းကျိုးပြု၍ ကောင်းမှုများဖြင့် ကောင်းစွာနေထိုင်ခဲ့သူတို့၏ ဂုဏ်သတင်းသည် မွှေးပျံ့ကာ လူမှုပတ်ဝန်းကျင်အတွင်းတွင် ထင်ကျန်နေခဲ့မည်ဖြစ်သည်။ လူမိုက်တို့၏လမ်းစဉ်ကိုလိုက်ကာ ဒုစရိုက်လုပ်ငန်းများကို စဉ်ဆက်မပြတ်လုပ်ကိုင်ခဲ့သည့် လူတစ်ဦး သေဆုံးသွားသည့်အခါ ထိုသူ၏နာမည်မှာ မကောင်းသတင်းထွက်ကာ ကျန်ခဲ့မည်သာဖြစ်သည်။

**နာမည်တစ်လုံးကျန်ခဲ့စေလို**

လူသားတစ်ဦးအနေဖြင့် ခဏတာရလာသည့် လူ့ဘဝတွင် ကျင်လည်ခဲ့ရာ၌ လောက၏ကောင်းကျိုး၊ မိမိ မိသားစုအကျိုးကို ထမ်းဆောင်နိုင်ခြင်းမရှိစေကာမူ မိမိနှင့် မိမိပတ်ဝန်းကျင်၏ဂုဏ်သတင်းကို ပျက်ယွင်းသွားအောင် မလုပ်ဆောင်မိရန်တော့လိုသည်။ မကောင်းမှုဒုစရိုက်များဖြင့် ရှင်သန်ခဲ့သူတစ်ဦးသည် လောကလူ့ရွာမှ ထွက်ခွာသွားခဲ့သော်လည်း ထိုမကောင်းမှုတို့၏ အရိပ်မည်းကြီးသည် ကျန်ရစ်ခဲ့သော မိသားစုဝင်များပေါ်သို့ ကျရောက်နေမည်သာဖြစ်သည်။ လူမှုပတ်ဝန်းကျင်ကို ထာဝစဉ်သာယာလှပအောင် စွမ်းဆောင်ပေးနိုင်သူများ၏ ဂုဏ်သတင်းသည်ကား ထာဝရတည်တံ့မွှေးပျံ့နေမည်ဖြစ်ပြီး ထိုသူမရှိတော့သည့်တိုင် ထိုသူ၏ မိသားစုဝင်၊ ဆွေမျိုး၊ မိတ်ဆွေဟု ဆိုလိုက်ရုံမျှဖြင့် လူတိုင်းက အားကျ၊ အတုယူ၊ ချီးကျူးဂုဏ်ပြုနေကြမည်သာဖြစ်သည်။

၃၁ ဘုံတွင်လူ့ဘုံသည် ကုသိုလ်ကောင်းမှုများအစဉ်ထာဝရပြုကာ နိဗ္ဗာန်သွားရာလမ်းကြောင်းပေါ်သို့လျှောက်လမ်းနိုင်သည့် တစ်ခုတည်းသောဘုံဖြစ်သဖြင့် အမြင့်မြတ်ဆုံးဘုံဖြစ်သည်ဟု မြတ်စွာဘုရားရှင်က ဟောကြားခဲ့သည်။ လောကီရေးရာကိစ္စရပ်များကို ထာဝရစွန့်လွှတ်၍ လောကုတ္တရာအတွက်သာ တရားအားထုတ်ကာ အရိယာသူတော်စင်အလုပ်ကို မလုပ်နိုင်သေးသည့်တိုင် မိမိကျင်လည်ရာ လူမှုပတ်ဝန်းကျင်အတွက် ကောင်းကျိုးဖြစ်စေသည့် အရာများတွင် တတ်နိုင်သမျှပူးပေါင်းပါဝင်ကြရန်လိုသည်။ မိမိ မိသားစုအတွက်၊ မိမိပတ်ဝန်းကျင်အတွက်၊ မိမိနိုင်ငံတော်အတွက် ပေးဆပ်ရန်လိုသည်ဟုဆိုရာတွင် မိမိ၏အသက်နှင့်ခန္ဓာကို တစ်ဘဝစာလုံးပုံအောပေး၍ အချိန်ပြည့်အများအကျိုးအတွက် ရှေ့တန်းတင်နေရမည်ဟု မဆိုလိုပေ။ လူမှုပတ်ဝန်းကျင်အတွက် ကျရာနေရာမှ အုပ်တစ်ချက်သဲတစ်ပွင့်ဖြစ်နေရန် တိုက်တွန်းလိုခြင်းဖြစ်သည်။

**တို့အိမ်ကလေးလှစေဖို့**

လူတိုင်းကပျော်ရွှင်ချမ်းသာ၍ တိုးတက်အောင်မြင်သောဘဝကိုဖန်တီးကာ ငြိမ်းအေးပျော်ရွှင်သောမိသားစုကို ပိုင်ဆိုင်ရယူလိုကြသည်။ အေးချမ်းသာယာလှပသော လူမှုပတ်ဝန်းကျင်တွင် ခိုဝင်လိုကြပြီး အဘက်ဘက်က ပြည့်စုံလှပနေသော နိုင်ငံတော်ကြီးတွင် ကျင်လည်လိုကြသည်။ သို့ရာတွင် မိမိ၏မိသားစုပျော်ရွှင်ချမ်းသာရန်အတွက် ကိုယ်တိုင်က ကျရာနေရာ၊ လိုအပ်သည့်ကွက်လပ်ကို ဖြည့်စွက်ပေးရမည်ကို မေ့လျော့နေပြီး မိမိ၏အိမ်တွင် အိမ်ထောင်ဦးစီးလုပ်သည့်ဖခင်ကို ဝင်ငွေမရှာဖွေနိုင်သဖြင့် အပြစ်တင်၊ ချက်ပြုတ်ကျွေးမွေးနေသည့်မိခင်ကို အကောင်းမပြော၊ မိသားစုတာဝန်ထမ်းဆောင်နေသည့် အစ်ကို၊ အစ်မများကိုကန့်လန့်တိုက်ချင် စသည့် စိတ်ဓာတ်များကိန်းအောင်းနေမည်ဆိုပါက ပျော်ရွှင်သောဘဝကို ရနိုင်မည်မဟုတ်ပေ။ ကိုယ်တိုင်က သန့်ရှင်းသာယာလှပသော နိုင်ငံတော်ကြီးတွင် နေချင်လှပါသည်ဟု ဆိုပါလျှင် အမှိုက်ကို တွေ့ရာတွင်ပစ်၊ ကွမ်းသွေးကို ကြုံသလိုထွေး၊ စည်းကမ်းဟူသမျှကို ရသလိုချိုးဖောက် စသည့်အပြုအမူများ ပြုလုပ်နေမည်ဆိုပါက နိုင်ငံကြီးသားပီသဖို့ပင်မဆိုထားနှင့် နိုင်ငံအတွက်ပင် ဝန်ထုပ်ဝန်ပိုးဖြစ်နေမှန်းမသိ ဖြစ်နေရမည်သာဖြစ်သည်။

"မကောင်းမင့်အိမ် ကောင်းမင့်အိမ်တည့်၊ မင့်အိမ်ရွှေစို အမိုးယိုသော်၊ မငြိုသင့်ပါ မင်းတကဖာပေါ့၊ အကာအခင်း ပျက်ယိုယွင်းသော်၊ မငြင်းစေချင် မင်းဆက်ပြင်ပေါ့၊ အခင်အနဲ့ အရွဲ့အစောင်း၊ မကောင်းမပြေ ဟောင်းထွေထွေကို၊ အချေနှင့်မျှ ဉာဏ်ဖြင့်ဆ၍၊ လုံ့လသက်သွင်း သစ်စေမင်း"ဟု ဆရာဇော်ဂျီက မင့်အိမ်ကဗျာတွင် မြန်မာပြည်သားများသို့ မိမိနိုင်ငံကိုတန်ဖိုးထား ချစ်မြတ်နိုး၍ နိုင်ငံတော်ကောင်းရာကောင်းကျိုးကို သယ်ပိုးသူများဖြစ်စေရေး အလေးအနက် တိုက်တွန်းရေးသားထားသည်။ အထူးသဖြင့် မျိုးဆက်သစ်လူငယ်များအနေနှင့် မိမိတို့၏လက်အတွင်းသို့ရောက်ရှိလာမည့် အနာဂတ်မြန်မာနိုင်ငံတော်ကြီး သာယာလှပစေရေးအတွက် မိမိတို့ကိုယ်တိုင်ပါဝင်ကပြသင့်သည့် ဇာတ်ကွက်များကို လှပစွာပါဝင်ကပြကြရန် တိုက်တွန်းလိုသည်။

**မကောင်းသတင်းများသတိထား**

မိသားစုတစ်စုတွင် စာတော်သော၊ လိမ္မာသော၊ ရိုးသားကြိုးစားသော သားသမီးတစ်ဦးရှိပါက ထိုမိသားစုသည်ဂုဏ်တက်ပြီး အရပ်ထဲတွင် မျက်နှာပွင့်လန်းရသည်။ ပခုံးထက်တွင် မိသားစုတာဝန်ကို တနင့်တပိုးထမ်းရွက်ထားရသည့် ဖခင်ဖြစ်သူအတွက် ဝင်ငွေရှာဖို့ အားဆေးတစ်ခွက် ဖြစ်ရသည်။ တစ်နေကုန် မီးဖိုဆောင်အတွင်းတွင် ထမင်းဟင်းချက်ပြုတ်နေရသည့် မိခင်ဖြစ်သူအတွက် အိုအေစစ်ကရသော ရေအေးအေးလေးတစ်ခွက်ကဲ့သို့ အေးမြစေသည်။ ထိုကဲ့သို့ သား၊ သမီးကောင်းထွန်းကား၍ စီးပွားလာဘ်လာဘပေါကြွယ်ဝသည့် မိသားစုကို အားကျအတုယူကြသည့် အိမ်နီးနားချင်းများရှိသကဲ့သို့ မနာလိုဝန်တိုသော စိတ်ထားဖြင့် တတ်သိလိမ္မာသောကလေးများကို "ဆေးလိပ်ပေး၊ ကွမ်းပေး၊ အရက်ပေး၊ မူးယစ်ဆေးပေး" စသည်ဖြင့် ပျက်စီးရာပျက်စီးကြောင်း အမှောင်လမ်းကြောင်းပေါ်သို့တင်ပေးမည့် အိမ်နီးချင်းများကလည်း ဒုနဲ့ဒေးရှိနေတတ်သည်။ မိဘအုပ်ထိန်းသူများက တားနေသည့်ကြားကပင် မကောင်းစိတ်ထားဖြင့် မြူဆွယ်သူများနောက် ကောက်ကောက်ပါသွားသဖြင့် ပျက်စီးသွားရသည့် သားကောင်းသမီးများကလည်း များစွာပင်။

နိုင်ငံတစ်နိုင်ငံတွင်လည်း နိုင်ငံတော်အကြီးအကဲပြုသူက မိမိနိုင်ငံဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်တွင် အချိုးကျကျလှပစွာ ကပြနိုင်ရေးကြိုးပမ်းနေစဉ်တွင် မိသားစုဝင်များကဲ့သို့ဖြစ်ကြသည့် နိုင်ငံသားများကလည်း ကျရာနေရာမှ ပါဝင်အားဖြည့်ပေးကြရန်လိုသည်။ နိုင်ငံအတွက် သေနတ်တစ်လက်၊ ကျောပိုးအိတ်တစ်လုံး၊ ရေဘူးတစ်ဘူးဖြင့် တောတောင်အနှံ့ခြေဆန့်ကာ အဖျက်ရန်သူဟူသမျှကို တိုက်ခိုက်ချေမှုန်းနေသည့် တပ်မတော်သားများကလည်း နိုင်ငံတော်၏ အဓိကမောင်းနှင်အားပင်။ လူသားတိုင်းက မိမိအသက်နှင့်ဘဝကို ပြည်သူအတွက်ပေးဆပ်ကာ တပ်မတော်သားဘဝကို ခံယူရန်မဖြစ်နိုင်ပေ။ မိမိမလုပ်နိုင်သည့် အလုပ်ကိုလုပ်သူများအတွက် နောက်ကွယ်မှနေ၍ စားနပ်ရိက္ခာအတွက် ဆန်စပါးစိုက်ပျိုးပေးသည့် တောင်သူဦးကြီးများသည်လည်း မိမိအိမ်မိုးယိုနေသည့် အပေါက်ကလေးများကို မိမိတွင်ရှိသည့် အရာကလေးဖြင့် ဖာထေးပြုပြင်ပေးနေသည့် မိသားစုဝင်ကောင်းတစ်ဦးနှင့် တူပေသည်။

**မိသားစုဝင်ကောင်းဖြစ်စေဖို့**

နိုင်ငံတော်အတွက် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်နေကြသည့်တပ်မတော်သားများ၏နောက်တွင် ကျရာနေရာက ပါဝင်အားဖြည့်ပေးနေကြသည့် နိုင်ငံ့ဝန်ထမ်းများ၊ ဆရာဝန်များ၊ အင်ဂျင်နီယာများ၊ စက်မှုလက်မှုအတတ်ပညာရှင်များ၊ အနုပညာရှင်များ စသည်ဖြင့် မိသားစုဝင်များ အားလုံးစည်းလုံးညီညွတ်စွာ ပါဝင်အားဖြည့်ပေးသွားမည်ဆိုပါက မိမိတို့နိုင်ငံ ကမ္ဘာ့အလယ်တွင် ယခုထက်ပို၍ အမည်ဂုဏ်သတင်း တိုးတက်လာမည်ဖြစ်သည်။ သို့ရာတွင် မသမာသူများ၏စကားကို ယုံစားမိ၍ မိမိနိုင်ငံအတွင်းရှိ စာသင်ကျောင်းများ၊ ဆေးရုံများကအစပြု၍ သာသနိကဆောက်အအုံများထိ ဖျက်ဆီးပစ်ကြရန် ရည်ရွယ်လုပ်ဆောင်နေသူများရှိနေမည်ဆိုပါက ရှေ့သို့ဦးတည်နေသော်လည်း လိုရာခရီးကို အချိန်တိုအတွင်းရောက်နိုင်ရန် မလွယ်ကူတော့ပေ။ မိသားစုအတွင်းတွင် လိမ္မာယဉ်ကျေးမှုမရှိသော၊ မိုက်သော၊ မိဘဆရာ ဆိုဆုံးမမှုကို လက်မခံသော၊ ထင်ရာစိုင်းတတ်သော သူတစ်ဦးရှိနေမည်ဆိုပါက ထိုမိသားစုသည် မည်မျှပင်ကြိုးစားစေကာမူ သာယာပျော်ရွှင်သော မိသားစုဘဝကို ရနိုင်မည်မဟုတ်ပေ။

ရေမြေသဘာဝလွန်စွာလှပပြီး သဘာဝသယံဇာတများက ထုတ်ယူသုံးစွဲ၍ မကုန်နိုင်အောင်ပင်များပြားလှသည့် မြန်မာနိုင်ငံကို အားကျအတုယူစရာနိုင်ငံအဖြစ် ရှုမြင်ကြပြီး တိုးတက်နိုင်သည့်နည်းလမ်းဟူသမျှကို ကူညီပြသပေးနေသူများရှိကြသည်။ အချို့နိုင်ငံများကလည်း ကမ္ဘာ့နိုင်ငံရေးနယ်ပယ်တွင်ထားရှိရမည့် ကျင့်ဝတ်များကိုပင် ချိုးဖောက်၍ မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံသားများ၊ အထူးသဖြင့် မျိုးဆက်သစ်လူငယ်များကို သွေးထိုးမြှောက်ပင့်ပေးကြသည်။

**နိုင်ငံ့သားကောင်း ပီသကြပါစေ**

မျိုးဆက်သစ်လူငယ်များအနေဖြင့် ခဏတာရလာသည့် လူ့ဘဝတွင်ကျင်လည်ခိုက် ကောင်းမှု၊ မကောင်းမှုများကို ခွဲခြားသိမြင်တတ်ပြီး မကောင်းမှုဟူသမျှကို မပြုလုပ်မိကြရန် တိုက်တွန်းလိုသည်။ အသက်ရှင်သန်စဉ်ကာလ လူ့ဘဝအတွက် ကောင်းကျိုးပြုနိုင်သည့် အလုပ်များကို တတ်နိုင်သမျှ ကြိုးစားလုပ်ဆောင်ကြရင်းဖြင့် နိုင်ငံ့သားကောင်းပီသကြဖို့လိုသည်။ လူငယ်ဆိုသည်မှာ သွက်လက်ဖျတ်လတ်ပြီး သန်စွမ်းကျန်းမာသော ခန္ဓာကိုယ်ကိုပိုင်ဆိုင်ထားသဖြင့် ထိုခွန်အားတို့ကို နိုင်ငံ့အင်အားအဖြစ် ပြောင်းလဲပစ်ဖို့လိုသည့်အခါတွင် ပြောင်းလဲပစ်နိုင်သည့် စိတ်ဓာတ်များရှိကြဖို့လိုသည်။ သားကောင်းတစ်ယောက် ကျောက်ကောင်းတစ်စေ့ ဆိုသကဲ့သို့ပင် လူမှုပတ်ဝန်းကျင်အတွက် အကျိုးပြုသော မျိုးဆက်သစ်လူငယ်များဖြစ်နိုင်ကြရေး ကြိုးစားကြဖို့လိုသည်။

မျိုးဆက်သစ်လူငယ်များအနေဖြင့် အနာဂတ်နိုင်ငံတော်ကို ဦးဆောင်ဦးရွက်ပြုကြရမည့် သူများဖြစ်သဖြင့် လူမှုပတ်ဝန်းကျင်အကျိုးကို သယ်ပိုး၍ နိုင်ငံ့သားကောင်းပီသသူများဖြစ်အောင်ကြိုးစားသင့်ပေသည်။ နိုင်ငံတော်အတွက်လိုအပ်သည့် ကွက်လပ်များကို ဖြည့်စွက်ရင်းဖြင့် လူသားတာဝန်ကျေပွန်ကြဖို့လိုသည်။ လက်ရှိနိုင်ငံတော်တွင် လိုအပ်နေသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်ထမ်းဆောင်နိုင်ရေး ပြည်သူ့စစ်မှုထမ်းသင်တန်းများတက်ရောက်ကာ လိုအပ်သည့်ပညာရပ်များကို သင်ကြားနေသည့် မျိုးဆက်သစ်လူငယ်များသည် မိမိတို့ရှင်သန်နေထိုင်ရာ လူမှုပတ်ဝန်းကျင်အတွက် လိုအပ်သည့်ကွက်လပ်ကို ဖြည့်စွက်ရင်းဖြင့် သမိုင်းမှတ်တမ်းကောင်းကိုရေးထိုးကာ နာမည်ကောင်းကျန်စေရေး ကြိုးစားနေကြသူများဖြစ်သည်။ သို့ဖြစ်ရာ မြန်မာမျိုးဆက်သစ်လူငယ်များအနေဖြင့် နိုင်ငံတော်အတွက်လိုအပ်သည့် ကွက်လပ်များကို ဖြည့်စွက်ပေးခြင်းဖြင့် အနာဂတ်ကာလကိုလှပအောင်ဖန်တီးကာ နာမည်ကောင်း မှတ်တမ်းရေးထိုးနိုင်ကြသူများဖြစ်ကြပါစေကြောင်း ရည်ရွယ်တင်ပြလိုက်ရပါသည်။

**ကိုးကား**

- နေ့စဉ်ထုတ်သတင်းစာများ။

# တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၃၉၉၃ ဧက စိုက်ပျိုးမည်


ယခင်နှစ်က ထောပတ်ပဲစိုက်ခင်းကိုတွေ့ရစဉ်။

**ရေဦး စက်တင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၃၉၉၃ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၃၉၉၃ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ တန့်ဆည်မြို့နယ်အတွင်း ထောပတ်ပဲဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ ထောပတ်ပဲကို ဆောင်းမှာပဲ စိုက်ပျိုးကြတာပါ။ ထောပတ်ပဲစိုက်ပျိုးမှုကတော့ အောင်မြင်ဖြစ်ထွန်းကြပါတယ်"ဟု ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် ထောပတ်ပဲစိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သီးနှံအထွက်နှုန်းတိုးတက်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးကြရေး၊ သီးနှံပိုးမွှားရောဂါကြိုတင်ကာကွယ်ရေး၊ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲရေး စသည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထောပတ်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ထောပတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# သာစည်မြို့နယ် ကန်သစ်ကျွတ်တီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် စက်တင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ကန်သစ်ကျေးရွာအုပ်စု ကန်သစ်ကျွတ်တီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကန်သစ်ကျွတ်တီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၄၅ ဒသမ ၆ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့်ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိမရှိ ကြည့်ရှုစစ်ဆေးပြီး သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်းနှင့်ပတ်သက်၍လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ကန်သစ်ကျွတ်တီးကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၅၁ ဦးကို ငွေကျပ် ၃၃ ဒသမ ၆ သန်းနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၁ ဦးကို ငွေကျပ် ၁၂ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၂ ဦးကို ရန်ပုံငွေကျပ် ၄၅ ဒသမ ၆ သန်း ထုတ်ချေးပေးထားကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း နံ့ကားစပါးတင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ပုတော စက်တင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း နံ့ကားစပါး တင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပုတောမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်ဦးက ပြောပြ၍ သိရသည်။

ပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း နံ့ကားစပါးတင်းရေ ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း နံ့ကားစပါးတင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါနံ့ကားစပါးသည် စားသုံးသူများ အကြိုက်များသည့် စပါးဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း ပုတောမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို နံ့ကားစပါးတင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ပုတောမြို့နယ်က လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ အဲဒီနံ့ကားစပါးက အကြမ်းအုပ်စုထဲမှာ ပါပါတယ်။ အကြမ်းဆိုပေမဲ့လဲ အခြေခံစားသုံးသူတွေ ပိုမိုကြိုက်နှစ်သက်ပြီး စားလို့ကောင်းတဲ့စပါးဖြစ်ပါတယ်။ နံ့ကားစပါးကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်"ဟု ပုတောမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်ဦးက ပြောပြသည်။



ပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် နံ့ကားစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၄၉၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါစပါးများအရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ဘားအံမြို့နယ် ကော့လှိုက်ကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းအဖွဲ့ ဖွဲ့စည်း

**ဘားအံ စက်တင်ဘာ ၁၈**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကော့လှိုက်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းကို စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်က ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ ကျေးရွာက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဘကြည်က စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဝင်များ ရွေးချယ်ရာတွင် လိုက်နာရမည့် အချက်များနှင့် ကော်မတီဝင်များ၏ တာဝန်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဘားအံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ကိုးဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**ဆက်လှ**

# လင်းခေးမြို့နယ် ဝမ်ဟတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**လင်းခေး စက်တင်ဘာ ၁၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်ဟတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုစုလင်း၊ လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သူနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဝမ်ဟတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

လင်းခေးမြို့နယ် ဝမ်ဟတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ် သိန်း ၃၀၀ ဖြင့် ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၇၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၇ ဒသမ ၈ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများလည်းပတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အေးသူ**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

á မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# ဘဝကို စီမံခန့်ခွဲခြင်း

ဆူးသစ်

ရန်ကုန်စက်မှုတက္ကသိုလ်(ယခု နည်းပညာတက္ကသိုလ်)တက်စဉ်က Management (စီမံခန့်ခွဲမှု) ဘာသာရပ်ကို Subject (ဘာသာရပ်) တစ်ခုအနေနှင့် သင်ရသည်။ အလုပ်ဝင်ခါနီးသောအခါ Management ကဘာလဲဟု အမေးခံရသည်။ ကျောင်းတုန်းက သင်ရသမျှနှင့် နားလည်သလို ချဲ့ဖြေခဲ့သည်။

သည်လိုနှင့် အလုပ်ခန့်သည့်ထဲပါသွား၏။ တကယ့်လက်တွေ့အလုပ်ထဲမှာလည်း တစ်ချိန်လုံး Management သာလုပ်နေခဲ့ရသည်။ အလုပ်ကပေးသော စာများလည်းထပ်ဖတ်ရ၏။ ထိုသို့ဖတ်ရင်းနှင့် Management တွင် တကယ်လိုအပ်သော အချက်တချို့ထပ်တွေ့ခဲ့ရသည်။ သိပ်များများစားစားတော့ မဟုတ်။ လေးချက်တည်းသာ။

၁။ Plan

၂။ Do

၃။ Check

၄။ Action

ဟုဆိုသည်။ တစ်ခုချင်းစီ ရှင်းပါမည်။

**၁။ Plan**

စီမံကိန်းလျာထားချက်ဟု ဆိုကြသည်။ မိမိလုပ်မည့်အလုပ်တစ်ခုကို ကြိုတင်စီစဉ်သည့်သဘောဟု အကြမ်းဖျင်းဆိုနိုင်သည်။ လုပ်ငန်းအကြီးအသေး ပေါ်မူတည်၏။ လုပ်ငန်းကြီးလျှင် ကြီးသလို၊ သေးလျှင် သေးသလို Plan အကြီး၊ အသေးကွာသွားတတ်သည်။

ကျွန်တော်တို့လုပ်ငန်းခွင်ထဲတွင်ဆွဲသော Plan မှာ အချိန်ကာလပါသည်။ ဘယ်သူတွေလုပ်မှာလဲပါသည်။ ဘယ်လိုလုပ်မှာလဲပါသည်။ လုပ်ငန်းအပေါ်မှာ မူတည်ပြီး ထည့်သင့်တာထည့်ရသည်။ အဓိက အချက်သည် ကျွန်တော်တို့လုပ်ရမည့် လုပ်ငန်းနှင့် အံကျဖြစ်ရန်လိုသည်။ အောင်မြင်စွာ ပြီးစီးရမည်ဟု ရည်မှန်းထားရသည်။

**၂။ Do**

လုပ်ပါဟု ဆိုလိုခြင်းပင်။ ဘယ်လိုလုပ်ရမလဲ ဆိုလျှင် Plan ထဲကအတိုင်းလုပ်ရန်ပင်။ သည်တော့ Plan သည်အဓိကအချက်ဖြစ်လာသည်။ Planထဲက အားလုံးကွက်တိကျရန်လိုသည်။ အချိန်တစ်ရက်ပို၍ မရ။ တစ်ရက်ပိုလျှင် ရလာမည့်ဆုံးရှုံးမှုကများသည်။ လုပ်အားခ၊ ကိုယ်ရမည့်ကုန်ပစ္စည်းဖိုးငွေ စသည်ဖြင့် တစ်ရက်ဆို၊ဆိုသလောက်ထိသွားသည်။ သည်တော့ Planထဲကအတိုင်းဖြစ်အောင်လုပ်ရန်လိုသည်။

**၃။ Check**

စစ်ဆေးပါဟုပြောသည်။ ဘာကိုစစ်ဆေးခိုင်းတာလဲဟုဆိုလျှင် Plan အတိုင်း မိမိလုပ်ထားသည်ကို စစ်ဆေးခိုင်းသည်ဟု ဆိုရမည်။ Plan အတိုင်းတော့လုပ်ထားသည်။ Plan အတိုင်း ကွက်တိပြီးသော်လည်း ရလာသည်က အရှုံးများလျှင် မကိုက်လှ။ အရှုံးများမများ၊ အမြတ်ကျန်မကျန် ပြန်စစ်ဆေးသင့်သည်။

**၄။ Action**

အရေးယူခြင်း၊ ပြုလုပ်ခြင်းဟု ဆိုသည်။ Plan အတိုင်းလုပ်ထားပြီး စစ်ဆေး၍တွေ့ရှိသမျှထဲက ချွတ်ယွင်းချက်များကို ပြန်လည်ပြုပြင်ခြင်းဟု နားလည်ရသည်။ ဘာမှားလဲ၊ ဘယ်မှာမှားလဲ၊ ဘာဖြစ်လို့မှားလဲ၊ ဘယ်လိုလုပ်မလဲ စသည်ဖြင့် Action ယူရသည်။ သို့မှသာ ရေရှည်မှာလုပ်ငန်းတိုးတက်သည်။

ထို့ကြောင့် ကျွန်တော်လုပ်ကိုင်ခဲ့သော လုပ်ငန်းခွင်တွင် Plan(P)၊ Do(D)၊ Check(C)၊ Action(A) ဆိုသည့် P၊D၊C၊A လေးချက်သည် တော်တော်အသုံးဝင်ခဲ့သည်။ လုပ်ငန်းခွင်တိုးတက်ကောင်းမွန်ရန် စီမံခန့်ခွဲရာ၌ P၊ D၊ C၊ A ဖြင့်သာ ကျွန်တော်တို့လုပ်ခဲ့သည်။ တကယ်လည်းအောင်မြင်ခဲ့သည်။

ကျွန်တော်သည် လူငယ်များအတွက် ဆောင်းပါးများစွာ ရေးနေသူဖြစ်ရာ ကျွန်တော်သိခဲ့သော P၊ D၊ C၊ A သည် လူငယ်များအတွက် အသုံးဝင်မည်ဟုထင်၍ ယခုလက်ဆောင်ပါးရခြင်းပင်။ ဘယ်လိုအသုံးဝင်ပါသနည်း။ ကျွန်တော်ရှင်းပြပါမည်။

ကျွန်တော်တို့ ဖြတ်သန်းနေရသောဘဝသည် ကုန်ထုတ်လုပ်မှု (Production) နှင့် တူပါသည်။ ကုန်ပစ္စည်းထွက်လာပြီး ငွေရစေရန်စီမံခန့်ခွဲရသကဲ့သို့ ဘဝမှာအောင်မြင်မှုရရန် ကိုယ့်ကိုယ်ကိုယ် စီမံခန့်ခွဲရန်လိုပါသည်။ ထိုသို့ စီမံခန့်ခွဲရာ၌ P၊ D၊ C၊ A ကို သုံးကြည့်စေချင်ပါသည်။

ကျွန်တော်တို့ဘဝမှာ ဘယ်အရွယ်တွင် ဘာဖြစ်ရမည်၊ ဘယ် Level (အဆင့်အတန်း) မှာ ရှိရမည်ဆိုပြီး ရည်မှန်းချက်ရှိခဲ့ကြမည်မဟုတ်ပါ။ တော်တော်များများကတော့ ကြုံသလိုရွှေ့လျားလိုက်ကြသည်။ ထိုသူများထက် ငါဘယ်အရွယ်မှာ ဘာဖြစ်ရမည်ဆိုပြီး သတ်မှတ်ချက်ထားသူများက ပိုမိုအောင်မြင်ပါသည်။ အမှန်မှာ ဘယ်အရွယ်တွင် ဘာဖြစ်ရမည်ဆိုပြီး သတ်မှတ်ချက်ထားသူများသည် ဘဝကို Plan ချလိုက်ခြင်းဖြစ်သည်။

> ❖ ကျွန်တော်တို့ ဖြတ်သန်းနေရသောဘဝသည် ကုန်ထုတ်လုပ်မှု (Production)နှင့် တူပါသည်။ ကုန်ပစ္စည်းထွက်လာပြီး ငွေရစေရန်စီမံခန့်ခွဲရသကဲ့သို့ ဘဝမှာအောင်မြင်မှုရရန် ကိုယ့်ကိုယ်ကိုယ် စီမံခန့်ခွဲရန်လိုပါသည်။ ထိုသို့စီမံခန့်ခွဲရာ၌ P၊ D၊ C၊ A ကိုသုံးကြည့်စေချင်ပါသည်။ ကျွန်တော်တို့ဘဝမှာ ဘယ်အရွယ်တွင် ဘာဖြစ်ရမည်၊ ဘယ် Level (အဆင့်အတန်း) မှာရှိရမည်ဆိုပြီး ရည်မှန်းချက်ရှိခဲ့ကြမည်မဟုတ်ပါ။ တော်တော်များများကတော့ ကြုံသလိုရွှေ့လျားလိုက်ကြသည်။ ထိုသူများထက် ငါဘယ်အရွယ်မှာ ဘာဖြစ်ရမည်ဆိုပြီး သတ်မှတ်ချက်ထားသူများက ပိုမိုအောင်မြင်ပါသည်။ ❖

သည်တော့ ကျွန်တော်တစ်ခုဆိုချင်ပါသည်။ အရွယ်ရောက်ပြီးသူ လူငယ်များ ဘဝကို သတ်သတ်မှတ်မှတ် Plan မချသေးလျှင် ချကြည့်ပါ။ Plan သည် အဝေးအနီးချ၍ ရပါသည်။ မိမိအသက်ဘယ်လောက်မှာ ဘာဖြစ်ရန်ဆိုပြီး အသက်အလိုက် ကာလရှည် Planနှင့် သည်တစ်နှစ်အတွင်း ဘာဖြစ်ရန်ဆိုပြီး ကာလတို Plan တို့ကိုချကြည့်နိုင်ပါသည်။

တစ်ခုသတိထားရမည်က ကာလတို Plan သည် မိမိလုပ်နိုင်မည့် Plan မျိုးဖြစ်ရန်လိုသည်။ တစ်နှစ်နှင့် မပြီးနိုင်သည့် Plan မျိုးဆွဲမိပါက တစ်ခါတည်းနှင့် ပက်လက်လန်သွားနိုင်ပါသည်။

Plan ပြီးလျှင်တော့ ထိုအတိုင်းလုပ်နိုင်ရန်လည်း လိုပါသည်။ ထို့ကြောင့် လုပ်နိုင်မည့်အတိုင်းအတာကိုချိန်ပြီး Plan ဆွဲသင့်ပါသည်။ ဥပမာ- တစ်နှစ်အတွင်း တိုက်အိမ်နှင့် နေနိုင်အောင် လုပ်မည်ဆိုလျှင် တစ်လသုံးလေးသိန်းဝင်သူမဖြစ်နိုင်ပါ။ သည်တော့ မိမိရရှိနိုင်သောဝင်ငွေ၊ မိမိလုပ်နိုင်သောလုပ်အားများ မှဆင့်ပွား၍ ခန့်မှန်းနိုင်သော အတိုင်းအတာတစ်ခုကိုသာ ထားရန်လိုပါသည်။

Plan အတိုင်းလုပ်ပြီး မိမိလုပ်ဆောင်ချက်များကို ပြန်စစ်ဆေးသင့်ပါသည်။ မိမိရည်ရွယ်ထားချိန်မှာ အောင်မြင်ပါသလား၊ မအောင်မြင်ခြင်းအကြောင်းရင်းကဘာလဲ၊ အောင်မြင်လျှင် ရှေ့ဆက်အောင်မြင်အောင် ဘယ်လိုထိန်းသိမ်းရမလဲ စသည်ဖြင့် Check လုပ်ပြီး မအောင်မြင်လျှင် မိမိလုပ်ခဲ့သမျှထဲက လွဲချော်မှုများကို ပြုပြင်ရန် Action ယူရပါမည်။

ပြင်သင့်တာပြင်၊ အားထည့်သင့်တာထည့်ပြီး နောက်နှစ် Plan တွင် ထိုအတိုင်းဆောင်ရွက်နိုင်ရန် လိုပါသည်။ အထူးသဖြင့် ကာလတိုမှာ တစ်နှစ်ချင်း အောင်မြင်လျှင် ကာလရှည် Plan မှာလည်း အောင်မြင်သွားမည်ဖြစ်ပြီး ကာလတိုမှာ မအောင်မြင်လျှင် ကာလရှည်မှာမအောင်မြင်ဟု သိရှိရန်လိုပါသည်။

တစ်ခုရှိသည်က အောင်မြင်လျှင် ကိစ္စမရှိသော်လည်း မအောင်မြင်လျှင် အချိန်ကာလတစ်ခုကို ဖြတ်ပြီးပြီဖြစ်၍ နောက်လှည့်ရန်လည်းမဖြစ်၊ တစ်ကစရန်လည်း အချိန်သိပ်မကျန်တတ်၍ နစ်နာတတ်ပါသည်။ ထို့ကြောင့် အကောင်းဆုံးက စလုပ်ကတည်းက အောင်မြင်အောင်လုပ်ရန်လိုပါသည်။

မိမိရောက်ရှိနေသောဘဝတွင် ရပ်တည်နေရသောအချိန်မှစ၍ အကောင်းဆုံးဖြစ်အောင် လုပ်သွားခြင်းဖြင့် အောင်မြင်သောလူသားများဖြစ်လာမည်မှာ မလွဲပေ။ ဘဝထဲကို ဖြတ်သန်းရာ၌ P၊ D၊ C၊ A သည် အောင်မြင်မှုသို့ရောက်ရှိအောင်တွန်းပို့ရာ၌ အထောက်အကူပြုမည့်စကားလုံးကလေးများဖြစ်သည်။

စမ်းတဝါးဝါးဖြင့် လုပ်နေရာမှP၊ D၊ C၊ Aဖြင့် မိမိလိုချင်သော အဆင့်တစ်ဆင့်ကို တက်လှမ်းနိုင်လိမ့်မည်ဟု ကျွန်တော်ယုံကြည်ပါသည်။ P၊ D၊ C၊ A သည် လူငယ်မှမဟုတ်၊ လူကြီးလည်း အသုံးဝင်သည်ဟု ကျွန်တော်ထင်ပါသည်။ ဘယ်အရွယ်ထိ စီးပွားရှာမည်၊ ဘယ်အရွယ်မှစ၍ တရားရှာမည် စသည်တို့မှာ Plan ပင်ဖြစ်ရာ ထို Plan အတိုင်း လုပ်နိုင်၊ မလုပ်နိုင် လူကြီးများလည်းချိန်ဆ၍ ရပါသည်။ ပြီးလျှင် လိုသလိုပြောင်းလဲယူနိုင်ပါသည်။

လူငယ်များမှာ မိမိ၏ပညာရေးကို ထိုမှတစ်ဆင့်တက်၍ စီးပွားရေး စသည်ဖြင့် ကဏ္ဍအသီးသီးတွင် အောင်မြင်ရန် Plan များချမှတ်ခြင်း၊ Plan အတိုင်း လုပ်ခြင်း၊ အောင်မြင်၊ မအောင်မြင် ဆန်းစစ်ခြင်း၊ ချွတ်ယွင်းချက်များပြုပြင်ခြင်းဖြင့် ဘဝ၏တစ်စိတ်တစ်ပိုင်း၊ ထိုမှတစ်ဆင့်တက်၍ ဘဝတစ်လျှောက် အောင်မြင်သောလမ်းပေါ်တွင် လျှောက်လှမ်းနိုင်သူများအဖြစ် ပေါ်ထွက်လာလိမ့်မည်ဟု ကျွန်တော် မျှော်လင့်မိပါသည်။

## ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၄၀၃၃ ဧက စိုက်ပျိုးမည်



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

ကျွန်းလှ စက်တင်ဘာ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၄၀၃၃ ဧကစိုက်ပျိုးမည်ဖြစ်ကြောင်း ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကျွန်းလှမြို့နယ်တွင် နှမ်း ၁၄၀၃၃ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်းလှမြို့နယ်အတွင်း ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နှမ်း ဧက ၁၀၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ်တိုးချဲ့စိုက်ပျိုးနိုင်တဲ့အနေအထားမှာရှိပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်"ဟု ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် ဆောင်းနှမ်းစိုက်ပျိုးမည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

GAPနည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။ (၂၀၆)

M L

# စနေနေ့ညကစားမဲ့ အမှတ်ပေးပွဲစဉ်တွေထဲက ရမှတ်လိုအပ်နေတဲ့ ဝုဗ်အသင်း၊ ဘိုလော့နာအသင်း၊ အလာဗက်အသင်းတို့ကို အားပေးရမှာပါ




လက်ရှိအမှတ်ပေးပြိုင်ပွဲတွေဟာ ပွဲစဉ်(၅)ထိရောက်လာတာကြောင့် ကလပ်အသင်းအများစုဟာ ကစားအားနဲ့နည်းစနစ်ပိုင်းအသားကျလာတာကို တွေ့ရမှာပါ။ ကြားရက်မှာတော့ ချန်ပီယံလိဂ်ပြိုင်ပွဲအုပ်စုအဖွင့်ပွဲစဉ်တွေရှိနေတာကြောင့် အသင်းကြီးအများစုက ကစားသမားတွေ ဒဏ်ရာရ၊ ပွဲပန်းမှုတွေရှိနေမှာကို သတိပြုရမှာပါ။ ဒါကြောင့် ဒီတစ်ပတ်ကစားမဲ့ ပွဲစဉ်တွေမှာ ဥရောပပြိုင်ပွဲကစားရမဲ့ အသင်းတွေကို ရှောင်ပြီး ကြားရက်မှာ အနားရထားတဲ့ အသင်းတွေကိုသာ ဦးစားပေးရွေးရမှာဖြစ်လို့ စနေနေ့ညကစားမဲ့ ပွဲစဉ်တွေထဲက ပွဲပန်းမှုမရှိဘဲ ရမှတ်လိုအပ်ချက်ရှိနေတဲ့ အိမ်ရှင်အသင်းတွေကိုပဲ အားပေးရမှာဖြစ်ပါတယ်။

## ဝုဗ်အသင်းကို ရွေးချယ်ရမှာပါ

ပရီးမီးယားလိဂ်ပွဲစဉ် (၅) မှာ အကြိုက်တွေ့တဲ့ ပွဲစဉ်ကတော့ ဝုဗ်အသင်းနဲ့ လိဒ်ယူနိုက်တက်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဝုဗ်အသင်းဟာ နွေရာသီမှာ အဓိကကစားသမားတွေဖြစ်တဲ့ ကန်ဟာ၊ အိတ်နူရီ၊ ဖေဘီယိုဆေးဗားတို့ကို ရောင်းချခဲ့တာကြောင့် ကစားကွက်ပိုင်းအားနည်းသွားတာကိုတွေ့ရမှာပါ။ ဒါကြောင့် သူတို့အသင်းဟာ ရာသီအစအဖွင့်ပွဲစဉ်တွေမှာ ရှုံးပွဲဆက်ခဲ့ပြီး ခံစစ်ကလဲပေးဂိုးများခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ ကွာရာဘောင်းဖလားပြိုင်ပွဲမှာ ဝက်စ်ဟမ်းအသင်းနိုင်ပွဲရပြီးနောက်ပိုင်း တိုက်စစ်ကစားပုံ တိုးတက်လာတာဖြစ်လို့ အဲဗာတန်နဲ့ ပွဲစဉ်မှာဆို တိုက်စစ်က နှစ်ဂိုးထိသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ ခံစစ်ကစားပုံက စိတ်ချလို့မရသေးတာကြောင့် ပေးဂိုးတွေများနေတာကိုပြောင်းလဲပစ်နိုင်မှသာ ရမှတ်ရှာဖွေနိုင်မှာဖြစ်ပါတယ်။ နည်းပြပါရဲရားကတော့ ၃-၄-၃ ကစားကွက်နဲ့ ပွဲထွက်နေပေမဲ့ ကွင်းလယ်ပိုင်းလိုအပ်ချက်နဲ့ ကစားပုံကြမ်းတမ်းမှုတွေ မလိုအပ်ဘဲ အနီကတ်ပြခံနေရတာကို ပြင်ဆင်လာမယ်ဆိုရင်တော့ လိဒ်အသင်းလို အဝေးကွင်းကစားပုံတည်ငြိမ်မှုမရှိတဲ့အသင်းကို ဖိအားပေးနိုင်မှာဖြစ်ပါတယ်။

လိဒ်ယူနိုက်တက်အသင်းဟာ အခုနှစ်မှ တန်းပြန်တက်လာပေမဲ့ ပရီးမီးယားလိဂ်အတွေ့အကြုံရှိတဲ့ လောင်းစတက်၊ ကယ်ဘက်လေဝင်၊ ဂျိမ်းဂျက်စတင်တို့ကို ခေါ်ယူနိုင်ခဲ့သလို အိုကာဖော်၊ ပါရီ၊ အန်တွန်တို့လို ကစားသမားကောင်းတွေလဲ ခေါ်ယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အဖွင့်ပွဲစဉ်မှာ အဲဗာတန်အသင်းကို ပွဲချိန်ပြည့်ဖိအားပေးနိုင်ခဲ့ပြီး နိုင်ပွဲရှာနိုင်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ပြီးခဲ့တဲ့အဝေးကွင်းပွဲစဉ်တွေမှာတော့ တိုက်စစ်ကစားပုံက သိသာစွာကျဆင်းခဲ့သလို ခံစစ်ပိုင်းကလဲ ပုံမှန်ခြေစွမ်းအောက်ကျရောက်ခဲ့တာကို ကြည့်ရင် အဝေးကွင်းဆိုးရွားနေတာကို သတိပြုရမှာပါ။ သူတို့နှစ်သင်းထိပ်တိုက်တွေ့ဆုံမှုမှာ ရှစ်ပွဲစီနိုင်၊ နှစ်ပွဲသရေကြောင့် သရေရလဒ်ထွက်ပေါ်နေပေမဲ့ အခုတွေ့ဆုံမှုမှာတော့ ဝုဗ်အသင်းက အိမ်ရှင်အားသာချက်နဲ့ရမှတ်လိုအပ်နေတာဖြစ်ပါတယ်။ ဒ့ါပြင် လိဒ်ယူနိုက်တက်အသင်းအဝေးကွင်းတိုက်စစ်ကလဲ ဂိုးရဖို့ရုန်းကန်နေရတာကြောင့် တိုက်စစ်ကစားပုံထက်မြက်လာတဲ့ အိမ်ရှင်ဝုဗ်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

### ဝုဗ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဝုဗ် | ၀ | - | ၄ | မန်စီးတီး |
| ဘုန်းမောက် | ၁ | - | ၀ | ဝုဗ် |
| ဝုဗ် | ၃ | - | ၂ | ဝက်စ်ဟမ်း |
| ဝုဗ် | ၂ | - | ၃ | အဲဗာတန် |
| နယူးကာဆယ် | ၁ | - | ၀ | ဝုဗ် |

### လိဒ်ယူနိုက်တက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| လိဒ်ယူနိုက်တက် | ၁ | - | ၀ | အဲဗာတန် |
| အာဆင်နယ် | ၅ | - | ၀ | လိဒ်ယူနိုက်တက် |
| ရှက်ဖီး(W) | ၁ | - | ၁ | လိဒ်ယူနိုက်တက် |
| လိဒ်ယူနိုက်တက် | ၀ | - | ၀ | နယူးကာဆယ် |
| ဖူလ်ဟမ် | ၁ | - | ၀ | လိဒ်ယူနိုက်တက် |

## ဘိုလော့နာအသင်းနဲ့လက်တွဲရမှာပါ

စီးရီးအေပွဲစဉ် (၄) မှာ အကြိုက်တွေ့တာကတော့ ဘိုလော့နာအသင်းနဲ့ဂျီနိုအာအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းပြီးခဲ့တဲ့ ရာသီတွေ့ဆုံမှုမှာတော့ ဂျီနိုအာကအသာရထားပေမဲ့ လက်ရှိမှာတော့ ဂျီနိုအာအနေနဲ့ အဓိကကစားသမားတွေကို ရောင်းချခဲ့တာကြောင့် ခြေစွမ်းပိုင်းကျဆင်းသွားတာကို တွေ့ရမှာပါ။ ဘိုလော့နာအသင်းကလဲ အန်ဒိုရီ၊ ဘူကီမာတို့လက်လွှတ်ခဲ့ပေမဲ့ အင်မိုဘိုင်း၊ ဘာနာဒက်ချီ၊ ဂျိုနသန်တို့လိုကစားသမားတွေ ပြန်လည်အားဖြည့်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ နည်းပြအီတာလီယာနိုလက်ထက်မှာ ခံစစ်ကစားပုံ တိုးတက်လာခဲ့တာကြောင့် အဖွင့်ပွဲမှာ ရိုးမားကို အဝေးကွင်းကနေ အကောင်းဆုံးထိန်းချုပ်ကစားသွားတာကို တွေ့ရမှာပါ။ နောက်ပိုင်းပွဲတွေမှာတော့ ခံစစ်ပိုင်းတည်ငြိမ်လာပေမဲ့ တိုက်စစ်မှာတော့ ဂိုးရဖို့ရုန်းကန်နေရတာကို သတိပြုရမှာပါ။ အခုပွဲမှာ တိုက်စစ်က ဝါရင့်ကစားသမား အင်မိုဘိုင်းပြန်ပါလာတာကြောင့် ဂိုးရဖို့လွယ်ကူသွားမှာသေချာပါတယ်။ နည်းပြအီတာလီယာနိုရဲ့ နည်းစနစ်ပိုင်းအခင်းအကျင်းကလဲ အသင်းလိုက်ကစားအားကောင်းတဲ့ အသင်းတွေတောင်ပွဲချိန်ပြည့်မထိန်းနိုင်တာကြောင့် အခုပွဲမှာလဲ ဂျီနိုအာလိုခြေစွမ်းပိုင်းကျဆင်းနေတဲ့အသင်းကို ဖိအားပေးနိုင်မှာ သေချာပါတယ်။

ဂျီနိုအာအသင်းက အခုရာသီမှာ ကစားသမားကောင်းတွေဖြည့်တင်းနိုင်ခြင်းမရှိဘဲ အသင်းက ကွင်းလယ်တိုက်စစ်ကစားသမား ဂုတ်မန်ဆန်နဲ့ ခံစစ်ကစားသမား ဒီဝင်တာတို့ကိုရောင်းချခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ နည်းပြသစ်ဗီအဲရာ လက်အောက်မှာ ခံစစ်ကစားပုံတိုးတက်လာခဲ့ပြီး အသင်းလိုက်ကစားအားကောင်းခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာတော့ အသင်းတိုက်စစ်မှာ အဆုံးအဖြတ်ဂိုးသွင်းယူနိုင်မဲ့ကစားသမားကောင်းတွေမရှိလို့ ဂိုးရဖို့ရုန်းကန်နေရပြီး နိုင်ပွဲပျောက်ဆုံးနေတာကို တွေ့ရမှာပါ။ နည်းပြဗီအဲရာကတော့ ၄-၂-၃-၁ ကစားကွက်နဲ့သာ ပုံမှန်ပွဲထွက်လေ့ရှိပြီး အမြင့်ဘောတွေကနေ ဂိုးရဖို့ကြိုးစားလေ့ရှိပေမဲ့ ဘိုလော့နာအသင်းခံစစ်က အမြင့်ဘောထိန်းချုပ်မှုကောင်းနေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ရာသီ အဝေးကွင်းပွဲစဉ်တွေမှာလဲ ဂျီနိုအာအသင်းက အိမ်ကွင်းခံစစ်ကောင်းတဲ့ အသင်းတွေနဲ့ဆို ဂိုးရဖို့ ရုန်းကန်နေရတာကိုကြည့်ရင် အခုပွဲမှာ အိမ်ရှင်အားသာချက်နဲ့ ဖိအားပေးကစားလာမဲ့ ဘိုလော့နာအသင်းနဲ့ လက်တွဲရမှာပါ။

### ဘိုလော့နာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘိုလော့နာ | ၃ | - | ၂ | လေဗာဒီယာကို့စ် |
| စတုဂတ် | ၀ | - | ၁ | ဘိုလော့နာ |
| ဘိုလော့နာ | ၂ | - | ၄ | ခရီတီ |
| ရိုးမား | ၁ | - | ၀ | ဘိုလော့နာ |
| ဘိုလော့နာ | ၁ | - | ၀ | ကိုမို |

### ဂျီနိုအာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဗီလာရီးရဲလ် | ၁ | - | ၃ | ဂျီနိုအာ |
| ရင်းနက် | ၂ | - | ၂ | ဂျီနိုအာ |
| ဂျီနိုအာ | ၃ | - | ၀ | ဗီစင်ဇာ |
| ဂျီနိုအာ | ၀ | - | ၀ | လက်ချီ |
| ဂျီနိုအာ | ၀ | - | ၁ | ဂျူဗင်တပ် |

## အလာဗက်အသင်း ရလဒ်ကောင်းမှာပါ

လာလီဂါပွဲစဉ် (၅) မှာ နောက်ထပ်အကြိုက်တွေ့မိတဲ့ ပွဲစဉ်ကတော့ အလာဗက်အသင်းနဲ့ ဆီဗီလာအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ အလာဗက်အသင်းဟာ ခြေစွမ်းပြကစားသမားကောင်းတွေ မရှိပေမဲ့ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီမှာ လာလီဂါကို ပြန်လည်တန်းတက်ပြီး နောက်ပိုင်းအိမ်ကွင်းတွေမှာ ရလဒ်ကောင်းရခဲ့တာကြောင့် အခုချိန်ထိ တန်းမဆင်းရတော့တာကို တွေ့ရမှာပါ။ ပြီးခဲ့တဲ့ ဘောလုံးရာသီမှာလဲ အိမ်ကွင်း ၁၉ ပွဲမှာ ခြောက်ပွဲနိုင်၊ ခြောက်ပွဲသရေ၊ ခုနစ်ပွဲရှုံးရလဒ်ထွက်ပေါ်ထားတာဖြစ်သလို အသင်းကြီးတွေနဲ့ပွဲစဉ်တွေသာ ရလဒ်ဆိုးရွားခဲ့တာဖြစ်ပါတယ်။ အခုရာသီ အဖွင့်ပွဲစဉ်အိမ်ကွင်းပွဲမှာ လီဗန်တေးကို အနိုင်ရခဲ့သလို အေတီကိုအသင်းကိုလဲ သရေကစားနိုင်ခဲ့တဲ့ခြေစွမ်းပိုင်းက အားရစရာကောင်းနေတာကို တွေ့ရမှာပါ။

ဆီဗီလာအသင်းဟာ နည်းပြအမ်မီရဒါကို ခန့်အပ်ခဲ့ပေမဲ့ ပြီးခဲ့တဲ့ ပွဲစဉ်တွေမှာ ပုံစံကောင်းပြန်ရဖို့ ရုန်းကနေရဆဲဖြစ်ပါတယ်။ သူတို့အသင်းဟာ အဖွင့်ပွဲမှာ ဘီလ်ဘာအို၊ ဂီတာဖေးတို့ကို ရှုံးခဲ့ပေမဲ့ ခြေစွမ်းပိုင်းကျဆင်းနေတဲ့ ဂျီရိုနာကို အနိုင်ရခဲ့တာ တွေ့ရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ ပွဲစဉ်မှာတော့ အယ်ချီအသင်းကို အိမ်ကွင်းမှာ ဧည့်ခံကစားရပေမဲ့ အပြန်အလှန်ဖိအားပေးမှုတွေကို ရင်ဆိုင်ခဲ့ရပြီး နောက်ကျသွင်းဂိုးကြောင့်သာ နှစ်ဂိုးစီနဲ့ သရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲမှာ သူတို့အသင်းရဲ့ တိုက်စစ်ကစားပုံ ကောင်းပေမဲ့ ခံစစ်ကတော့ အသင်းငယ်တွေကိုတောင် ဂိုးပေးနေရတာကို သတိပြုရမှာပါ။ လက်ရှိလေးပွဲကစားအပြီးမှာ သူတို့အသင်းခံစစ်က ပေးဂိုး ခုနစ်ဂိုးထိရှိခဲ့ပြီး နှစ်ပွဲရှုံး၊ တစ်ပွဲသရေ၊ တစ်ပွဲသာအနိုင်ရခဲ့တာဖြစ်ပါတယ်။ ဆီဗီလာအသင်းဟာ ၂၀၂၂-၂၀၂၃ ဘောလုံးရာသီမှာ ယူရိုပါလိဂ်ဆုဖလားရယူခဲ့ပြီးနောက်ပိုင်း အဓိကကစားသမားတွေကို ဆက်လက်ထိန်းသိမ်းနိုင်ခြင်းမရှိတာကြောင့် နောက်ပိုင်းမှာ ဥရောပဝင်ခွင့်ရဖို့ရုန်းကန်ခဲ့ရပြီး တန်းဆင်းဇုန်ဖိအားအောက်အမြဲရောက်နေတာကို တွေ့ရမှာပါ။ လက်ရှိမှာလဲ အရင်က ဆီဗီလာအသင်းခြေစွမ်းမျိုးမဟုတ်သေးဘဲ အသင်းငယ်တွေကိုတောင် အကြိတ်အနယ်ယှဉ်ပြိုင်နေရတဲ့ အခြေအနေကြောင့် အိမ်ကွင်းကစားပုံထက်မြက်တဲ့ အလာဗက်တိုက်စစ်ကို ဟန့်တားနိုင်မှာမဟုတ်လို့ အလာဗက်အသင်းပဲ ရလဒ်ကောင်းမှာပါ။

### အလာဗက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အလာဗက် | ၀ | - | ၁ | ဂျီရိုနာ |
| အလာဗက် | ၂ | - | ၁ | လီဗန်တေး |
| ဘက်တစ် | ၁ | - | ၀ | အလာဗက် |
| အလာဗက် | ၁ | - | ၁ | အေတီကို |
| ဘီလ်ဘာအို | ၀ | - | ၁ | အလာဗက် |

### ဆီဗီလာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| တူးလော့ | ၁ | - | ၁ | ဆီဗီလာ |
| ဘီလ်ဘာအို | ၃ | - | ၂ | ဆီဗီလာ |
| ဆီဗီလာ | ၁ | - | ၂ | ဂီတာဖေး |
| ဂျီရိုနာ | ၀ | - | ၂ | ဆီဗီလာ |
| ဆီဗီလာ | ၂ | - | ၂ | အယ်ချီ |

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၂၈၅ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ငရုတ်စိုက်ခင်းကို တွေ့ရစဉ်။

**ပွင့်ဖြူ စက်တင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၂၈၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ငရုတ် ၁၂၈၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ငရုတ် ၁၂၈၅ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ သတ်မှတ်စိုက်ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တောင်သူတွေကိုလဲ ငရုတ်စိုက်ပျိုးတာနဲ့ပတ်သက်ပြီး စိုက်ကေတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းဖို့ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့၊ GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်ဖို့ နည်းပညာပေးတာတွေ ဆောင်ရွက်ပေးသွားမှာပါ။ ဒ့ါပြင် ငရုတ်ကို ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးနိုင်ဖို့အတွက် အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ်၌ ငရုတ်အပါအဝင် စားဖိုဆောင်သီးနှံစိုက်ပျိုးမည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက အရည်အသွေးပြည့်ဝသော သီးနှံများထွက်ရှိရေး၊ အထွက်နှုန်းတိုးတက်စေရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ စိုက်ခင်းများမှ ထွက်ရှိလာသည့်သီးနှံများ ကျန်းမာရေးနှင့်ညီညွတ်မှုရှိစေရေး နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ငရုတ်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ငရုတ်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ဇီးကုန်းမြို့နယ် ကန္တလီကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းနေမှု စစ်ဆေး

**ဇီးကုန်း စက်တင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကန္တလီကျေးရွာ၌ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။


ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငွေလွင်စိုး၊ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးနွယ်နှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကန္တလီကျေးရွာ၌ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ် ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ မြေနီကျောက်စရစ်လမ်းကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ကန္တလီကျေးရွာ၌ လမ်းအရှည် ပေ ၂၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁ ဒသမ ၄၉ သန်းအသုံးပြု၍ ဇီးကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာကူညီမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် သြဂုတ်လ တတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကန္တလီကျေးရွာရှိ ကျေးလက်နေပြည်သူများ သွားလာရေးလွယ်ကူစေမည်ဖြစ်ကြောင်း သိရသည်။

**ကိုညို**














## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ တရုတ်စုအလက(ခွဲ)၊ Grade-9 တွင် ပညာသင်ကြားနေသော ဦးဗျက်ဗဲလ်၏သမီး မလာပ်အဲင်းကိမ်၏အမည်မှန်မှာ မလာလ်အဲန်ကိမ်းဖြစ်ကြောင်းနှင့် မွေးသက္ကရာဇ်အမှန်မှာ ၁၇-၆-၂၀၀၉ ဖြစ်ပါကြောင်း။ **မလာလ်အဲန်ကိမ်း၊ ၁၇-၆-၂၀၀၉**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ညှော့ပြအထက(ခွဲ)၊ Grade-12 တွင် ပညာသင်ကြားနေသော မောင်သက်နိုင်စိုး၏ဖခင်မှာ ဦးမောင်ဦးနှင့် ဦးမောင်မောင်ဦးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမောင်ဦးနှင့် ဦးမောင်မောင်ဦး(၉/စကတ(နိုင်)၀၆၆၇၆၂)**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦးပရပဟိတဘုန်းတော်ကြီးသင် ပညာရေးအထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မောင်ဝေယံဖြိုး၏ဖခင်အမည်မှန်မှာ ဦးအိုင်းဆန်းဖြစ်ပါကြောင်း။ **ဦးအိုင်းဆန်း(၁၃/လရန(နိုင်)၁၅၄၁၆၉)**

## မိခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း (အားကသိပ္ပ)၊ Grade-12 တွင် ပညာသင်ကြားနေသော မောင်သက်နောင်ဇော်၏မိခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဒေါ်မာမာဝင်းဖြစ်ပါကြောင်း။

**ဒေါ်မာမာဝင်း(၉/အမရ(နိုင်)၁၁၂၉၆၁)**

## ပျောက်ဆုံးကြောင်း

အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်နေ ကြည်စင်သန့် (ဘ) ဦးအာကာမင်း(၉/အမဇ(နိုင်)၀၉၆၀၈၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-788791114**

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁)တိုးချဲ့၊ အကွက်အမှတ် F(၁၈) ပေါ်ရှိ မြေကွက်ပေါ်တွင် ဦးဇော်မင်းဦး(၉/မခန(နိုင်)၁၅၉၅၆၅)ကိုင်ဆောင်သူမှ အလျား ၃၂'-၀"၊ အနံ ၃၀'-၀" ရှိ RC (၁)ထပ်အဆောက်အဦးအား ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦးနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများ ယူဆောင်လာ၍ မြင်းခြံမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့ရုံး၏တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁၃)ရပ်ကွက်၊ အကွက်အမှတ်(၂၅)၊ ဦးပိုင်အမှတ်(၈၇/၅)ရှိ မြေကွက်ပေါ်တွင် ဦးကံစိန်၊ ဦးသိန်းစိုးအေး O 11136 ကိုင်ဆောင်သူမှ အလျား ၁၆'-၀"၊ အနံ ၂၄'-၀" ရှိ ဝါးထရံကာ (၂)ထပ်အား ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦးနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများ ယူဆောင်လာ၍ မြင်းခြံမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့ရုံး၏တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁)တိုးချဲ့၊ အကွက်အမှတ်(F–129) ရှိမြေကွက်ပေါ်တွင် ဒေါ်သက်မာဦး(၉/မခန(နိုင်)၀၀၀၅၃၄)ကိုင်ဆောင်သူမှ အလျား ၂၈'-၀"၊ အနံ ၄၂'-၀" RC (၂) ထပ်အဆောက်အဦးဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦးနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများ ယူဆောင်လာ၍ မြင်းခြံမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့ရုံး၏တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁၈)ရပ်ကွက်၊ အကွက်အမှတ်(၂၃၃/က)ဦးပိုင်အမှတ်(၂၉၁)ရှိ မြေကွက်ပေါ်တွင် ဦးကျော်ထွန်းဦး(၉/မခန(နိုင်)၁၂၅၂၃၁)ကိုင်ဆောင်သူမှ အလျား ၂၀'-၀"၊ အနံ ၄၃'-၀" RC (၁)ထပ်အဆောက်အဦးဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦးနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့ရုံး၏ တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ မြို့မအခြေခံပညာအထက်တန်းကျောင်း၊ Grade–12 တွင် ပညာသင်ကြားနေသော (ဘ) ဦးမျိုးမြင့်လင်း၏သမီး မစုမွန်အောင်အား မဆုမွန်အောင်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မဆုမွန်အောင်**

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ (၅၀၇) ရပ်ကွက်တွင် နေထိုင်သော (ဘ) ဦးဝင်နိုင်၏သား မောင်ပွားပွားအား မောင်နေသူရိန်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်နေသူရိန်**

**အိမ်ပြင်ပဥ္စထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ**

❖ ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သဖြင့် နည်းပညာကို အသုံးပြု၍ အင်တာနက် စာမျက်နှာများနှင့် စာအုပ်စာပေများမှ မိမိတို့ဘဝတိုးတက်ရေးအတွက် လိုအပ်သည့် အချက်အလက်များနှင့် ဗဟုသုတများကို ရှာဖွေလေ့လာဆောင်ရွက်မည်ဆိုပါက တစ်ဦးချင်း၏ စွမ်းရည်များသည်လည်း တိုးတက်လာမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင်ပြုလုပ်သော တောင်ညိုတပ်နယ်ရှိ နယ်မြေခံလေ့ကျင့်ရေးသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေးသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## ထားဝယ်မြို့တော်ခန်းမဖွင့်ပွဲသို့ တက်ရောက်ချီးမြှင့်၊ ထားဝယ်မြို့နယ်အတွင်းမှ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူတစ်ဦးကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထားဝယ်မြို့ မြို့တော်ခန်းမအဆောက်အအုံသစ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။


**နေပြည်တော် စက်တင်ဘာ ၁၈**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမအဆောက်အအုံသစ် ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ လိုက်ပါ၍ ထားဝယ်မြို့ မြို့တော်ခန်းမအဆောက်အအုံသစ်

**စာမျက်နှာ ၁၉ ကော်လံ ၁** ☆

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်လ်၏ စက်တင်ဘာ ၁၈ ရက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန်ကို အခြေခံတွက်ထုတ်ထားသည့် စက်တင်ဘာ၂၁ ရက်မှ ၂၂ ရက်ထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




## မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် စက်တင်ဘာ ၂၁ ရက်မှ ၂၆ ရက်အတွင်း ဒေသအလိုက် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၁၈**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေထုမငြိမ်မသက်မှုများဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း စက်တင်ဘာ ၂၁ ရက်မှ ၂၆ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊

**စာမျက်နှာ ၂၁ ကော်လံ ၁** ❑

ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရွှေမန်းသူ
အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း
ပါရမီလက်မှတ်အရောင်းဌာန
ရွှေမန်းသူ ၀၉၂၅၄၇၈၁၀၆၀၊ ၀၉၂၆၁၄၀၀၈၄၄
ရွှေမြိုင်သူ ၀၉၂၆၁၄၀၀၈၅၅
ရှမ်းမလေး ရန်ကုန်မြို့တွင်း
G & G Store ဆိုင်များ
ငုသဒ်သူ Online
Easy Ticket, Go - Auto Ticket
ရန်ကုန် — နေပြည်တော်
တောင်ကြီး
မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်
ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ
ပုဂံ (ညောင်ဦး) - ပခုက္ကူ
မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ
မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ကမီ
တောင်ငူ - ဆွာ - ရေနီ
ပုသိမ်

